# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၈၈)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စစ်ဆေး



နေပြည်တော် ဇူလိုင် ၁၄

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆို၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးတင်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတသည် စက်ရုံအရှေ့၌ ပြသထားသည့် ၂၀၁၄-၂၀၁၅ ခုနှစ်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း စက်များအလုံးစုံ ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ စက်ရုံအတွင်း စက်များမောင်းနှင်မှု၊ ဓာတ်အားပို့လွှတ်မှု၊ ဓာတ်အားထိန်းချုပ်ခန်း၊ စက်ရုံ Switch Yard နှင့် ရေတံခွန်အား လိုက်လံကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် စက်ရုံဧည့်ရိပ်သာခန်းမ၌ ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံ အမှတ်(၁)၊ (၂)၊ (၃) တည်ဆောက်ခဲ့မှု သမိုင်းကြောင်းများ၊ ပြန်လည်ပြုပြင်မွမ်းမံခဲ့မှုများနှင့် စက်ရုံဆိုင်ရာအချက်အလက် ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✽


**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များ ဘီလူးချောင်း အမှတ်(၂) စက်ရုံ ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစဉ်။**

သတင်းစဉ်

**❝ ဘီလူးချောင်း အမှတ်(၂) စက်ရုံကို လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ ဘီလူးချောင်း၏ လက်ယာဘက်ကမ်း၌ ၁၉၅၄ ခုနှစ်တွင် ပထမအဆင့် စက်သုံးလုံးစတင် တည်ဆောက်ခဲ့ပြီး ၁၉၆၀ ခုနှစ်တွင် ၈၄ မဂ္ဂါဝပ် ဓာတ်အား စတင်ထုတ်လုပ် ဖြန့်ဖြူးပေးခဲ့ ❞**




KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ပြည်သူလူထု၏ ထောက်ခံမှုဖြင့်သာ...

လွတ်လပ်ရေးရခါနီးမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရခြင်းသည် မြန်မာနိုင်ငံအတွက် အဆိုးရွားဆုံးကံကြမ္မာအလှည့်အပြောင်းဟု ဆိုရပါမည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော ထက်မြက်သည့်၊ ဖြူစင်ရိုးသားသည့်၊ ဂုဏ်သိက္ခာကြီးသည့် ခေါင်းဆောင်တစ်ဦးကို သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ မိုင်းပွန်စော်ဘွားကြီး၊ မန်းဘခိုင်၊ ဦးရာဇတ်တို့လို နိုင်ငံအနာဂတ်အတွက် အားကိုးရမည့် ထိပ်တန်းခေါင်းဆောင်များနှင့်အတူ တစ်ပြိုင်နက် ဆုံးရှုံးရသည့်အတွက် ဖြစ်ပါသည်။

ဗိုလ်ချုပ်လိုခေါင်းဆောင်တစ်ဦး ဆုံးရှုံးရသည့်အတွက် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်ရေးကို အမြင့်မားဆုံးဦးဆောင်နိုင်သည့်သူတစ်ဦးအား နိုင်ငံက ဆုံးရှုံးရခြင်း ဖြစ်ပါသည်။ ထိုစဉ်ကာလက အရေးပါသော လက်ဝဲသမားများ၏ ညီညွတ်ရေး၊ ဝဲယာ မဟူသော နိုင်ငံရေးသမားများ သင့်မြတ်ညီညွတ်ရေး၊ တိုင်းရင်းသားများနှင့် စည်းလုံးနိုင်ရေး အစရှိသည်တို့အတွက် အားလုံးက အယုံကြည်နိုင်ဆုံးသော ခေါင်းဆောင်တစ်ဦးကို ဆုံးရှုံးရခြင်း ဖြစ်ပါသည်။

သည်ခေါင်းဆောင်ကို ဆုံးရှုံးရသည့်အတွက် တပ်မတော်က နိုင်ငံရေးတွင် ဝင်ရောက်အာဏာသိမ်းသည့် အခြေအနေအထိ ကျရောက်ကာ ဒီမိုကရေစီစနစ် ပျက်သုဉ်းခဲ့ရခြင်း ဖြစ်ပါသည်။

ယင်းသို့သော နိုင်ငံ၏ ကြမ္မာဆိုးကို ဖြစ်ပွားစေခဲ့သည်မှာ နိုင်ငံရေးအာဏာကို ဖြတ်လမ်းနည်းဖြင့် ရယူလျှင် ရကောင်း၏ဟူသော လက်နက်အားကိုးကာ မင်းကိုသတ်လျှင် မင်းဖြစ်ရနိုးနိုးဟူသည့် အကြမ်းဖက်သတ်ဖြတ်ရေး စိတ်ထားနိမ့်ကျသေးသိမ်မှုက အစပြုသည်ဟု ဆိုချင်ပါသည်။

လောဘဇောဖြင့် နိုင်ငံရေးအာဏာရယူလိုခြင်းကပင် ကြမ်းတမ်းရိုင်းပျမှုတို့က ရှေ့တန်းရောက်နေသည့် သဘောထားပါပင်။ နိုင်ငံရေးအာဏာဟူသည် ပြည်သူလူထု၏ ထောက်ခံမှုဖြင့်သာရယူရမည်ဟူသော အခြေခံနိုင်ငံရေးယဉ်ကျေးမှုကို မမြင်နိုင်လောက်အောင် ဖုံးလွှမ်းထားသည့် အာဏာလောဘ မျက်မှန်အမည်းတပ်ထားခြင်းက ယနေ့ထက်တိုင် ပြည်သူလူထုတို့ ခံစားနေရသော ဒုက္ခအပေါင်းတို့၏ ပင်မအကြောင်းရင်း ဖြစ်ပါသည်။

တိုင်းပြည်အတွက်၊ နိုင်ငံအတွက် နိုင်ငံရေးလုပ်ကြရာတွင် နိုင်ငံရေးအာဏာလိုအပ်ပါသည်။ နိုင်ငံရေးလုပ်သူတို့အဖို့ နိုင်ငံရေးအာဏာကို မျှော်မှန်းဆောင်ရွက်ကြသည်ဆိုသည်မှာလည်း သဘာဝကျပါသည်။ သို့သော်လည်း ယင်းအာဏာကို မည်သို့မည်ပုံ ရယူမည်လဲဆိုသည်ကမူ အာဏာရရှိသည်ဆိုခြင်းထက် ပိုမိုအရေးကြီးပါသည်။

မည်မျှပင် နိုင်ငံအကျိုးအတွက် စေတနာကောင်းရှိသည်ဖြစ်စေ၊ ပြည်သူလူထုအတွက် ကောင်းစေလိုသော စိတ်ကောင်းရှိသည် ဖြစ်စေ ပြည်သူလူထု၏ ထောက်ခံမှုမရဘဲ ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပါ။ ထို့အတူ ပြည်သူလူထု၏ သဘောမပါဘဲ နိုင်ငံရေးအာဏာရယူဖို့ ကြိုးစားဖို့ မဆိုထားနှင့်၊ တွေးတောစဉ်းစားရန်ပင် မသင့်ပါ။

ယခုမူ အာဏာလောဘဇောက အရှုံးအမူးဖြစ်၊ အာဃာတကလည်းကြီး၊ နိုင်ငံရေးဝါ အနုအရင့်ပေါ်မူတည်ပြီး ပြည်သူမေတ္တာ ရရှိနေသော လူငယ်တစ်ယောက်၏ ခေါင်းဆောင်မှုအပေါ် မနာလို စိတ်ကလည်းကြီးပုံရသည်။

မလိုသူတို့ကို ရှင်းပစ်လိုက်သည်နှင့် မိမိတို့အာဏာရရှိလိမ့်မည်ဟူသော သိမ်ဖျင်းကြမ်းတမ်းလှသော အတွေးအမြင်တို့က နိုင်ငံတစ်ခု၏ အနာဂတ်ကိုပါ လုပ်ကြံလိုက်ခြင်းပါပဲ။

အာဏာရယူရေးဆိုလျှင် ပြည်သူလူထုအများစု၏ ထောက်ခံရွေးချယ်မှုကလွဲလျှင် အခြားနည်းမရှိ။ တခြားသောနည်းလမ်းတစ်ခုခုဖြင့် ရယူဖို့ မတွေးထိုက်သော သီလတစ်ခုဖြစ်ပါသည်။

အချုပ်အခြာအာဏာကို ပြည်သူလူထုကသာပိုင်သည်။ မြန်မာနိုင်ငံ၏ အရေးကိစ္စမှန်သမျှကို မြန်မာပြည်သူတို့ကသာ ဆုံးဖြတ်ခွင့်ရှိရေး၊ အာဏာကို ပြည်သူထောက်ခံရွေးချယ်သည့် နည်းလမ်းကလွဲ၍ မည်သို့သော အကြမ်းဖက်ရယူခြင်းဖြစ်စေ မြန်မာနိုင်ငံတွင် မပေါ်ပေါက်စေရေးတို့ကို ကြိုးပမ်းအားထုတ်သွားကြမည်ဟု အဓိဋ္ဌာန်ပြုကြပါစို့။ ။

မြန်မာနိုင်ငံကြက်ခြေနီအသင်း
(၈၂)ကြိမ်မြောက်
ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး
၂၀၁၉ခုနှစ်၊ ဇူလိုင်(၂၄)ရက်မှ (၂၅)ရက်အထိ စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

## ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

**ပျဉ်းမနား ဇူလိုင် ၁၄**

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၁၂ ရက်က ပျဉ်းမနားမြို့ရှိ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ရွှေဇင်နွယ်က ရာသီတုပ်ကွေးအကြောင်းကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ လှိုင်လှိုင်ဌေးက ဆယ်ကျော်သက်နှင့် လူငယ်လူရွယ်အကြောင်းကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်စံပယ်အေးက သွားနှင့် ခံတွင်းအကြောင်းကိုလည်းကောင်း၊ ခုခံကျကာလသားအဖွဲ့ခေါင်းဆောင် ဒေါက်တာ မျိုးမင်းဦးက မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေးအကြောင်းကိုလည်း ကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ပညာပန်းတိုင်တည်ထောင်သူ ဆရာ ဦးကောင်းထက်အောင်က နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ လှိုင်လှိုင်ဌေးက လက်ခံခဲ့သည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီ၏ (၉၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ပုဂံ ဇူလိုင် ၁၄**

ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန် သီရိပစ္စယာရပ်ကွက်ရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သော လောကနန္ဒာစွယ်တော်မြတ်စေတီကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဝါဆိုလဆုတ် ၁၄ ရက်မှ ဝါခေါင်လပြည့်ကျော် ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ လောကနန္ဒာစွယ်တော်မြတ်စေတီ ဗုဒ္ဓပူဇနီယပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စွယ်တော်မြတ်စေတီ တနလ်ာ ထောင့်ရှိ ဣစ္ဆာသရမ္ဗော်ရုံ၌ ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့ရာ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ စွယ်တော်မြတ်စေတီ ဂေါပကဉက္ကဋ္ဌနှင့် အဖွဲ့များတက်ရောက်ကြပြီး နာယကဆရာတော်ကြီးများထံမှ သြဝါဒခံယူကြသည်။

လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် တစ်နှစ်တစ်ကြိမ်ကျင်းပခြင်းအားဖြင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများ၏ စွယ်တော်ဘုရားကြီးကို ဦးခိုက်ကြည်ညိုသဒ္ဓါပွားများစေရန် ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပွားများခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ဓမ္မပူဇာတရားများနာယူခြင်း၊ ဆွမ်းသပိတ်လုံးများလောင်းလှူခြင်း၊ ငွေပဒေသာစိုက်ထူခြင်း၊ မြန်မာ့ရိုးရာလှေပွဲများဖြင့် ပူဇော်ခြင်း၊ လှေပြိုင်ပွဲများ ကျင်းပခြင်းနှင့် အခြားပျော်ပွဲရွှင်ပွဲများဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာလှေပြိုင်ပွဲများကို ဒုတိယအကြိမ်မြောက် ထည့်သွင်းကျင်းပပေးခြင်းဖြစ်ကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီဂေါပကဉက္ကဋ္ဌ ဦးသန်းကျော်က ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## စားရိပ်သာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

စားရိပ်သာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း (၁/၂၀၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက်က အားကစားလေ့ကျင့်ရေးစခန်း Multi-Purpose Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က စားရိပ်သာတွင် တာဝန်ယူထားသော ဝန်ထမ်းများအနေဖြင့် အားကစားသမားအားလုံးကို မိမိ၏ ရင်ဝယ်ပိုက်သား သမီးများကဲ့သို့ သဘောထားပြီး အရာရာကို ဂရုစိုက်ပေးစေချင်ကြောင်း၊ အရာရာကို နားလည်အောင် လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်နှစ်ဦးအား သင်တန်းသားများ ကိုယ်စား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း (၁/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် သင်တန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးရဲလွင်က သင်တန်းနှင့် ပတ်သက်သည့် ကိစ္စများကို ရှင်းလင်းတင်ပြခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က သင်တန်းတွင် ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ မောင်အောင်မြတ်ကိုကို၊ ဒုတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ မမို့မို့စိမ်းကိုကိုနှင့် တတိယဆုရရှိသော အားကစားနှင့် ပညာရေး ပေါင်းစပ်ဌာနခွဲမှ မအိသဲခိုင်တို့ကို ဆုများ ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းနည်းပြများကို အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးအကြောင်းကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- အလံအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း / ဘူးအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး

### ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်သည့် မိဘပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြော်ငြာခြင်း



### သတိပေး နှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ် ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



# အာဇာနည်စိတ်မျိုး မွေးမြူအပ်

**မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင် စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

✿ *ရှေ့ဖုံးမှ*

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဘီလူးချောင်း အမှတ်(၂) စက်ရုံရိပ်သာရှေ့ရှုရပ်မှ ဘီလူးချောင်း အမှတ်(၂) စက်ရုံ၏ ရေလှောင်ထိန်းစည်၊ ရေသွယ်ပိုက်လိုင်း၊ ဓာတ်အားပို့လွှတ်ရေး လိုင်းများကို ကြည့်ရှုသည်။

**ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့**

ဘီလူးချောင်း အမှတ်(၂) စက်ရုံကို လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ ဘီလူးချောင်း၏ လက်ယာဘက်ကမ်း၌ ၁၉၅၄ ခုနှစ်တွင် ပထမအဆင့် စက်သုံးလုံး စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၀ ခုနှစ်တွင် ၈၄ မဂ္ဂါဝပ် ဓာတ်အားစတင်ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ ထို့နောက် ၁၉၇၀ ခုနှစ်တွင် ဒုတိယအဆင့် ၂၈ မဂ္ဂါဝပ် စက်သုံးလုံး ထပ်မံတည်ဆောက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း (လွိုင်ကော်)သို့ ရောက်ရှိရာ ဒုတိယသမ္မတအား သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသူများ အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာ တတ်မြောက်စေရန်အတွက် သင်တန်းကျောင်း ၄၅ ကျောင်းကို ရည်ရွယ်ချက် ၅ ရပ်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းတွင် နေထိုင်သည့်ကာလတွင် ယုံကြည်ချက်ခိုင်ခိုင်မာမာ၊ ရိုင်းပင်းကူညီစိတ်၊ စည်းလုံးညီညွတ်စိတ်၊ တစ်ဦးအပေါ်တစ်ဦး သည်းခံနားလည်စိတ်တို့ဖြင့် စနစ်တကျ သင်ယူကြစေလိုကြောင်း၊ သင်တန်းဆရာများအနေဖြင့် သင်တန်းသူများအား ဆွေမျိုးသားချင်းများသဖွယ် သဘောထားပြီး လေ့ကျင့်သင်ကြားပေးစေလိုကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းပြီးဆုံးပြီးနောက် ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်သည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**အဆင့်လိုက်သင်ကြား**

ယင်းနောက် ဒုတိယသမ္မတသည် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များ၊ အစားအသောက်များကို လိုက်လံကြည့်ရှုသည်။

အဆိုပါ သင်တန်းကျောင်းကို ၁၉၉၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကျောင်းတွင် စက်ချုပ်၊ အိမ်တွင်းမှု၊ ကယားရိုးရာဂျပ်ခုတ်နှင့် သိုးမွေးစက်ဆွဲသင်တန်းများကို အဆင့်လိုက် သင်ကြားပေးလျက်ရှိကာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သင်တန်းသူ ၁၀၁ ဦး သင်ကြားလျက်ရှိကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

ထို့နောက် ဒုတိယသမ္မတသည် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး လူနာဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဆေးရုံအတွင်း လိုက်လံကြည့်ရှုကာ ဆေးရုံအတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ပြည်နယ်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာအဆင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ဝင်များ လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

**အသိပညာပေး**

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး အတွက် လိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရန် မိမိတို့အဖွဲ့ လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုနှစ် မုတ်သုံအဝင်နောက်ကျပြီး အထွက်စောမည်ဟု မိုးလေဝသပညာရှင်များ ခန့်မှန်းပါကြောင်း၊ ထို့ကြောင့် ဆည်တမံများသို့ ရေဝင်ရောက်မှု နည်းနိုင်သဖြင့် ဝင်ရောက်သည့်ရေအား အလေအလွင့်မရှိ ထိရောက် အကျိုးရှိစွာ အသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန်ကို ရေစီမံခန့်ခွဲသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအပြင် ရေကိုအသုံးချနေသည့် ပြည်သူလူထုကိုပါ စည်းစနစ်တကျ အသုံးချစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိုးပြဲရေလှောင်တမံ ရေထိန်းတံခါးများ ဖွင့်လှစ်နိုင်ခြင်းဖြင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ရှမ်းပြည်နယ်၊ အင်းလေးကန်ဒေသသို့ စက်လှေဖြင့် ရေကြောင်း

*စာမျက်နှာ ၄ သို့*






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်နယ်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ခရီးမှ သွားရောက်နိုင်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်သစ်တစ်ခု ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲလာခြင်းကြောင့် ကာလတိုအတွင်း ပမာဏအများအပြား မိုးရွာသွန်းခြင်းကို ကြုံတွေ့လာရပါကြောင်း၊ ထို့ကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ဆည်တမံများနှင့် ရေထိန်းတံခါးများ ကြံ့ခိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်း**

ကယားပြည်နယ်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများစွာ ရှိပါကြောင်း၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့် ပန်ပက်ကျေးရွာအုပ်စုသည် မိမိ ပထမအကြိမ်ရောက်ရှိခဲ့သည့် အခြေအနေထက် အဆများစွာ တိုးတက်နေသည်ကို တွေ့ရပါကြောင်း၊ ကျေးရွာတွင်း၊ ရွာပြင်လမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း၊ သောက်သုံးရေ ဖြန့်ဝေပေးခြင်းများကို နိုင်ငံတော်နှင့် လူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခဲ့မှု၏ အသီးအပွင့်များကို ဒေသခံပြည်သူများ ခံစားနေရပြီ ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေမည့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ဒုတိယသမ္မတက တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ၏ သိမ်းဆည်းမြေဆိုင်ရာ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရက ပြန်လည်ရှင်းလင်းချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် နေပြည်တော် သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သဘာဝဘေးကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

**မွန်ပြည်နယ်အတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သဘာဝဘေးကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဟသ်ာခန်းမ၌ ကျင်းပပြုလုပ်သည်။**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် ဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် အမျိုးသားသဘာဝဘေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ သဘာဝဘေးကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ထားပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ခရိုင်၊ မြို့နယ်အဆင့်ဆင့်ရှိ စီမံခန့်ခွဲမှုကော်မတီများသည် အရေးကြီးပါကြောင်း။

လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ချိတ်ဆက်၍ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အလျင်အမြန်တုံ့ပြန်မှသာ ပျက်စီးဆုံးရှုံးမှု နည်းပါးမည်ဖြစ်ပါကြောင်း၊ အလျင်အမြန် တုံ့ပြန်ခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

မွန်ပြည်နယ်အနေဖြင့် ရေဘေးအန္တရာယ်ကို ယခင်နှစ်က ကြုံတွေ့ခံစားခဲ့ရသော အတွေ့အကြုံများကို သင်ခန်းစာယူ၍ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ဗဟိုကော်မတီ ချိတ်ဆက်ဆောင်ရွက်မှုများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတွင် ထည့်သွင်းဖွဲ့စည်းထားသော ပညာရှင်များအဖွဲ့၏ အကြံပြုချက်များအရ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မွန်ပြည်နယ်အတွင်း သဘာဝဘေးဖြစ်ပွားမှု အခြေအနေများ၊ ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူးက သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေး DAN Mobile Application အကြောင်းကို မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော လူမှုအဖွဲ့အစည်းများနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ကလည်း ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ သဘာဝဘေးကူညီကယ်ဆယ်ရေးအဖွဲ့များ၊ လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ လူငယ်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးအသင့်အတင့် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## နမ့်ခမ်းမြို့နယ်၌ တောင်သူများအား နည်းပညာပေး ဆွေးနွေး

**နမ့်ခမ်း ဇူလိုင် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မန့်မြိုင်ကျေးရွာတွင် ပြောင်းစိုက်ခင်းများ ငမြှောင်တောင်ပိုးကျရောက်မှုမရှိ စေရေး နည်းပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်၊ ခရိုင် ပိုးမွှားတာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်စိုးဦးတို့က ပိုးမွှားကာကွယ်နှိမ်နင်းရေးတို့ကို နည်းပညာပေးဆွေးနွေးကြသည်။

ထို့နောက် ကျေးရွာရှိ ပြောင်းစိုက်ခင်းအတွင်း ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး နည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# မြန်မာ-အိန္ဒိယနှစ်နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အိန္ဒိယသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားရေးရာဝန်ကြီး Mr. ParshottamRupala အား ယမန်နေ့က နေပြည်တော်ရှိ Hilton Hotel ညှော်ခန်းမ၌ တွေ့ဆုံခဲ့သည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရေး၊ အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန(ACARE)၊ စပါးဇီဝဥယျာဉ် (Rice Bio Park)နှင့် ပတ်သက်သည့် လေ့ကျင့်ပညာပေးရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မဟာသိပ္ပံနှင့် ဘွဲ့လွန်သင်တန်းများ၊ ကာလတိုသင်တန်းများ အပါအဝင် နည်းပညာဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၊ ခေတ်မီစက်မှုလယ်ယာနည်းပညာကျင့်သုံးနိုင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာအရ တိရစ္ဆာန်ကျန်းမာရေးနှင့် စီမံခန့်ခွဲရေးအတွက် သင်တန်းများဖွင့်လှစ်ပေးမည့် စီမံချက်ဆိုင်ရာများအား ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ပြင်သစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**

ပြင်သစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် Novotel Yangon Max ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ပြင်သစ်နိုင်ငံတော်သီချင်းများ ဖွင့်လှစ်ပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr. Christian Lechervy နှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က ပြင်သစ်နိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ပြင်သစ်သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် သံအမတ်ကြီးနှင့်ဇနီးတို့က ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပစဉ်။

# မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ထိုင်းနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECT) Secretary General Ms. Ruenvadee Suwanmongkol နှင့် အဖွဲ့အား ဇူလိုင် ၁၂ ရက်က မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် SECM နှင့် ကတိကဝတ်ပြုထားသည့် မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံ လက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ဈေးကွက်၌ ပါဝင်ပတ်သက်သူများ၊ ကော်မရှင်ရုံးဝန်ထမ်းများအတွက် စွမ်းဆောင်ရည်တည်ဆောက်ရေးအစီအစဉ်များ၊ အရင်းအနှီးဈေးကွက်၏ အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည့် Provident Fund၊ Collective Investment Schemes (CIS)၊ Cross-border listing၊ ငွေချေးစာချုပ်ဈေးကွက်နှင့် Depositary Receipts ဧရိယာတို့တွင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့သည့် ထိုင်းနိုင်ငံ၏ အတွေ့အကြုံများနှင့် ထိုင်းနိုင်ငံ၏ လက်ရှိအခြေအနေများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွေးတို့ အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွေးတို့သည် အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့(Asia Development Bank-ADB)နှင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦး၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအတွင်းရေးမှူး ဦးလှသန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွေးတို့ အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့ (Asia Development Bank-ADB) နှင့် တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

# မူခင်းကျဆင်းရေးနှင့် ကျန်းမာရေးပညာပေး

**ကျုံပျော် ဇူလိုင် ၁၄**

ပြည်သူများ ဥပဒေအကြောင်းအရာများ သိရှိပြီး မူခင်းဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းစေရန်နှင့် ကျန်းမာရေးဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ မူခင်းကျဆင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၁ ရက်က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သရက်သုံးပင် အ.မ.က၌ ပြုလုပ်သည်။

ရှေးဦးစွာ သရက်သုံးပင် အ.မ.က ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်က သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုနှင့် ပြစ်မှုများကျူးလွန်ရာတွင် ရရှိမည့် ပြစ်ဒဏ်များ၊ မူခင်းဖြစ်ပွားမှုမရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသိပညာပေးကာ အမှုကြီးများဖြစ်ပွားမှုမရှိစေရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပေါ်စေရေးအတွက် သွားလာနေထိုင်မှုနှင့် ရှောင်ကြဉ်သတိထားရမည့်အချက်များကို ပညာပေးဟောပြောသည်။

ထို့နောက် ရေစခန်းတိုက်နယ်ဆရာဝန် ဒေါက်တာသန်းဇော်ထွန်းက သွေးလွန်တုပ်ကွေး ကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများကို ဟောပြောခဲ့ကာ အဆိုပါဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ကျေးရွာ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# ကမာရွတ်မြို့နယ် မဲဆန္ဒရှင်စာရင်းပြုစုခြင်း ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၄**

လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတိကျမှန်ကန်သော လူဦးရေစာရင်းရရှိရေးအတွက် မြို့နယ်လူဦးရေစာရင်းအချက်အလက်များ ကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာဆင့်ပွားသင်တန်းကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ်လူဦးရေစာရင်းကောက်ယူရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်စိုးက မြို့နယ်၊ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က လူဦးရေစာရင်းကောက်ယူမှု လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားခဲ့သည်။

သင်တန်းသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်စာရေးဝန်ထမ်းစုစုပေါင်း ၁၀၃ ဦး တက်ရောက်ခဲ့သည်။

**ဘော်ဂါသွေး**

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် တိုင်းရင်းသားခေါင်းဆောင်တို့ရဲ့ လွမ်းဘွဲ့မှတ်တမ်း

••••••••• ***ခင်မောင်ထွေး*** •••••••••

**အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစဉ်ဦးထိပ်ထားသလို တိုင်းရင်းသားခေါင်းဆောင်များကလည်း နိုင်ငံ့လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက် စွန့်လွှတ်စွန့်စားကြိုးပမ်းခဲ့သည့် ဗိုလ်ချုပ်အပေါ် အစဉ်ထာဝရ ချစ်ခင်လေးစားခဲ့ကြ၏။**



၁၉၄၇ ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့တော့လည်း သေသူကို ရှင်သူက တသည့်နှယ် မချိတင်ကဲ ကြေကွဲဝမ်းနည်းခဲ့ကြ၏။

ဗိုလ်ချုပ်ကျဆုံးပြီးသည့် နောက်တစ်နေ့ ၁၉၄၇ ဇူလိုင် ၂၀ ရက်နေ့တွင် ကချင်တိုင်းရင်းသားခေါင်းဆောင်ကြီး ဆမားဒူးဝါး ဆင်ဝါးနောင်သည် တာဝါလိမ်းအိမ်ရှိ ဗိုလ်ချုပ်ရုပ်ကလာပ်ကို မြင်ရသောအခါ ဣန္ဒြေမဆည်နိုင်တော့ဘဲ မျက်ရည်ပေါက်ကြီးများ ကျရှာလေတော့သည်။ ဤသို့လျှင် စစ်မက်တိုက်ခိုက်မှုကို ဝါသနာပါ၍ ခက်ထန်သော စိတ်ကြမ်းရှိသည်ဟု ဆိုကြသော ဒူးဝါးကြီးပင်လျှင် မျက်ရည်ကျလောက်အောင် ယူကျုံးမရ ဖြစ်ခဲ့ရရှာလေသည်။

သို့နှင့် ၂၀၁၉ ခုနှစ် (၇၂) နှစ်မြောက် အာဇာနည်နေ့အခါသမယတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ် တစ်ချိန်က တိုင်းရင်းသားခေါင်းဆောင်ကြီးများနှင့် ဗိုလ်ချုပ်၏ လုပ်ဖော်ကိုင်ဖက်ပုဂ္ဂိုလ်အချို့၏ လွမ်းဘွဲ့မှတ်တမ်းများကို ထိုထိုသော စာပန်းချီသမိုင်းမှတ်တမ်းများထဲမှ ကောက်နုတ်၍ အနုသန္ဓေ ဆက်စပ်ဖော်ပြအပ်ပါ၏။

**ကချင်တိုင်းရင်းသားခေါင်းဆောင်**
**ဆမားဒူးဝါး ဆင်ဝါးနောင်**

"ဗိုလ်ချုပ်ကို လိုက်လိုက်လဲလဲ မချီးကျူးဘဲ မနေနိုင်သည့် အချက်တစ်ခုမှာလည်း သူများတွေက နန်းရင်းဝန်တို့ ဘာတို့လုပ်တယ်ဆိုရင် အိမ်ဝင်းတံခါးပေါက်မှာ ပုလိပ်တို့၊ အစောင့်တို့၊ ဘာတို့ ထားရှိတယ်ဆိုတာ သိရတယ်။ သို့သော် ဗိုလ်ချုပ်ကတော့ ဘာမျှ မထားချင်ဘူး။ ကုန်ကုန်ပြောရမယ်ဆိုရင် မည်သည့်ဆင်းရဲသားမဆို မိမိတို့၏ အရေးပြဿနာများကို ဗိုလ်ချုပ်ထံ အလွယ်တကူ ဝင်ရောက်ပြောဆိုနိုင်ခွင့်ရှိတယ်။ ဒီလိုအချက်တွေကို ထောက်ရှုခြင်းအားဖြင့် ဗိုလ်ချုပ်ဟာ တိုင်းပြည်ဆင်းရဲသားများကို မည်သို့ကရုဏာရှိပြီး မည်သို့လွတ်လပ်ခွင့်ပေးတယ်ဆိုတာကို အလွယ်တကူ ကျနစွာသိနိုင်ပါတယ်။ (၁၉၄၇ ခု ဇူလိုင်လ ၂၉ ရက် တိုင်းပြုပြည်ပြုလွှတ်တော် ကြေကွဲဝမ်းနည်းကြောင်းအဆို)

**ချင်းဝန်ကြီး ဦးဝမ်ကိုဟော**

မြန်မာတစ်မျိုးသားလုံးသည် ဗိုလ်ချုပ်ကို အကြောင်းပြု၍ ယခုကဲ့သို့သော ညီညွတ်မှုကို ရရှိခဲ့ပေသည်။ ဗိုလ်ချုပ်၏ ကျေးဇူးကြောင့် ကျွန်ုပ်တို့ စည်းလုံးမိကြပြီမှာ မှန်ပါသည်။ သို့သော် ပြည်ထောင်စုသားများ၏ စည်းလုံးမှုမှာ အခြေတည်စဖြစ်သည့်အလျောက် သေးကွေးနုနယ်သေးကြောင်းကို အစဉ်မပြတ် သတိချပ်ရပေမည်။ ဤစည်းလုံးမှုကြီး မယိမ်းမယိုင် ကျောက်စာတိုင်အလား ခိုင်မြဲတည်တံ့နေစေရန် အစွမ်းရှိသမျှ ကြိုးစားကြရပေမည်။ ကျွန်ုပ်တို့ ပြည်ထောင်စုသားအချင်းချင်းများတွင် လူမျိုးရေးခွဲခြားစိတ်များ မည်သည့်အခါမျှ မကိန်းအောင်းစေရန် အထူးသတိပြုရပေမည်။ (အောင်သန်း၏ အောင်ဆန်း)

**ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)**

ပစ္စုပ္ပန်ခေတ် မြန်မာပြည်နိုင်ငံရေးသမိုင်းကို စာတင်၍ ရေးသားသည်ရှိသော် " မြန်မာပြည်ဘွား တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးစည်းပြီး ညီညွတ်မှုချစ်ကြည်ရေးအတွက် အဘယ် နိုင်ငံရေးခေါင်းဆောင်သည် အချိန်အနည်းဆုံးတွင် အများဆုံး လုပ်ဆောင်ခဲ့လေသနည်း" ဟူသော မေးခွန်းတစ်ရပ်သည်လည်း ဖြစ်ပေါ်လာလိမ့်မည်။ ထိုမေးခွန်းကို အထူးစဉ်းစား၍ မနေဘဲ မဆိုင်းမတွ ကျွန်ုပ်ဖြေကြားလိုပေသည်။

ကျွန်ုပ်၏အဖြေကား "ဗမာ၊ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ စသော တိုင်းရင်းသားအချင်းချင်း သွေးစည်းမိအောင် ချစ်ကြည်ရေးကို အများဆုံး စွမ်းဆောင်ကြိုးပမ်းခဲ့သူမှာ မကြာမီက ရေတိမ်နစ်ခဲ့ရှာသော ကျွန်ုပ်တို့၏ ဆရာဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်" ဟူသတည်း။

တိုင်းရင်းသားလူနည်းစုတို့ နေထိုင်ရာ နယ်ပယ်များ၌ ဗိုလ်ချုပ်သည် မည်မျှစိတ်ပါဝင်စားသည်ကိုကား သူအစိုးရအဖွဲ့ထဲ ဝင်ပြီးသည့်အချိန်မှသည် နောက်ဆုံးသူ ရေတိမ်နစ်ခဲ့သည်အထိ မြန်မာပြည်တောင်တန်းဒေသ၊ နယ်စွန်နယ်ဖျားဒေသဟူသမျှကို အလွန်ဆင်းရဲပင်ပန်းခံကာ တရကြမ်း ခရီးထွက်ခဲ့ခြင်းဖြင့် ထင်ရှားစေခဲ့လေသည်။

ယခုဗိုလ်ချုပ်ခမျာ သူကိုယ်တိုင် စတင်အုတ်မြစ်ချကာ တည်ဆောက်ခဲ့သော လွတ်လပ်ရေးဗိမာန်ကြီးသို့ ရောက်လုနီးမှ ကျဆုံးသွားရရှာလေရာတွင် နိုင်ငံ့ခေါင်းဆောင်များ၊ လူထုဆင်းရဲသားများ၊ ရဲဘော်များက ဝမ်းနည်းကြေကွဲသလောက် တိုင်းရင်းသားလူနည်းစုတို့ပင်လည်း သူတို့အဖို့ အကြီးဆုံးသော ဆုံးရှုံးရခြင်းတစ်ရပ်သည် ဖြစ်ပေါ်လာခဲ့လေပြီဟု နှမြောတသ ယူကျုံးမရ ဖြစ်ခဲ့ရရှာလေသည်။

မြန်မာပြည်မမှ လူထုနှင့် တိုင်းရင်းသားလူနည်းစုတို့၏ သွေးစည်းမှုပန်းချီကားကို တပင်တပန်း အကြိမ်ကြိမ်မွမ်းမံရေးဆွဲခဲ့သော ဗိုလ်ချုပ်သည် ၁၉၄၇ ခုနှစ် ပင်လုံကွန်ဖရင့်တွင် ယင်းပန်းချီကားကြီး၏ အဆုံးသတ်ခြယ်လှယ်ခြင်းများ ပြီးမြောက်ခဲ့လေသည်။ (၁၉၄၇ခု စက်တင်ဘာ ၁၅ ရက်)

**သခင်ထွန်းတင်**
**(ရန်ကုန်ခရိုင် ဖဆပလ စည်းရုံးရေးမှူးဟောင်း)**

"ဗမာနှင့် တိုင်းရင်းသားများ သွေးစည်းကြဖို့ဆိုတဲ့ ကိစ္စကို ဗိုလ်ချုပ်အောင်ဆန်းဟာ အလွန်အရေးထားပါတယ်။ ကျွန်တော် မှတ်မိပါသေးတယ်။ ဂျပန်လက်နက်ချပြီးနောက် ရန်ကုန်ကို ပြန်ရောက်လာကြတဲ့ အင်္ဂလိပ်အရာရှိကြီးတွေဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ၎င်း၏နိုင်ငံရေးအဖွဲ့ဖြစ်တဲ့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးကို ပျက်စီးတိမ်မြုပ်သွားအောင် အနုနည်းရော၊ အကြမ်းနည်းနဲ့ပါ အမျိုးမျိုးလုပ်ကြံနေတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီလို အချိန်မျိုးမှာ ကရင်နီနယ် (ယခုကယားပြည်နယ်)က ကရင်နီလူထုခေါင်းဆောင်များဖြစ်တဲ့ ဦးစိန်၊ သိုင်းဗဟန်နှင့် နယ်စားမြို့စား လူငယ်လူရွယ် စော်ဘွားကလေးများဟာ ဗြိတိသျှအရာရှိများ တားမြစ်ထားကြတဲ့ကြားထဲက ကျွန်တော်တို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံရန် လာရောက်ကြပါတယ်။

ကျွန်တော်တို့ ပြည်သူ့လွတ်လပ်ရေးအဖွဲ့က ကရင်နီ ခေါင်းဆောင်များကို ရန်ကုန်ဘုရားလမ်း ဆန်းကဖီးမှာ နံနက်စာ ထမင်းစားပွဲဖြင့် ဧည့်ခံပြုစုပါတယ်။ ကရင်နီလူထုကလည်း ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့ကြောင်း သိရပါတယ်။ ကရင်နီ ခေါင်းဆောင်များကလည်း အင်္ဂလိပ်လက်အောက်မှာ သူတို့ မနေလိုကြောင်း၊ မြန်မာအမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သတင်းကြားရတာ အလွန်ဝမ်းသာ အားတက်စရာကောင်း၍ လူကိုယ်တိုင်တွေ့ရအောင် အင်္ဂလိပ်အရာရှိကြီးတစ်ဦး အတင်းတားမြစ်သည့်ကြားမှပင် လာရောက်တွေ့ဆုံကြောင်း ထမင်းစားပွဲမှာ ပြောင်ပြောင်ပင် ဖွင့်ပြောကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်တို့ကတော့ လွတ်လပ်ရေးကို မရရအောင် လုပ်မှာပဲ။ လွတ်လပ်ရေးရဖို့ အကြောင်းတွေကလည်း ရှိတယ်။ ကျွန်တော်တို့ မြန်မာပြည်မကြီးက လွတ်လပ်ရေးရပြီးတော့ ခင်ဗျားတို့ တောင်တန်းဒေသနှင့် ပြည်နယ်တွေ လွတ်လပ်ရေးမရဘဲ ကျန်နေရင် ခင်ဗျားတို့နယ်ထဲမှာ အင်္ဂလိပ်က အမြောက်ကြီးတွေလာပြီး ထောင်နေရင် ကျွန်တော်တို့ရတဲ့ လွတ်လပ်ရေးဟာ အလကား ဖြစ်မှာပဲ။ ခင်ဗျားတို့က ကျွန်တော်တို့ကို မချစ်ချင်တောင်မှ အတင်းပဲ ချစ်မှာပါပဲ။ ခင်ဗျားတို့ကို ကျွန်တော်တို့ အတင်းပဲ (နသားဘားယား)ရမှာပဲ။ " ဟု ရယ်ပြုံးပြုံးကြီးနှင့် ပြောပြီး ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အပိုမပါ ရိုးရိုးကြီး တဲ့တိုးပြောချလိုက်တာကို ကရင်နီခေါင်းဆောင်များ တော်တော်သဘောကျကြပါသည်။ သူတို့၏ မျက်နှာများမှာ သိပ်ပြီး ရွှင်လန်းလာကြပါသည်။ ကွဲကွာနေသော ညီအစ်ကိုချင်း ပြန်တွေ့ရသည့်အခါ အလွန်အမင်းဝမ်းသာသလို ဝမ်းသာကြသည့် မျက်နှာများကို ကျွန်တော်မြင်ရပါသည် (အောင်သန်း၏ အောင်ဆန်း)

**ဝန်ကြီးချုပ် ဦးနု**

မြန်မာပြည်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့်လုပ်နိုင်တာ ဗမာရာဇဝင် ပြန်ကြည့်လျှင် အနော်ရထာမင်းစောလက်ထက်မှာ တစ်ကြိမ်၊ ဘုရင့်နောင်လက်ထက်မှာ တစ်ကြိမ်၊ အလောင်းဘုရားလက်ထက်မှာတစ်ကြိမ်၊ ဆင်ဖြူရှင်လက်ထက်မှာ တစ်ကြိမ်၊ အဲသည် လေးကြိမ်ပဲ မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို စည်းစည်းလုံးလုံးနှင့် လုပ်နိုင်တာကို ကျွန်တော်တွေ့ရတယ်။ ယခု ဗိုလ်ချုပ်ခေတ်မှာဆိုလျှင် သည်တစ်ခေတ်လည်း လေးကြိမ်လိုပဲ၊ တစ်နိုင်ငံလုံးမှာ လူကြီးရော၊ ကလေးပါ စည်းလုံးအောင် လုပ်သွားနိုင်တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရတယ်။

ကရင် - ဗမာချစ်ကြည်ရေး၊ ကရင် - ဗမာနားလည်ရေးဆိုတာကို ရအောင် ဗမာတွေဘက်ကနေပြီး မားမားမတ်မတ်လုပ်ခဲ့တာ ဘယ်သူလဲဆိုလျှင် ဗိုလ်ချုပ်ဖြစ်ခဲ့တဲ့အကြောင်း ကရင်ကိုယ်စားလှယ်ကြီးတွေ၊ ခေါင်းဆောင်ကြီးတွေက ဒီမှာ အတိအလင်းဝန်ခံပါလိမ့်မည်။ ဗိုလ်ချုပ်ခေါင်းဆောင်ပြီး ကရင်-ဗမာချစ်ကြည်ရေးကို လုပ်သွားတဲ့အတွက် ဖက်ဆစ်ဂျပန်ကို တော်လှန်တဲ့အခါမှာ ကရင်-ဗမာအကုန် တညီတညာတည်း အလံတစ်ခုတည်းကို ကိုင်ပြီးတော့ တိုက်ခိုက်ခဲ့တဲ့အတွက် မြိုင်မြိုင်ဆိုင်ဆိုင်ကြီးဖြစ်ခဲ့တာ ကျွန်တော်တို့ အထင်အရှားတွေ့ရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ အင်မတန်ဝမ်းနည်းစရာကောင်းတဲ့အချက်တစ်ခုက ဘာလဲဆိုလျှင် ကျွန်တော်တို့ ခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်ဟာ သူလုပ်သွားတဲ့ အလုပ်ကြီးပြီးခါနီးပန်းတိုင်ရောက် ခါနီးဖြစ်နေတာကို သူကိုယ်တိုင် မတွေ့ရဘဲ မသမာ တဲ့ ရန်သူတွေရဲ့ လက်ချက်နှင့် ကျဆုံးသွားတာ အင်မတန် အသည်းနာစရာကောင်းပါတယ်။ အဲသည်တော့ ကျွန်တော်တို့ ဗိုလ်ချုပ်အပေါ်မှာ တကယ်သစ္စာရှိတယ်။ တကယ် ကျေးဇူးဆပ်ချင်တယ်၊ တကယ် တိုင်းပြည်လူထုအတွက် လုပ်ချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ရှေ့မှာ လမ်းတစ်လမ်းပဲ ရှိတယ်။ ဘာလဲဆိုလျှင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ဗိုလ်ချုပ်ရှိစဉ် အခါတုန်းကထက် ဆတက်ထမ်းပိုးတိုးပြီး ကျွန်တော်တို့ဟာ ဗိုလ်ချုပ်ချသွားတဲ့၊ ရည်မှန်းထားတဲ့၊ လွတ်လပ်တဲ့သမ္မတ နိုင်ငံထူထောင်ပြီးတဲ့နောက် နှစ်ပေါင်းတစ်ရာ၊ နှစ်ရာစသည်ဖြင့် ကျွန်တော်တို့တစ်တွေ ညီညီညွတ်ညွတ်နှင့်ချီတက်သွားကြဖို့ ကျွန်တော် လေးလေးနက်နက် တောင်းပန်ပါတယ်။ (၁၉၄၇ ခု ဇူလိုင်လ ၂၉ ရက် တိုင်းပြုပြည်ပြုလွှတ်တော်တွင် မြိတ်လွှတ်တော်အမတ် သခင်နု တင်သွင်းသော ကြေကွဲဝမ်းနည်းကြောင်းအဆို)

**ကရင်အမျိုးသား ဗိုလ်မှူးချုပ်ဟောင်း**
**စောကြာဒိုး**

ဂျပန်ခေတ်တစ်နေ့မှာ ဂျပန်သံအမတ်က ဗိုလ်ချုပ်နဲ့ ကျွန်တော်တို့ကို နေ့လယ်စာ စားရန် ဖိတ်ပါသည်။ ထိုနေ့မှာ အတော်ကလေး ပူပါသည်။ ကျွန်တော်တို့ ဝတ်ထားသော ယူနီဖောင်းများမှာ အလွန်ထူပြီး ကျွန်တော်တို့အားလုံး ချွေးတလုံးလုံးနှင့် ဖြစ်နေပါသည်။ ဗိုလ်ချုပ်ဝတ်ထားတဲ့ ယူနီဖောင်းမှာ ကျွန်တော်တို့ ယူနီဖောင်းထက် ပိုထူရကား ဗိုလ်ချုပ်အဖို့ ပြုတ်ထားသကဲ့သို့ ဖြစ်နေပါသည်။

"ကျွန်တော်တို့ ဖြစ်အင်ကိုမြင်သော ဂျပန်သံအမတ်က ကျွန်တော်တို့အပေါ် အင်္ကျီများကို ချွတ်ထားရန် အလိုက်သိစွာ အကြံပေးပါသည်။ ကျွန်တော်တို့လည်း မဆိုင်းမတွပင် အပေါ်အင်္ကျီများကို ချွတ်ပစ်လိုက်ပါသည်။"

"ဗိုလ်ချုပ်ဟာ သူ့အပေါ်အင်္ကျီကို တော်တော်နှင့် မချွတ်ပါ။ စဉ်းစားနေပုံပေါ်ပါသည်။ နောက်ဆုံးချွတ်လိုက်သောအခါ သူ့အောက်ခံစွပ်ကျယ်အင်္ကျီမှာ ရစရာမရှိအောင် စုတ်ပြဲနေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ စွပ်ကျယ်များလည်း စုတ်ပြဲနေပါသည်။ သို့သော်လည်း ဗိုလ်ချုပ်စွပ်ကျယ်မှာ တစ်ခုနှင့် တစ်ခု သိထားသလား အောက်မေ့ရလောက်အောင်ပင် စုတ်ပြဲနေပါသည်။" (အောင်သန်း၏ အောင်ဆန်း)

**ကရင်တိုင်းရင်းသားခေါင်းဆောင်**
**စောစံဖိုးသင်(ဝန်ကြီး)**

၁၉၄၃ ခု ဩဂုတ် ၁ ရက်နေ့ မြန်မာပြည်လွတ်လပ်ပြီဆိုတာ ကြေညာတော့ ကျွန်တော် ရန်ကုန်ဆင်းလာသည်။ ဆင်းလာတော့ ကျွန်တော့်မိတ်ဆွေတွေက ရန်ကုန်ကို မသွားနဲ့ သခင်တွေ ခင်ဗျားကို သတ်လိမ့်မယ်လို့ ပြောသည်။ ဒါပေမယ့် ကျွန်တော်က သွားရမယ်လို့ပြောပြီး ထွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သွားတွေ့သည်။ ကျွန်တော်သည် သူ့ရှေ့တွင် မတ်တတ်ရပ်၍ နေပါသည်။ သူလည်း အလုပ်များနေ၍ မော်မကြည့်အားပါ။ အတော်ကြာမှပင် ကျွန်တော့်ကို မော့ကြည့်ပြီး မေးလိုက်ပါသည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ် ခင်ဗျားရဲ့ရန်သူပဲ၊ စောစံဖိုးသင်ဆိုတာ ကျုပ်ပဲ။ ***စာမျက်နှာ ၇ သို့***

**" ဗိုလ်ချုပ်ခမျာ သူကိုယ်တိုင် စတင်အုတ်မြစ်ချကာ တည်ဆောက်ခဲ့သော လွတ်လပ်ရေးဗိမာန်ကြီးသို့ ရောက်လုနီးမှ ကျဆုံးသွားရရှာလေရာတွင် နိုင်ငံ့ခေါင်းဆောင်များ၊ လူထုဆင်းရဲသားများ၊ ရဲဘော်များက ဝမ်းနည်းကြေကွဲသလောက် တိုင်းရင်းသားလူနည်းစုတို့ပင်လည်း သူတို့အဖို့ အကြီးဆုံးသော ဆုံးရှုံးရခြင်းတစ်ရပ်သည် ဖြစ်ပေါ်လာခဲ့လေပြီဟု နှမြောတသ ယူကျုံးမရ ဖြစ်ခဲ့ရရှာလေသည် "**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လွှတ်တော်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုအတွက် ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ရုပ်မြင်သံကြားက လွှတ်တော်ရုပ်သံလိုင်းများ ထုတ်လွှင့်နိုင်ရေးအတွက် ရိုက်ကူးမှု၊ ပေးပို့မှု၊ ထုတ်လွှင့်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမရှိ ရုပ်သံထိန်းချုပ်ခန်းသို့ ရောက်ရှိရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း လွှတ်တော်ရုပ်သံလိုင်းများ တိုက်ရိုက်ထုတ်လွှင့်နိုင်ရေးအတွက် ရိုက်ကူးမှု၊ ပေးပို့မှုနှင့် ထုတ်လွှင့်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု ၊ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ အသုံးပြုလျက်ရှိသည့် နည်းစနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေကို လည်းကောင်း၊ ချွတ်ယွင်းမှုနှင့် အခက်အခဲများ ဖြစ်ပေါ်ပါက အရန်စနစ်ထားရှိ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ရုပ်သံထိန်းချုပ်ခန်းများနှင့် Information and Communications Technology (ICT) ဌာနတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့လွှတ်တော်ရှိ ပြည်တွင်းပြည်ပသတင်းမီဒီယာများ သတင်းရယူရန် သတ်မှတ်စီစဉ်ပေးထားသည့် Media Corner ကိုလည်း လှည့်လည်ကြည့်ရှုခဲ့သည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့ အမျိုးသားလွှတ်တော်ရှိ ရုပ်သံထိန်းချုပ်ခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။**
သတင်းစဉ်

*စာမျက်နှာ ၆ မှ*

သူက ကျွန်တော့်ကိုကြည့်ပြီး ဘယ်လိုပြောသလဲ ဆိုရင် 'A brave Enemy is a good Friend' (ရဲရင့်သောရန်သူသည် မိတ်ဆွေကောင်းဖြစ်တယ်) လို့ပြောပြီး လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ခရားမှ ငှဲ့ပေး၏။ ကျွန်တော်သည် ယင်းစကား တစ်ခွန်းဖြင့်ပင် သူ့ကို အကျကြီး ကျသွားပါတော့သည်။ သံလိုက်ကဲ့သို့ ဆွဲဆောင်မှုရှိသောညို့ဓာတ်ကို ကျွန်တော်အစွဲကြီး စွဲသွားပါတော့သည်။

ထိုနေ့ ဇူလိုင်လ ၁၉ ရက်နေ့ ဝန်ကြီးအဖွဲ့အစည်းအဝေးကို လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဖြစ်သူ ကျွန်တော်နှင့် ပြည်ပခရီးလွန်နေသော ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းတို့မှအပ အခြားဝန်ကြီးအားလုံး အစုံအညီ တက်ရောက်ကြသည်။ ထိုနေ့က ဝန်ကြီးများကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာဝတ်စုံကို ဝတ်ဆင်၍ ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာသည်။

လူများတွင် "သေကံမရောက် သက်မပျောက်" ဆိုသောစကားသည် အလွန်မှန်ကန်ပါ၏။ ထိုနေ့က အစည်းအဝေးသို့ ကျွန်တော်မတက်ဖြစ်ရန် ကျွန်တော့် အစ်မသမီး မင်္ဂလာဆောင်က ကျွန်တော့်ကို အတင်းဆွဲထား၏။ မင်္ဂလာပွဲပြီး၍ ကျွန်တော်ထွက်လာတော့ သင်္ဘော၊ သောင်တင်၏။ သောင်မတင်ပါက ရန်ကုန်ကို သင်္ဘောဆိုက်ပြီး အိမ်မပြန်ဘဲ အစည်းအဝေးရုံးခန်းမသို့ အချိန်မီတန်းသွားရန်ပင် ကြံစည်ထား၏။ သို့သော် သင်္ဘောသောင်တင်၍ ကျွန်တော့်ကို ကံဖယ်လိုက်၏။

ဒုတိယ သေကံမရောက် သက်မပျောက်သူကား ကျွန်တော့်အတွင်းဝန် အိုင်စီအက်ဦးစိုးတင့်ဖြစ်သည်။ ဦးစိုးတင့်မှာ ဝန်ကြီးဖြစ်သူ ကျွန်တော်အချိန်မီ မရောက်လာသဖြင့် အာရ်တီဘီစီမံကိန်းကို ဝန်ကြီးအဖွဲ့သို့ တင်ပြရန် တာဝန်ယူရသူဖြစ်၏။ သို့သော် ဒုတိယအတွင်းဝန် ဦးအုန်းမောင်က ဤစီမံကိန်းကို သူတင်ပြပါရစေဟု စိတ်အားထက်သန်စွာ ပြောလာသောကြောင့် ဦးအုန်းမောင်၏ ဆန္ဒအတိုင်း ဦးစိုးတင့်က လိုက်လျောရ၏။ ထို့ကြောင့် ဦးစိုးတင့်လည်း လုပ်ကြံမှုဖြစ်သောအခန်းထဲသို့ မရောက်ရတော့ဘဲ သေဘေးမှ လွတ်သွား၏။

ကျွန်တော့်သင်္ဘောမှာ ထိုနေ့ည ၈ နာရီ အချိန်ကျမှပင် မအူပင်ဆိပ်ကမ်းသို့ ဝင်တော့သည်။ ဇူလိုင် ၂၀ ရက် နံနက်တွင် မအူပင်ခရိုင်ဝန်နှင့် ရာဇဝတ်ဝန်တို့က သင်္ဘောပေါ်ရောက်လာ၍ သတင်းအစုံအလင်ပြောပြတော့မှပင် ကျွန်တော် မယုံချင်၍ မရတော့ချေ။ မျက်ရည်လည်ရွဲနှင့် ယုံရတော့သည်။ ယူကျုံးမရဖြစ်ရတော့သည်။ ကျွန်တော့်သင်္ဘောကို ရန်ကုန်သို့ အမြန်ဆုံးမောင်းခိုင်းရာ ထိုနေ့ နေ့လယ် ၂ နာရီတွင် ရန်ကုန်သို့ရောက်၏။ သင်္ဘောဆိပ်မှနေ၍ အတွင်းဝန်ရုံးသို့ တန်းသွားပြီး လုပ်ကြံမှုဖြစ်ပွားရာ ဝန်ကြီးများအစည်းအဝေးခန်းမသို့ ဝင်ကြည့်ပါသည်။

ကျွန်တော်၏ အာရ်တီဘီစီမံကိန်း စာတမ်းကြီးသည် ဦးအုန်းမောင် ကျဆုံးသောနေရာရှိ သွေးကွက်ထဲတွင် ဖရိုဖရဲလွင့်ပြီး သွေးစများဖြင့် ရွှဲနစ်နေ၏။ ဘုရားသခင် ဖယ်ရှားလိုက်၍သာ ကျွန်တော်သည် အစည်းအဝေးသို့ မရောက်ခဲ့ရ။ အကယ်၍သာ ကျွန်တော်သာ ရောက်လာလျှင် အာရ်တီဘီစီမံကိန်းစာတမ်းနစ်နေသော သွေးများသည် ကျွန်တော့်သွေးများဖြစ်ရမည်ဧကန်၊ ဤနေရာ၌ အိုင်ထွန်းနေသော သွေးအိုင်ကား ကျွန်တော့်သွေးများ ဖြစ်နေမည်သာတည်း။

ကျွန်တော့်ကိုယ်စား ဦးအုန်းမောင် ဝင်ခံရခြင်းနှင့် ကျွန်တော်သေဘေး လွတ်ခဲ့ခြင်းအတွက် ဝမ်းမသာမိပါ။ ဦးအုန်းမောင်အတွက် နှမြောတသ မဆုံးဖြစ်ရသလိုပင် ကျွန်တော့်မိတ်ဆွေ ဗိုလ်ချုပ်အောင်ဆန်းနှင့် လည်ပင်းဖက်၍ မသေလိုက်ရသောကြောင့် ဝမ်းနည်းနေပါသည်။ ကျွန်တော်ပါ ရောသေလိုက်ရလျှင် ဗိုလ်ချုပ်အတွက် ဤမျှ ပူဆွေးနေရမည်မဟုတ်ဟု တွေးမိသည်။ ယခုတော့ ကျွန်တော်သည် ကြေကွဲဝမ်းနည်းမဆုံးဖြစ်၍ ဗိုလ်ချုပ်ကျဆုံးသောနေရာ ကြမ်းပြင်၌ ထိုင်ချပြီး ငိုနေမိပါတော့သည်။

ဗိုလ်ချုပ်နှင့်အတူ လည်ပင်းဖက်၍ မသေလိုက်ရခြင်းအတွက် ဝမ်းနည်းနေရမည်လား။ သို့သော် ဗိုလ်ချုပ်ချမှတ်ခဲ့သော လမ်းစဉ်အတိုင်း တာဝန်ယူသွားရန် ကျန်ရစ်ခဲ့၍ ဝမ်းသာရမည်လား။ ကျဆုံးရှာသူ အာဇာနည်များနှင့်အတူ တစ်ပါတည်း ပါမသွား၍ ဝမ်းနည်းရမည်လား။ အသက်မသေ ကျန်နေခဲ့၍ ဝမ်းသာရမည်လား။ အာဇာနည်မဖြစ်လိုက်ရသော ကျွန်တော်ကား ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား မသိတော့အောင် စိတ်ကိုတည်ငြိမ်အောင် ချုပ်တည်းမှုမရ ဖြစ်နေပါတော့သည်။

**(တက္ကသိုလ်စိန်တင်၏ မြန်မာ့နိုင်ငံရေး ဇာတ်ခုံမှ စောစံဖိုးသင်)**

## ဗိုလ်ချုပ် မသေပါ

☆ ဗိုလ်ချုပ်ရုပ်သွင်၊ မျက်စိတွင်
အမြဲမြင်နေသည်။
☆ ဗိုလ်ချုပ်စကား၊ အဟုတ်နား
အမြဲကြားနေသည်။
☆ ဗိုလ်ချုပ်သတ္တိ၊ ရင်ထဲထိ
အမြဲသိနေသည်။
☆ ဗိုလ်ချုပ်သတင်း၊ ဆောင်လေညင်း
အမြဲသင်းနေသည်။
☆ သို့ပြီးတကား၊ သူသေသွားလည်း
အများသူငါ၊ ရင်ထဲမှာရှိ
သတ္တိဂုဏ်ထုတ်၊ တို့ဗိုလ်ချုပ်မို့
ဗိုလ်ချုပ်မသေ၊ သူမသေပါ
ဂဟေစွဲသို့ မြဲပြီတည်း။ ။

မောင်လွှမ်းရည်(ရွှေတောင်)

❒ *ကျောဖုံးမှ*

ရွေးချယ်ခဲ့ပါတယ်။ ဖလမ်းလေယာဉ်ကွင်းစီမံကိန်းကို ၂၀၁၆ ခုနှစ် ဧပြီလအတွင်းမှာ စတင်တည်ဆောက်ခဲ့ပါတယ်။ အခုသတ်မှတ်ထားတဲ့ လေယာဉ်ပြေးလမ်း ပေ ၆၀၀၀ မှာ ပေ ၄၀၀၀ ပြီးစီးနေပြီ ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ပြောရမယ်ဆိုရင် တည်ဆောက်မှုလုပ်ငန်းက ၅၃ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ပါတယ်။ ဖလမ်းလေဆိပ်ပြီးစီးသွားရင် ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူတွေ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေပြီး လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနဲ့ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မှာဖြစ်လို့ ကျေးလက်နေ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို နိုင်ငံတော်ရဲ့ လူမှုစီးပွားတိုးတက်မှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခြင်း၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်လာခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ပါတယ်" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေယာဉ်ကွင်းစံချိန်စံညွှန်းနှင့် စစ်ဆေးရေးဌာနခွဲညွှန်ကြားရေးမှူး ဦးကျော်စိုး က ပြောသည်။

### အချိန်တိုအတွင်း သွားလာနိုင်မည်

ဖလမ်းလေဆိပ်သည် ချင်းပြည်နယ် အလယ်ပိုင်းတွင်တည်ရှိပြီး ဖလမ်းလေဆိပ်မှ ဖလမ်းမြို့၊ လုံပီးတောင်၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ ရိဒ်ရေကန်စသည့် ချင်းပြည်နယ်အတွင်းရှိ မြို့များမှ ဒေသခံပြည်သူများအနေဖြင့် ဖလမ်းလေဆိပ်နှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လေဆိပ်များသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်ကွင်းမရှိသည့် ချင်းပြည်နယ်တွင် ယခုတည်ဆောက်လျက်ရှိသည့် ဖလမ်း (ဆူရ်ဘုန်) လေဆိပ်သစ်တည်ဆောက်ပြီးစီးပါက ချင်းပြည်နယ် လေကြောင်းဝင်ပေါက် (Gateway of Chin State)အဖြစ် ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အနေဖြင့် ချင်းပြည်နယ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိဒေသအနှံ့သို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

### ပြီးစီးရန်ဆောင်ရွက်နေ

အဆိုပါ ဖလမ်းလေယာဉ်ကွင်းသစ်သည် အလျားပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀၊ လေယာဉ်ပြေးလမ်းအမျိုးအစား Flexible Pavement ဖြစ်ပြီး လေဆိပ်စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်တွင် ပထမအဆင့်အနေဖြင့် ပြီးစီးရန်ဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းနှစ်တွင်ပင် ATR-72 လေယာဉ်များ စတင်ဆင်းသက်အသုံးပြုနိုင်ရန် လျာထားကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိကာလ၌ လေယာဉ်ကွင်း ၆၉ ကွင်းရှိပြီး အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုနှင့် ပြည်တွင်းလေဆိပ် ၃၁ ခုကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**



**ဖလမ်း (ဆူရ်ဘုန်) လေဆိပ်သစ် လေကြောင်းထိန်းမျှော်စင်တည်ဆောက်နေမှုကို တွေ့ရစဉ်။**

# မြန်မာမွတ်စလင်(မ်)စီးပွားရေးလုပ်ငန်းရှင်များအသင်း(ယာယီ)၏ ဝါကျွတ်အိဒ်ပွဲတော် ဘာသာပေါင်းစုံညစာစားပွဲကျင်းပ

ရန်ကုန်  ဇူလိုင်  ၁၄

**မြန်မာမွတ်စလင်(မ်) စီးပွားရေးလုပ်ငန်းရှင်များအသင်း(ယာယီ)၏ ဝါကျွတ်အိဒ်ပွဲတော် ဘာသာပေါင်းစုံညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာမွတ်စလင်(မ်) စီးပွားရေးလုပ်ငန်းရှင်များအသင်း(ယာယီ) နာယက အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး၊ မလေးရှားသံအမတ်ကြီး၊ အမေရိကန်သံရုံးယာယီတာဝန်ခံနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းထိုက်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မြန်မာမွတ်စလင်(မ်) စီးပွားရေးလုပ်ငန်းရှင်များအသင်း (ယာယီ) ဥက္ကဋ္ဌ ဦးသန်းလွင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

မိတ်ဆုံစားပွဲကို မြန်မာမွတ်စလင်(မ်) စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့က ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးကို တည်ဆောက်လိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ရာ ယခုဆိုလျှင် နဝမအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခု မိတ်ဆုံစားပွဲကျင်းပခြင်းသည် လက်ရှိ မြန်မာနိုင်ငံတွင် တည်ဆောက်လျက်ရှိသည့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက်ဖြစ်ကြောင်း အငြိမ်းစားသံအမတ်ကြီး ဒေါက်တာလှမောင်က ပြောသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဝါကျွတ်အိဒ်ပွဲတော် ဘာသာပေါင်းစုံညစာစားပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

# အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ မြို့နယ်လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ကကြီးမှူး၍ မြို့နယ်အဆင့် လူဦးရေ စာရင်းအချက်အလက်များကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းများကို ဇူလိုင် ၁၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင်လည်းကောင်း၊ ဇူလိုင် ၁၃၊ ၁၄ ရက်တွင် အ.ထ.က ၆ ပညာတံခွန်ခန်းမဆောင်၌ လည်းကောင်း **(အောက်ပုံ)** ကျင်းပရာ မြို့နယ်အတွင်းရှိ ၂၁ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးစာရေးများ၊ မဲရုံအလိုက် လူဦးရေစာရင်း ကောက်မည့်သူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၄၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းအောင်က ရပ်ကွက်စာရင်းကောက်အဖွဲ့အစည်းများအနေဖြင့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိစေရန်နှင့် နိုင်ငံသားတိုင်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် စနစ်တကျ စုစည်းကောက်ယူဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့သည်။



ထို့နောက် သင်တန်းနည်းပြများဖြစ်ကြသည့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်၊ မြို့နယ်လဝက ဦးစီးဌာနမှူး ဦးဝင်းလတ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဇော်တို့က လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းဆွေးနွေး ဟောပြောပို့ချခဲ့ကြပြီး သင်တန်းသား သင်တန်းသူများ၏ မေးမြန်းဆွေးနွေးမှုကို သင်တန်းနည်းပြများနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**ဉာဏ်လင်း**

# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နှင့် စင်ကာပူ၊ အင်ဒိုနီးရှားကင်းထောက်အဖွဲ့တို့ပူးပေါင်း၍ ကင်းထောက်ငယ်သင်တန်း တောင်ကြီးမြို့တွင်ဖွင့်

**ရန်ကုန်  ဇူလိုင်  ၁၄**

မြန်မာနိုင်ငံတွင် မူလတန်းအရွယ်ကလေးငယ်များ မိမိကိုယ်ကိုအားကိုးပြီး ယုံကြည်မှုအပြည့်ဖြင့် သူတစ်ပါးအပေါ် ကူညီတတ်သည့်စိတ်ရှိကာ ပျော်ရွှင်ခြင်းနှင့် စွန့်စားမှုကို နှစ်သက်စေရန်ရည်ရွယ်သည့် လူငယ်လေးများအဖြစ် အရွယ်ရောက်လာစေရန်၊ ကင်းထောက်အသိပညာများ တိုးတက်ပြန့်ပွားပြီး လေ့ကျင့်လှုပ်ရှားနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ကင်းထောက်အဖွဲ့မှနည်းပြများ ပူးပေါင်းကူညီမှုဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ Brainworks Total International School တွင် ပထမအကြိမ် ကင်းထောက်ငယ်သင်တန်းကို ဇူလိုင် ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။ **(အောက်ပုံ)**

ယင်းသင်တန်းကို အာရှ-ပစိဖိတ် လူငယ်ကင်းထောက်များ ကော်မတီဥက္ကဋ္ဌ စင်ကာပူနိုင်ငံ ကင်းထောက်အဖွဲ့မှ နည်းပြဆရာ Mr. Lim Wei Yung ဦးဆောင်ကာ စင်ကာပူနိုင်ငံ ကင်းထောက်အဖွဲ့မှ နည်းပြဆရာတစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံ ကင်းထောက်အဖွဲ့မှ နည်းပြဆရာမတစ်ဦးနှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက်ငယ် (Cub Scout) နည်းပြဆရာမ ဒေါ်သစ်သစ်ဦး၊ လူငယ်အစီအစဉ်ရေးရာ ညှိနှိုင်းရေးမှူး ဦးဖြိုးသူရဝင်း၊ နိုင်ငံတကာရေးရာညှိနှိုင်းရေးမှူး ဦးကောင်းမြတ်ထူးနှင့် တက္ကသိုလ်ကင်းထောက်လူငယ်များက ကင်းထောက်ကတိနှင့် ကျင့်ဝတ်များ၊ ကင်းထောက်ငယ်ကတိနှင့် ဆောင်ပုဒ်၊ လက်မှုပညာနှင့်ဆိုင်သော အခြေခံနည်းစနစ်များ၊ ကလေးများ ဆေးရောင်စုံများ ခွဲခြားအသုံးပြုနည်းများ၊ ပလတ်စတစ်ဘူးများ ပြန်လည်အသုံးပြုမှု နည်းစနစ်များ၊ အခြေခံကင်းထောက်အသိပညာရပ်များ၊ ရှေးဦးသူနာပြုစုနည်းများကို သုံးရက်ကြာမျှ စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းသို့ ကလေးငယ် ၆၉ ဦး၊ ဆရာမနည်းပြ ၁၀ ဦး တက်ရောက်လျက်ရှိပြီး အလားတူ ကင်းထောက်ငယ်သင်တန်းကို ဖေဖော်ဝါရီပထမပတ်က ရန်ကုန်မြို့ Brainworks Total International School တွင် ထိုင်းနိုင်ငံ ကင်းထောက်အဖွဲ့နည်းပြများအကူအညီဖြင့် ကျောင်းသား ၅၂ ဦး၊ ကျောင်းသူ ၂၂ ဦးနှင့် ဆရာမနည်းပြ ၁၀ ဦးတို့အား သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ သိရသည်။

**သတင်းစဉ်**



# ကြွက်ဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးမှုကြုံတွေ့ရသော တောင်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ဖယ်ခုံ  ဇူလိုင်  ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် ကြွက်ဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးမှုကြုံတွေ့ရသော တောင်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက အလယ်ကယန်းကျေးရွာအုပ်စု ဆီးဘူးကျေးရွာ ဆေးရုံအဆောက်အဦသစ်တွင် ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်နှင့် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်တို့က အမှာစကားပြောကြားပြီး အခမ်းအနား တက်ရောက်လာသောတာဝန်ရှိသူများက ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် ကြွက်ဖျက်ဆီးမှုဒဏ်ခံစားခဲ့ရသည့်ပြည်သူများ၏ ဘေးဒုက္ခများကိုလျော့ပါးသက်သာစေရန် ရည်ရွယ်ပြီး ထောက်ပံ့ကူညီဆောင်ရွက်ပေးသည့်အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ဆန်၊ ဆီ၊ ကုလားပဲ၊ ဆား၊ မန္တလာ(၂) ကြွက်သတ်ဆေးတို့ကို ထောက်ပံ့ပေးခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၇၁၀ ကျော် ထောက်ပံ့ပေးတာဖြစ်ကြောင်း၊ ဆက်လက်၍ ကြွက်နှိမ်နင်းရေးကိစ္စများတွင် ဒေသတစ်ခုလုံး တစ်ချိန်တည်းတစ်ပြိုင်တည်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

"ဒီဒေသမှာ ကြွက်ဖျက်ဆီးမှုကြောင့် တောင်ယာစပါး ၁၂၉၁ ဧကကျော် ပျက်စီးဆုံးရှုံးခဲ့ပြီးတော့ ကျေးရွာအုပ်စုလေးအုပ်စုမှာရှိတဲ့ ကျေးရွာပေါင်း ၃၇ ရွာကို မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေရဲ့ စပါးခင်းတွေ ပျက်စီးခဲ့ရတယ်။ အဲဒီအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရိက္ခာအတွက် ဆန်၊ ဆီ၊ ကုလားပဲ၊ ဆား စုစုပေါင်းတန်ဖိုးငွေကျပ် ၆၂၃ သိန်းကျော်နဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရိက္ခာအတွက် ဆန်နဲ့ မန္တလာ(၂) ကြွက်သတ်ဆေး စုစုပေါင်းတန်ဖိုးငွေကျပ် ၈၉ သိန်းကျော် ထောက်ပံ့ပေးတာဖြစ်ပါတယ်"ဟု ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က ပြောသည်။

ထို့အတူ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများက အဆိုပါဆေးရုံတွင် စုပေါင်းရုံးဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကို ဌာနအလိုက်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အခမ်းအနား တက်ရောက်လာသော ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ဖယ်ခုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကယန်းပြည်သစ်ပါတီမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## (၇၂)နှစ်မြောက် အာဇာနည်နေ့ အောက်မေ့ဖွယ်အဖြစ် အများပြည်သူပြောကြား အာဇာနည်နေ့အမှတ်တရစကားအစီအစဉ် ဖော်ပြမည်

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုဆိုလျှင် (၇၂)နှစ်တိုင်ခဲ့ချေပြီ။ အာဇာနည်ခေါင်းဆောင်ကြီးများ ကွယ်လွန်စက ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "သုသာန်တံခွန်စောင်းရရှာတဲ့၊ ရုပ်အကျန် ခုနစ်လောင်းရယ်နှင့်၊ အလွန်ကောင်းစွာ ကမ္ဘာတည်မည့်၊ အာဇာနည်ဗိမာန်ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန်တစ်မျိုးရယ်နှင့် ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊ ဩော်တောင်နန်းမြောက်နန်းအဆောင်ကြငှန်းနဲ့ အခေါင်မမြန်းရခင်က၊ အောင်ပန်းညို့ရှရှာတဲ့၊ အောင်ဆန်းတို့ သေပုံနမြော"စသည်ဖြင့် "အာဇာနည်ဗိမာန်" လေးချိုးကြီးဖြင့် ရေးစပ်သီကုံးခဲ့ပါသည်။

ဆရာကြီးဇော်ဂျီက "ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ပညာ၊ ဆန်းမှာဆုံပေါင်း၊ ယောက်ျားကောင်းတို့၊ ခေါင်းဆောင်သဘော၊ မင့်သားချောကို၊ ပြောလိုက်ပါဘိဟောပါဘိ" စသဖြင့် "ပြောလိုက်ပါဘိဟောပါဘိ" ကဗျာဖြင့် လွမ်းခဲ့၏။

ဆရာကြီးမင်းသုဝဏ်က "မသိ၍ဆို၊ မလို၍ပြော၊ သူ့စိတ်မှာ အလွန်ယဉ်လို့၊ သူ့ညာဉ်မှာ အလွန်သန့်တယ်၊ ထူးချွန့်သဘော" စသဖြင့် "ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့်ပစ္စုပ္ပန်)" ကဗျာကို ရေးဖွဲ့ခဲ့၏။

ဆရာမကြီးနုယဉ်က "အမိမြန်မာ၊ ရတနာသား၊ ဇာနည်ဘွားဟု၊ ထင်ရှားပီပီ၊ ရှေ့သို့ချီ" စသဖြင့် "ဇာနည်ဘွား" ကဗျာဖြင့် တမ်းတခဲ့၏။

ကဗျာဆရာ ထွဏ်းနေနွယ်က "သေကာသူသွား၊ မှန်ပေပြောမင့်၊ သူကားမသေ၊ တို့ယုံနေသည်၊ တို့မြေတို့မြေ၊ တစ်ဝန်းတည်း"စသဖြင့် "သူ" ကဗျာဖြင့် သေသူကို ရှင်သူက တခဲ့၏။

ကဗျာဆရာ တင်မိုးက "သူ၏ကိုယ်စား၊ သူ့စိတ်ထားက ညွှန်ကြားလိမ့်မည်၊ ခေါင်းဆောင်မည်ဟု၊ ပြည်သူတိုင်းက၊ ယုံကြည်ကြ၏" စသဖြင့် "အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့" ကဗျာဖြင့် စပ်ဆိုခဲ့၏။

သို့ဖြစ်ပါ၍ "ယခုခါတွင်၊ အသင်ကွယ်ပြီ၊ ကာလရှည်လည်း၊ ပြည်သူအပေါင်း၊ သင့်အကြောင်းကို၊ ပြန်ပြောင်းပြောဆို၊ ချစ်ကြည်ညိုလျက်၊ သင့်ကိုလွမ်းရ၊ တသသနှင့်၊ တမ်းတမဆုံးရှိသည်တကား"ဟူသည့် ကဗျာဆရာကြီး မင်းယုဝေ၏ "ဗိုလ်ချုပ်အောင်ဆန်းသို့" ကဗျာသို့နှယ် ပစ္စက္ခ (၇၂)နှစ်တိုင်သော်လည်း ယခုတိုင် မမေ့နိုင်ကြသည့် ပြည်သူတို့၏ အမှတ်တရစကားများကိုစုစည်း၍ "အများပြည်သူပြောကြား အာဇာနည်နေ့ အမှတ်တရစကား"အစီအစဉ်ကို ကောက်နုတ်တင်ပြသွားမည် ဖြစ်ပါသည်။

စာတည်း(သတင်းစဉ်)

စာကိုး - သမိန်သောင်း၏ "ဗိုလ်ချုပ်အောင်ဆန်းဘွဲ့ကဗျာများ"။

# ရန်ကုန်တောင်ပိုင်းခရိုင်က အများပြည်သူပြောကြား အာဇာနည်နေ့အမှတ်တရစကား



မမြတ်သီရိသူ (ကျောင်းသူ)


ဦးစိုးဝင်း (အငြိမ်းစားကျောင်းဆရာ)


မောင်ညိုမှိုင်း (သန်လျင်)စာရေးဆရာ


ဦးမောင်မောင်တိုး (လုပ်ငန်းရှင်)


ကိုအောင်အောင်တင့် (ပြည်သူ)

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ အာဇာနည်ကျောက်တိုင်ကွင်းတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများကို အောက်မေ့သတိရစွာဖြင့် စနစ်တကျ ကျင်းပသွားရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

အလားတူ ခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌လည်း သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိအဖွဲ့များ၏စီစဉ်မှုဖြင့် အာဇာနည်နေ့အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူပြောကြား အာဇာနည်နေ့အမှတ်တရစကားအစီအစဉ်ကို စုစည်းဖော်ပြလိုက်ရပါသည်။

**မမြတ်သီရိသူ**
**(ကျောင်းသူ၊ နှစ်ထပ်ကွမ်းလူရည်ချွန်၊ အထက-၂၊ သန်လျင်)**

ကျွန်မတို့နိုင်ငံဟာ လွန်ခဲ့သော နှစ်ပေါင်း (၇၁)နှစ် တစ်နည်းအားဖြင့် ၁၉၄၈ ခု၊ နှစ်ဆန်းလေးမှာ လွတ်လပ်ရေးရခဲ့ကြပါတယ်။ လွတ်လပ်ရေးဟာ အာဇာနည်ကြီးတွေရဲ့ သွေးတွေ၊ ချွေးတွေ၊ နှလုံးသွေးတွေနဲ့ အခြေပြုခဲ့ကြတာပါ၊ အာဇာနည်နေ့ဟာ ဇူလိုင် ၁၉၊ ၁၉၄၇ ခုနှစ်ဆိုတာ အားလုံးသိကြပါတယ်။ မိုးစွေနေတဲ့ ဇူလိုင်ဟာ အလွမ်းတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ အာဇာနည်နေ့ကိုရောက်တိုင်း လွမ်းဆွတ်တမ်းတရတဲ့ အခမ်းအနားတွေကို မြင်တိုင်း၊ ကြားတိုင်းမှာ ကြက်သီးထမတတ် ခံစားရပါတယ်။

အာဇာနည်နေ့ဟာ အခုနှစ်ပေါင်း (၇၂) နှစ်တိုင် ရှိနေပါပြီ၊ ပူပူနွေးနွေးကာလ မဟုတ်ပေမယ့် ကျွန်မတို့ ကျောင်းသားလူငယ်များအတွက်၊ မည်သည့်အလွှာထုအတွက်မဆို လွမ်းဆွတ်တသရသလို ဇာတိမာန်တွေ၊ မျိုးချစ်စိတ်တွေကို တက်ကြွစေခဲ့ပါတယ်။ "နှစ်လရာသီ ခါရာသီရွှေ့ပေမယ့် အာဇာနည်နေ့ကို တော့ဖြင့် မမေ့သင့်ပါပြီ"ဆိုတဲ့ သီချင်းလေးဟာ အာဇာနည်နေ့တိုင်းနေ့တိုင်း ဆွတ်ပျံ့ဖွယ် ပျံ့နှံ့လာကြတာကို ကြားရတိုင်း ကျွန်မတို့ လူငယ်ထုတွေအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေအပေါ် လွမ်းဆွတ်တမ်းတမှုတွေ ပိုမိုစေခဲ့ပါတယ်။ မြန်မာစကားပုံအရ ဆိုရင်တော့ လူသေသော်လည်း နာမည်မသေသော အာဇာနည်အမျိုးမြတ်တွေအပေါ် ဆတက်ထမ်းပိုးအလွမ်းတိုးလို့ လေးစားစိတ်တွေ၊ ဂုဏ်ယူစိတ်တွေ၊ နှမြောတသ ဖြစ်မိတာတွေစတဲ့ ခံစားမှုပေါင်းစုံ ခံစားကြရပါတယ်။

အာဇာနည်ဆိုတာ သင့်မသင့်ကို ခဏချင်းကောင်းစွာသိ၍ ရဲဝံ့စွာဆောင်ရွက်သူ၊ သာမန်လက်ရုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဆိုပြီး မြန်မာအဘိဓာန်မှာ ဖွင့်ဆိုထားတာကိုလည်း တွေ့ရပါတယ်။ ဟုတ်ပါတယ်၊ တစ်နည်းပြောရရင် ကျွန်မတို့ လူငယ်တွေအတွက် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်ဟာ "Role Model" ဆိုတဲ့ စံပြုထိုက်တဲ့ပုဂ္ဂိုလ်ပါ။ ဗိုလ်ချုပ်ဟာ မျိုးချစ်အားမာန်တက်ကြွတဲ့ မျိုးရိုးစဉ်ဆက်ကနေ ပေါက်ဖွားလာခဲ့ပါတယ်။

တိုင်းပြည်အတွက် အမျိုးသားကျောင်းထွက် ပညာတတ်ဗိုလ်ချုပ်ဟာ တက္ကသိုလ်မှာ ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ တို့ဗမာအစည်းအရုံးစတဲ့ နိုင်ငံ့လွတ်လပ်ရေး ကြိုးပမ်းမှုအခန်းကဏ္ဍများစွာရဲ့ ခေါင်းဆောင်တစ်ဦးဆိုတာ သမိုင်းအစဉ်အလာမှာ ကျွန်မတို့ သိခဲ့ကြရပါတယ်။

ကျွန်မတို့ လူငယ်တွေဟာ အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သတိရပါတယ်။ လေးစားပါတယ်လို့ဆိုရုံပဲ ဆိုနေကြမယ့်အစား ဗိုလ်ချုပ်အမွေဖြစ်တဲ့ လွတ်လပ်တဲ့ မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး တစ်ဦးပေါ်တစ်ဦး မေတ္တာတရား အခြေပြုထားတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်နိုင်ဖို့ ကျွန်မတို့ လူငယ်ထုတစ်ရပ်လုံးက ကြိုးစားစွမ်းဆောင်သင့်တယ်လို့ မြင်ပါတယ်။

အာဇာနည်နေ့အခမ်းအနားဆိုတာ ကျွန်မတို့ ငယ်ငယ်ကတည်းက မစိမ်းတဲ့အခမ်းအနားတစ်ခုပါ။ ဒီနေ့ ဒီရက်မှာ ဒီလိုမြင်ကွင်း၊ ဒီလိုပုံရိပ်တွေဟာ မစိမ်းပါဘူး။ ဒီလိုဖြစ်ရပ်တွေ ကြုံလေတိုင်း ဗိုလ်ချုပ်တို့သာရှိရင်ဆိုတဲ့ အတွေးဝင်တဲ့အပြင် ကျွန်မတို့လည်း ဒီ့ထက် ပိုကြိုးစားသင့်ပါတယ်ဆိုတဲ့ အတွေးတွေဝင်လာတတ်ပါတယ်။ ဒါ့ကြောင့် ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့ဆိုသော်လည်း သေသာသေသော်လည်း မမေ့နိုင်ခဲ့သော အာဇာနည်ကြီးတွေကို အလေးပြုလိုက်ရပါတယ်။

**ဦးစိုးဝင်း (အငြိမ်းစားကျောင်းဆရာ)**

အာဇာနည်ခေါင်းဆောင်ကြီးတွေက သူ့ကျွန်ဘဝရောက်နေရတဲ့ တိုင်းပြည်ကို နယ်ချဲ့လက်အောက်ကလွတ်မြောက်ပြီး လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံ တည်ထောင်ဖို့အတွက် ရည်ရွယ်ချက်ထားခဲ့တယ်၊ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်ခဲ့ကြပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ရည်မှန်းကြိုးပမ်းမှုနဲ့ အမြော်အမြင်ကြီးစွာ ရယူပေးထားတဲ့ လွတ်လပ်ရေးကြီး မဆုံးရှုံးရလေအောင် နိုင်ငံသားတိုင်းက နိုင်ငံ့ချစ်စိတ်နဲ့ အမြဲတမ်းရှင်သန်ထိန်းသိမ်းကာကွယ်နေကြဖို့ လိုအပ်နေပြီလို့ ပြောလိုပါတယ်။

ဒါ့အပြင် အာဇာနည်ခေါင်းဆောင်ကြီးတွေ ရည်မှန်းထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ဖို့ နိုင်ငံသားတိုင်းက ပြည်တွင်းမှာ ထာဝရငြိမ်းချမ်းရေးရရှိအောင် သွေးစည်းညီညွတ်ကြလျက် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ သဘောထားရည်မှန်းချက်တွေအောင်မြင်စေဖို့ စွမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ နိုင်ငံနဲ့လူမျိုးအတွက် စွန့်လွှတ်စွန့်စားစိတ်ဓာတ်တွေကို အတုယူပြီး မိမိတို့ရဲ့အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးကြဖို့ မျိုးဆက်သစ်လူငယ်တွေကို တိုက်တွန်းပြောကြားလိုပါတယ်။ (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ဖြစ်တဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စွန့်လွှတ်အနစ်နာခံဆောင်ရွက်မှုတွေ၊ ကျေးဇူးတရားတွေကို မမေ့မလျော့စေဖို့၊ လွတ်လပ်ရေးဟာ အသက်သွေးချွေးတွေစတေးပြီးမှ ခက်ခက်ခဲခဲ ရယူခဲ့တာကို နောင်လာနောက်သားတွေ သိရှိစေဖို့နဲ့ မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ထက်မြက်စေဖို့စတဲ့ ရည်ရွယ်ချက်တွေကို ထာဝစဉ် အလေးထားလိုက်နာသင့်ပါကြောင်း ပြောကြားလိုပါတယ်။

**မောင်ညိုမှိုင်း (သန်လျင်) စာရေးဆရာ**

လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဗြိတိသျှအစိုးရ၊ ဂျပန်အစိုးရ၊ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်တွေကအစ အလွန်လေးစားကြတယ်။ ဘာ့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို လေးစားကြသလဲဆိုတော့ ဗိုလ်ချုပ်က ရိုးသားဖြောင့်မတ် ပွင့်လင်းရဲရင့်လို့ပါ။

တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ ညီညွတ်ရေး စည်းလုံးရေးနဲ့စပ်လျဉ်းတဲ့မိန့်ခွန်းကို ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်က မြို့တော်ခန်းမမှာ ဟောပြောခဲ့တယ်။ ဒါ - ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝမှာ နောက်ဆုံးပြောခဲ့တဲ့ မိန့်ခွန်းပါပဲ။

ဒီမိန့်ခွန်းကို ဇူလိုင် ၁၃ ရက်မှာ ဟောပြောခဲ့ပြီး ဇူလိုင် ၁၉ ရက်ရောက်တော့ လူမသမာသူတွေရဲ့လက်ချက်နဲ့ ဗိုလ်ချုပ်အပါအဝင် အာဇာနည်ကိုးဦးတို့ ကျဆုံးခဲ့ရတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့တန်ဖိုးကို နားမလည်တာ နိုင်ငံ့အတွက် ကြီးစွာသော ဆုံးရှုံးမှုပါပဲ။

ယနေ့ကာလမှာတော့ ထပ်မမှားကြဘဲ စည်းလုံးညီညွတ်စွာနဲ့ တိုင်းပြည်အကျိုး ရှေးရှုဆောင်ရွက်ကြပါ၊ ခေါင်းဆောင်ကောင်းရဲ့တန်ဖိုးကို အစဉ်အမှတ်ရကြပါလို့ ပြောချင်တာပါပဲ။

**ဦးမောင်မောင်တိုး (လုပ်ငန်းရှင်)**

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့မွန်မြတ်တဲ့ ကျေးဇူးတရားတွေကို အမြဲတမ်းအမှတ်ရနေခဲ့ပါတယ်။ ကျွန်တော့်အသက် ၅၇ နှစ်အတွင်းမှာ အရင်တုန်းက အာဇာနည်နေ့ဆို သူငယ်ချင်းတွေနဲ့စုစည်းပြီး အာဇာနည်ကျောက်တိုင်ကွင်းမှာ လွမ်းသူ့ပန်းခွေချခဲ့တာတွေ အမှတ်တရရှိနေဆဲပါ။ ယနေ့လူငယ်တွေ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ နိုင်ငံ့အပေါ် ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေကို အားကျအတုယူစေချင်တာပါ။

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိမိအသက် မငဲ့ကွက်ဘဲ ကြိုးပမ်းခဲ့တာတွေ အထူးသဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကတော့ ကျွန်တော်တို့အားလုံးရဲ့ ရင်ထဲမှာ ယနေ့တိုင် မေ့ပျောက်လို့မရတဲ့ ခေါင်းဆောင်ကြီးတစ်ဦးဆိုလည်း မမှားပါဘူး။ နိုင်ငံ့အပေါ် ချမှတ်ခဲ့တဲ့လမ်းစဉ်တွေ အဆိုအမိန့်တွေဟာလည်း ယနေ့အထိ တန်ဖိုးမဖြတ်နိုင်သေးတာကို တွေ့ရပါတယ်။

**ကိုအောင်အောင်တင့် (ပြည်သူ)**

ကျွန်တော်တို့ငယ်ငယ် ကျောင်းသားဘဝက ကျောင်းမှာ အာဇာနည်နေ့အကြောင်း ဟောပြောခဲ့တဲ့ ဆရာ ဆရာမတွေကို ယနေ့တိုင် အမှတ်ရနေဆဲပါ။ ကျောင်းတွင်း အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ စကားရည်လုပွဲတွေ ပါဝင်ယှဉ်ပြိုင်ခဲ့တာလည်း ယနေ့အထိ သတိရနေဆဲဖြစ်ပါတယ်။ ဗိုလ်ချုပ်အပါအဝင် အာဇာနည်ကိုးဦး ကျဆုံးခဲ့ရတာကိုလည်း ယနေ့တိုင် ဝမ်းနည်းခြင်း၊ နှမြောတသခြင်းတွေ ဖြစ်နေဆဲပါ။

လူငယ်တွေရဲ့ရင်ထဲမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့နိုင်ငံနဲ့ လူမျိုးအတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့တာတွေ တစ်ဦးချင်းစီရဲ့လေးစားအားကျ အတုယူစရာတွေကို သိရှိနားလည်ပြီး လွတ်လပ်ရေးကို အလေးထားတန်ဖိုးထားတဲ့စိတ် နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်တွေ လူငယ်ထုအတွင်းမှာ ပေါက်ဖွားရှင်သန်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

**တွေ့ဆုံမေးမြန်း - သန်းဝင်း (သန်လျင်)**

# ဘာမှမဖြည့်ဘဲတင်လာခဲ့ရင် ကျွန်မတို့ဘက်က ဝင်ခွင့်ပေးရတာ ဘယ်လိုမှ လုပ်ပေးလို့မရဘူး။ အဲဒါကြောင့် ကိုယ်တက်ချင်တဲ့ကျောင်း၊ တက်ချင်တဲ့ ဘာသာရပ် ကိုယ့်အမှတ်က ဘယ်လောက်ပဲရရ ကိုယ်စိတ်ဝင်စားရင် ဖြည့်သာဖြည့်ပြီး လျှောက်ပေးဖို့လိုပါတယ်

ဒေါက်တာသန်းသန်းဝင်း

## ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ စကားဝိုင်းကျင်းပ

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာစကားဝိုင်းတွင် ပါမောက္ခချုပ်များကော်မတီ ဥက္ကဋ္ဌ ဆေးတက္ကသိုလ်-၁ (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဇော်ဝေစိုး၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေး၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည် -

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး ။ ။ ဆရာမကြီးတို့အနေနဲ့ ကွန်ပျူတာတက္ကသိုလ်တွေကို ရွေးချယ်လျှောက်ထားတဲ့ ကျောင်းသားတွေကို ဘယ်လိုမျိုးစိစစ်ရွေးချယ်ပေးသလဲဆိုတာ ဆရာမကြီးအနေနဲ့ ဆွေးနွေးပေးပါဦး။**

**ဒေါက်တာစောစန္ဒာအေး ။** ။ ကွန်ပျူတာနဲ့ သတင်းအချက်အလက်နည်းပညာ လေ့လာလိုတဲ့ ကျောင်းသား ကျောင်းသူအားလုံး မြန်မာတစ်နိုင်ငံလုံးက စာစစ်ဌာနမှာ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေ လျှောက်ထားနိုင်ပါတယ်။ သီးခြားရွေးချယ်မယ့် တက္ကသိုလ် သုံးခုမှအပ တခြားကွန်ပျူတာတက္ကသိုလ်တွေကိုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေကို ဦးစားပေးရွေးချယ်မှာ ဖြစ်ပါတယ်။ အဲဒီမှာ သတ်မှတ်ထားတဲ့ ဦးရေမပြည့်ဘူးဆိုရင် ကျန်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေကနေ လျှောက်ထားတဲ့သူတွေကို သတ်မှတ်ချက်နဲ့ ကိုက်ညီတယ်ဆိုရင် စိစစ်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ရန်ကုန်တက္ကသိုလ်ကို လျှောက်ထားတဲ့အခါမှာ ဘယ်လိုမျိုး လျှောက်ထားရမလဲဆိုတာ ဆွေးနွေးပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာဖိုးကောင်း ။** ။ ရန်ကုန်တက္ကသိုလ် လျှောက်ထားမယ့်သူဟာ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်ပါ စာမျက်နှာ ၃၄၊ အပိုဒ် (၁၆) မှာ ရေးသားဖော်ပြထားတဲ့ ရန်ကုန်တက္ကသိုလ်အတွက် လမ်းညွှန်ချက်တွေကို သေချာစွာဖတ်ရှုဖို့ လိုပါတယ်။ အပိုဒ် (၁၆) ပါ အပိုဒ်ခွဲတွေထဲမှာ ဖော်ပြထားပါတယ်။ ကိုက်ညီသူကို လက်ခံပြီးတော့ အပိုဒ်ခွဲတွေနဲ့ ကိုက်ညီမှုမရှိတဲ့ လျှောက်လွှာတွေကို လုံးဝလက်ခံမှာ မဟုတ်ပါဘူး။ ရန်ကုန်တက္ကသိုလ် လျှောက်ထားတဲ့သူဟာ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ဘာသာရပ် ၂၆ ခုအနက် သုံးခုကိုသာ ဦးစားပေးလျှောက်ထားခွင့် ရှိပါတယ်။ ဝင်ခွင့်လျှောက်လွှာပါ ဦးစားပေး (၁) မှာ ရန်ကုန်တက္ကသိုလ်လျှောက်ထားသူဟာ မိမိလျှောက်ထားတဲ့ ဘာသာရပ်ရဲ့သတ်မှတ်ချက်နဲ့ ကိုက်ညီမှ ဝင်ခွင့်ပုံစံကို ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်ကို လိပ်မူပြီး တိုက်ရိုက်လျှောက်ထားနိုင်ပြီး လူတွေ့ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဘာသာရပ်ဌာနအလိုက် လူတွေ့ဖြေဆိုရမယ့် အချိန်၊ နေ့ရက်ကို အချိန်မီ ကြေညာပေးပါမယ်။ ဝင်ခွင့်ဖြေဆိုရမယ့် အမည်စာရင်းကို ဖုန်းနဲ့ အကြောင်းကြားမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ Website ဖြစ်တဲ့ www.uy.edu.mm မှာလည်း ကြေညာပေးမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ရန်ကုန်တက္ကသိုလ် လျှောက်ထားတဲ့သူတွေအနေနဲ့ သတိပြုရမယ့် အချက်လေးတွေရှိရင် ဆွေးနွေးပေးပါဦး။**

**ဒေါက်တာဖိုးကောင်း ။** ။ စာတိုက်ကတစ်ဆင့် လျှောက်ထားတဲ့သူတွေ အချိန်မီ ပေးပို့ဖို့ လိုပါတယ်။ ဝင်ခွင့်ဖြေဆိုဖို့ အကြောင်းကြားဖို့အတွက် ဆက်သွယ်ရမယ့် ဖုန်း၊ သေချာတဲ့ ဖုန်းတွေကို ပေးဖို့လိုပါတယ်။ အနည်းဆုံး နံပါတ်နှစ်ခုလောက် ရေးသားဖြည့်စွက်ထားဖို့ လိုပါတယ်။ ရန်ကုန်တက္ကသိုလ်ကို ပထမဦးစားပေး လျှောက်ထားတဲ့သူတွေအတွက် လူတွေ့ဖြေဆိုမယ့်ရက်ကို ၂၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၉ စနေနေ့နဲ့ ၂၈ ရက်၊ ဇူလိုင်လ၊ ၂၀၁၉ တနင်္ဂနွေနေ့မှာ ကျင်းပပေးမှာ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်ကို ဒုတိယ၊ တတိယ စသည်ဖြင့် ဦးစားပေးလျှောက်ထားသူတွေကိုလည်း လူတွေ့ အကြိမ်ကြိမ်ကျင်းပပေးမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်တစ်ခုတည်း လူတွေ့ဖြေဆိုရမှာဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ်က ကျင်းပပေးမယ့် လူတွေ့ဖြေဆိုရမယ့် အကြိမ်တွေ ပျက်ကွက်တာကို နောက်ဆက်တွဲ ဖြေဆိုခွင့်မရှိပါဘူး။ ရန်ကုန်တက္ကသိုလ်ထက် အမှတ်မြင့်တဲ့ တက္ကသိုလ်တွေကနေ ရန်ကုန်တက္ကသိုလ်ကို ပြောင်းရွှေ့ခွင့် မပြုပါဘူး။ ဘာလို့လဲဆိုတော့ လူတွေ့မဖြေဆိုထားရင်တော့ ခွင့်မပြုဘဲ လူတွေ့ဖြေဆိုထားရင် ခွင့်ပြုမှာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်အတွင်းမှာရှိတဲ့ ဝင်ခွင့်ရရှိတဲ့ ဘာသာရပ်အချင်းချင်း အမှတ်မီရင်တော့ ရန်ကုန်တက္ကသိုလ်ရဲ့ပညာရေးအဖွဲ့ ဆုံးဖြတ်ချက်နဲ့ ပြောင်းရွှေ့ခွင့်ရှိပါတယ်။

အခြားဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေက အမှတ်မီရင်တော့ ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ပြောင်းရွှေ့ခွင့်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေ့နှုတ်ဖြေစာမေးပွဲရှိတဲ့အတွက် ခွင့်မပြုပါဘူး။

**အစီအစဉ်မှူး ။ ။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမှာ ဖြေဆိုအောင်မြင်ကြတဲ့ ကျောင်းသား ကျောင်းသူတွေ လျှောက်ထားတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး ဆရာကြီးအနေနဲ့ ထပ်မံဖြည့်စွက်ဆွေးနွေးပေးမယ့် အချက်လေးများရှိရင် ပြောကြားပေးပါဦး။**

**ဒေါက်တာဇော်ဝေစိုး ။** ။ မြန်မာနိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်နေပါတယ်။ ခေတ်နဲ့အညီ နိုင်ငံတကာအဆင့်မီ မြန်မာပြည်က ပညာရေးအဆင့်မြင့် ပြုပြင်ပြောင်းလဲမှုမှာ အဆင့်မြင့်ပညာအနေနဲ့ တက္ကသိုလ်တွေအနေနဲ့လည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ဘွဲ့ရတွေ နိုင်ငံတကာအဆင့်မီဖို့၊ ယှဉ်ပြိုင်နိုင်တဲ့လူတွေဖြစ်ဖို့၊ ကိုယ့်ရဲ့ ဝါသနာပါရာ ဦးစားပေးလိုချင်တဲ့နေရာမှာ ကိုယ့်ဘဝတည်ဆောက်နိုင်ဖို့ဆိုတာတွေကြောင့် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်တဲ့စနစ်ကို တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲနေတာ ဖြစ်ပါတယ်။




ပြောင်းလဲနေတဲ့နေရာမှာ အရင်တုန်းက သွားခဲ့တဲ့စနစ်နဲ့ အခုသွားမယ့်စနစ် နောင်ကျရင် နိုင်ငံတကာတက္ကသိုလ်တွေလိုပဲ Autonomous University လုပ်ပြီး ကိုယ့်ဟာကိုယ် သီးခြားကြိုက်တာ ရွေးချယ်ဖို့ ကျောင်းသားတွေအနေနဲ့ လျှောက်ခွင့်ရှိဖို့၊ ဒါမျိုးတွေကို ပြောင်းလဲတဲ့နေရာမှာ တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲနေတဲ့နေရာမှာ တတ်နိုင်သမျှ မနစ်နာရအောင်၊ အမှားအယွင်းမရှိရအောင်၊ နောက်ပြီး အားလုံးအဆင်ပြေရအောင်၊ ကျွန်တော်တို့ ကြိုးစားပြီး လုပ်နေကြတာပါ။

ကျောင်းသားတွေအနေနဲ့၊ မိဘတွေအနေနဲ့ သေသေချာချာလေး အာရုံစိုက်ပြီး လုပ်ဖို့လိုပါတယ်။ သေချာလည်း စဉ်းစားပြီး ရွေးချယ်ဖို့လိုပါတယ်။ ဒီနှစ်မှာဆိုရင် ကျွန်တော်တို့ သတိထားမိတယ်၊ သေချာသိရသလောက်က တက္ကသိုလ်ဝင်စာမေးပွဲအောင်တဲ့သူတွေ အရင်နှစ်ကထက်စာရင် ဂုဏ်ထူးထွက်တာ နည်းနေတာ တွေ့ရတယ်။ နည်းရတဲ့အကြောင်းအရင်းက Critical thinking ဘက်ကို သွားနေတယ်။ အတွေးအခေါ်၊ အမြော်အမြင်နဲ့ စာမေးပွဲတွေဘက်ကို သွားနေတာဖြစ်နေတဲ့အတွက် ပြောင်းလဲသွားတာဖြစ်တယ်။ အကြမ်းဖျင်းအားဖြင့်ဆိုရင် ဒီနှစ်တက္ကသိုလ်ဝင်ခွင့်အမှတ်တွေဟာ အရင်နှစ်ကထက် လျော့ကျလာဖို့ရှိပါတယ်။ ဟိုအရင်နှစ်က ကျွန်တော်တို့ ဆေးတက္ကသိုလ်ဝင်ခဲ့တဲ့ အမှတ်တွေဟာ အဲဒီနှစ်လောက် ဒီနှစ်မရပေမယ့် ဝင်မှာဖြစ်ပါတယ်။ ဒါကို သိဖို့လိုပါတယ်။

အားလုံးစဉ်းစားတဲ့နေရာမှာ အဲဒါကို ထည့်စဉ်းစားဖို့လိုပါတယ်။ နောက်တစ်ခုကတော့ တက္ကသိုလ်တွေအနေနဲ့ အရေအတွက် လူဦးရေကို သတ်မှတ်တဲ့ လူဦးရေပြည့်မီဖို့ ကြိုးစားကြမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာပြည်ရဲ့ Human Resource ကို ထိခိုက်လို့မဖြစ်ဘူး။ တက္ကသိုလ်တွေက မွေးထုတ်လိုက်တဲ့သူတွေက မြန်မာပြည်အတွက် အလုပ်လုပ်မယ့်သူတွေ။ အလုပ်လုပ်မယ့်သူတွေ အရေအတွက်ကို နိုင်ငံတစ်နိုင်ငံလုံးအနေနဲ့ Human Resource Plan ရှိတယ်။ အဲဒီ Plan နဲ့ ကိုက်ညီဖို့ စီစဉ်ထားတယ်။ ရွေးထားတယ်။ တက္ကသိုလ်တွေကို သတ်မှတ်ထားတာဖြစ်တဲ့အတွက် တက္ကသိုလ်တွေက သင်နိုင်တဲ့ ဆရာနဲ့ ကျောင်းသားအချိုးတွေ တွက်ပြီး အရေအတွက်ကို ပြည့်မီအောင်ယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ထင်တာ ဒီနှစ်တက္ကသိုလ်ဝင်ခွင့်ရတဲ့ အမှတ်တွေဟာ အရင်နှစ်ထက် လျော့လာမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာမကြီးအနေနဲ့ ဆွေးနွေးစရာရှိရင် နောက်ထပ်ဖြည့်စွက်ပြောကြားပေးပါဦး။**

**ဒေါက်တာသန်းသန်းဝင်း ။** ။ ဖြည့်စွက်ပြောချင်တာက တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မှုကတ်ပြား ရှေ့စာမျက်နှာကိုပဲ ပြောလိုက်မိတယ်။ နောက်စာမျက်နှာကို ပြောဖို့ နည်းနည်းလေးကျန်နေတယ်။ ဖြည့်ရမယ့် အရေးကြီးတာတစ်နေရာ ရှိပါတယ်။ ဘာသာတွဲအလိုက် ရတဲ့အမှတ်တွေ ဖြည့်စွက်တဲ့အခါမှာ ဘာသာတွဲက စုစုပေါင်း (၈) တွဲ ရှိတယ်။ ကိုယ်ယူခဲ့တဲ့ ဘာသာတွဲမှာ မှန်မှန်ကန်ကန်ဖြည့်ဖို့ မှာချင်တယ်။ နှစ်တိုင်း ရွေးချယ်တဲ့အချိန်မှာ တွေ့ရတဲ့ အတွေ့အကြုံလေးတစ်ခုက ဦးစားပေးအစီအစဉ်လိုက်တွေကို ၂၂ ကွက် အပြည့်ဖြည့်ပါလို့ ပြောပေမယ့် တချို့ကျောင်းသားတွေက ဘယ်လိုသဘောမျိုးလဲမသိဘူး၊ မေ့သွားတာလား၊ ဒါမှမဟုတ် ရွေးချယ်တဲ့အဖွဲ့က သူပေးချင်တဲ့ဘာသာ၊ ပေးချင်တဲ့ကျောင်းရအောင် ထင်လို့လားမသိ၊ လုံးဝ Blank ကြီးပါပဲ။ ဘာမှမဖြည့်ဘဲ တင်လာတာတွေ ရှိပါတယ်။

ဘာမှမဖြည့်ဘဲတင်လာခဲ့ရင် ကျွန်မတို့ဘက်က ဝင်ခွင့်ပေးရတာ ဘယ်လိုမှ လုပ်ပေးလို့မရဘူး။ အဲဒါကြောင့် ကိုယ်တက်ချင်တဲ့ကျောင်း၊ တက်ချင်တဲ့ ဘာသာရပ် ကိုယ့်အမှတ်က ဘယ်လောက်ပဲရရ ကိုယ်စိတ်ဝင်စားရင် ဖြည့်သာဖြည့်ပြီး လျှောက်ပေးဖို့လိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာကြီးတို့ရဲ့ နည်းပညာတက္ကသိုလ်ကို လျှောက်ထားတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် နောက်ထပ်ဖြည့်စွက်ပြီး ဘာများပြောချင်ပါသေးသလဲ။**

**ဒေါက်တာမြင့်သိန်း ။** ။ ဖြည့်စွက်ပြောချင်တာနဲ့ ထပ်ပြီး remind လုပ်ချင်တာ။ ပထမတစ်ခုက သီးခြားဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်ငါးခုကို တိုက်ရိုက် ပါမောက္ခချုပ် သက်ဆိုင်ရာ တက္ကသိုလ်ကို ပေးပို့ရမှာဖြစ်ပါတယ်။ နောက်တစ်ခါ ကျန်တဲ့ နည်းပညာ ၂၈ ကျောင်းကို တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မှာဖြစ်တဲ့အတွက်ကြောင့် သို့ - ဥက္ကဋ္ဌ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့ဆိုပြီးတော့ လိပ်မူပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေက သတ်မှတ်တက္ကသိုလ် ၂၃ ကျောင်းကို ပေးပို့ရမှာ ဖြစ်ပါတယ်။ သီးခြားဝင်ခွင့် ရွေးချယ်မယ့် တက္ကသိုလ်တွေမှာ တစ်နိုင်ငံလုံးက ၂၀၁၉ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်မြင်သူအားလုံး လျှောက်ထားနိုင်ပါတယ်။ နောက်တစ်ခါ သီးခြားဝင်ခွင့်တက္ကသိုလ်တွေမှာ အနိမ့်ဆုံး အမှတ်သတ်မှတ်ထားတာရှိပါတယ်။ အဲဒါကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ထဲမှာ ရေးသားထားပါတယ်။ ဘယ်လိုပဲရေးသားထားထား လူဦးရေပြည့်အောင် ရွေးချယ်ခေါ်ယူမှာဖြစ်တဲ့အတွက်ကြောင့် အနိမ့်ဆုံးအမှတ်ကလည်း ပြောင်းလဲတာ ဖြစ်ရင်ဖြစ်သွားနိုင်တယ်။ ဒါလေးကို ကြိုပြီး Message ပေးလိုပါတယ်။

နောက်တစ်ခုကတော့ ကျန်တဲ့နည်းပညာတက္ကသိုလ် ၂၈ ကျောင်းမှာ တက္ကသိုလ်လေးကျောင်းက မြန်မာတစ်နိုင်ငံလုံးကနေပြီး လျှောက်ထားလို့ရပါတယ်။ နည်းပညာတက္ကသိုလ် (သန်လျင်)၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်တို့ပဲ ဖြစ်ပါတယ်။ ဒီတက္ကသိုလ်လေးခုကတော့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မှာဖြစ်သော်လည်းပဲ တစ်နိုင်ငံလုံးက လျှောက်ထားလို့ရပါတယ်။

ကျန်တဲ့တက္ကသိုလ် ၂၄ ကျောင်းကိုတော့ ဒေသခံတွေကို ဦးစားပေးပြီး ရွေးချယ်မှာဖြစ်ပါတယ်။ ဒေသခံတွေကို အနိမ့်ဆုံးအမှတ် ၃၈၀ အထိ လက်ခံပြီး တကယ်လို့ တက္ကသိုလ်က လက်ခံတဲ့အရေအတွက် လိုသေးတယ်ဆိုရင် တခြားနယ်က လျှောက်ထားတဲ့ ကျောင်းသားတွေကို အရေအတွက်ပြည့်တဲ့အထိ လက်ခံသင်ကြားပေးသွားမယ်လို့ ဖြည့်စွက်ပြောကြားလိုပါတယ်။ အဓိက နည်းပညာတက္ကသိုလ်တွေ လျှောက်ထားတဲ့အခါမှာ မြို့နာမည်လေးကို ပူးတွဲပြီးထည့်ပေးဖို့ မမေ့ဖို့ မှာကြားလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဝိဇ္ဇာသိပ္ပံအထူးပြုဘာသာရပ်တွေ ရွေးချယ်လျှောက်ထားတဲ့အခါမှာ သတိပြုရမယ့်အချက်တွေ၊ နောက်ပြီးတော့ ဖြည့်စွက်ဆွေးနွေးမယ့်အချက်တွေရှိရင် ထပ်ပြီးပြောကြားပေးဖို့ ပြောပါရစေ။**

**ဒေါက်တာဖိုးကောင်း ။** ။ အရှေ့မှာ ပြည့်ပြည့်စုံစုံ ဖော်ပြပြီးသွားပြီ။ ကျွန်တော့်အနေနဲ့ သတိထားသင့်တဲ့အချက်တွေ ထပ်မံဖြည့်စွက်ပြီးပြောရရင် အဓိကကတော့ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို သေချာဖတ်ပြီး အထူးပြုဘာသာရပ်တွေ လျှောက်ထားတဲ့အခါမှာ စိတ်ဝင်စားတဲ့ ဘာသာရပ်တွေ မမှားယွင်းဖို့ပါ။ နောက်တစ်ခုက ကိုယ်သင်ယူခဲ့တဲ့ ဘာသာတွဲနဲ့ မဆိုင်တဲ့ အထူးပြုဘာသာရပ်တွေကို မှားယွင်းလျှောက်ထားမိတတ်ပါတယ်။

ဥပမာပြောရရင် တက္ကသိုလ်ဝင်တန်းမှာ ဇီဝဗေဒဘာသာရပ်ကို မယူခဲ့တဲ့သူတွေက သတ္တဗေဒ၊ အဏ္ဏဝါဗေဒ၊ အဏ္ဏဝါသိပ္ပံစသဖြင့် ဇီဝဗေဒနဲ့ ဆက်နွှယ်နေတဲ့ ဘာသာရပ်တွေကို မယူနိုင်ပါဘူး။ နောက်တစ်ခုကတော့ ကိုယ်တိုင်မလျှောက်ဘဲ တခြားသူတွေရဲ့အကူအညီကို ရယူလျှောက်ထားရင် ကိုယ်လိုချင်တဲ့ဘာသာရပ်ကို လျှောက်ထားမှု မှားယွင်းနိုင်ပါတယ်။ သက်ဆိုင်ရာ အောင်မြင်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ဝေးတဲ့ ဘာသာရပ်တွေ ထည့်လျှောက်မိပြီး ဝေးတဲ့အခြားတက္ကသိုလ်တွေ ရောက်သွားနိုင်ပါတယ်။

ဥပမာ အဏ္ဏဝါသိပ္ပံဘာသာရပ်လျှောက်ထားရင် မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ် မှားလျှောက်ရင် အဝေးကို ရောက်သွားနိုင်ပါတယ်။ ပြည့်ပြည့်စုံစုံလေး အဏ္ဏဝါသိပ္ပံ ဘယ်တက္ကသိုလ်ဆိုပြီး ဖြည့်စွက်လျှောက်ထားဖို့ လိုပါတယ်။ ကိုယ်လိုချင်တဲ့ အထူးပြုဘာသာရပ်တွေကို ပြည့်စုံစွာ မလျှောက်ထားရင် ဘာသာရပ်တွေ မရနိုင်ပါဘူး။

**သတင်းအဖွဲ့**

# မြောက်ဦး၊ ခန္တီး၊ ပလက်ဝနှင့် ရှင်ဗွေယန်မြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် နေအိမ်နှင့် စပါးခင်းများရေနစ်မြုပ်

## မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေးမြို့ မြစ်ရေသည် ဇူလိုင် ၁၂ ရက်မှ ယနေ့အထိ မြင့်တက်လျက်ရှိရာ မြို့ပေါ်နှင့် ကျေးရွာမြေနိမ့် ပိုင်းဒေသများမှ ရေနစ်မြုပ်လျက်ရှိသော နေအိမ်များမှ ပြည်သူများ ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရမ်းချောင်း တောင်ကျ ချောင်းတစ်လျှောက်ရှိ ကျီရာပြင်၊ ပေါက်ပင်ကွင်း၊ အိုးထိမ်းရွာနှင့် ပြိုင်းချကျေးရွာများ ရေနစ်မြုပ်လျက်ရှိပြီး ရေဘေးသင့်သူများမှာ ကျေးရွာရှိနီးစပ်ရာ ဘုန်းတော်ကြီး ကျောင်းနှင့် ခိုင်ခံ့သောနေအိမ်များတွင် ခိုလှုံလျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးမြို့မြစ်ရေသည် စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ပြီး ပန်းဈေးမြောင်းချောင်းမှ တစ်ဆင့် မြောက်ဦးမြို့ပေါ်ရှိမြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော ဆင်ချဆိပ်၊ ကြက်လျှာကျွန်း၊ ကြက်ဈေးရပ်ကွက်တို့ရေကြီး နစ်မြုပ်လျက်ရှိကြောင်း၊ မြေနိမ့်ပိုင်း ကျေးရွာများဖြစ်သော ရွှေထွန်းဖြူ၊ စေတီကုန်း၊ ရှမ်းတောင်၊ ဆီသည်ရွာနှင့် ကိုင်းတော ကျေးရွာများမှာလည်း ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ခန္တီး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ခန္တီး- ဆင်သေ ချင်းတွင်း တံတားအနီးရှိ အောင်သာယာရွာ မြေနိမ့်ပိုင်းနေရာများတွင် ယနေ့နံနက်ပိုင်းက ချင်းတွင်းမြစ်ရေလျှံလာကြောင်း သိရသည်။

"အခုတော့ မပြောင်းရွှေ့သေးပါဘူး။ ဒီထက်ပိုများပြီး ရေတက်လာရင်တော့ ကျွဲ၊ နွားတွေကို ချင်းတွင်းမြစ်တံတား ဘေး ကုန်းမြင့်နေရာရွှေ့ပြီး လူနေအိမ်များကို တံတား ပေါင်ပေါ် တဲထိုးပြီးတက်နေမှာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဆက်လက်၍ အောင်သာယာရွာ အုပ်ချုပ်ရေးမှူးက "မနှစ်ကတော့ ချင်းတွင်းမြစ်ရေ ကျော်လာတာမရှိပါဘူး။ ဒီနှစ်တော့ ခြံစည်းရိုးတောင်ကျော်လာတယ်။ အနိမ့်ပိုင်းငါးအိမ် လောက် ရေဝင်လာတယ်။ ဒီနှစ်မှ လျှံလာတာဖြစ်တယ်။ အခုဆို ချင်းတွင်း မြစ်ဘေးနား ရေထိန်းတံခါးလည်း ပေါက်သွားပြီ" ဟု ပြောကြားသည်။

**စနေမောင်(ခန္တီး)**



ခန္တီးမြို့နယ် အောင်သာယာကျေးရွာ မြေနိမ့်ပိုင်းရပ်ကွက်များရေဝင်ရောက်စဉ်။



မြောက်ဦးမြို့နယ်၌ ရေနစ်မြုပ်လျက်ရှိသော နေအိမ်များမှ ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေကြစဉ်။

## ပလက်ဝ

ပလက်ဝမြို့တွင် ဇူလိုင် ၁၀ ရက်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းပြီး ကုလားတန်မြစ် ရေကြီးရေလျှံမှုကြောင့် ကမ်းနား မြေနိမ့်ပိုင်းရပ်ကွက်များ၌ ရေနစ်မြုပ်လျက်ရှိသည်။

ရေနစ်မြုပ်မှုကြောင့် နတလကျောင်းသား ကျောင်းသူ ၁၇၃ ဦး၊ မြို့မရပ်ကွက်ရှိ အိမ်ခြေ ၃၈ လုံး၊ လူဦးရေ ၁၅၂ ဦး၊ ရွာမရပ်ကွက် အိမ်ခြေ ၆၈ လုံး၊ လူဦးရေ ၂၇၂ ဦး၊ ရိက္ခာရပ်ကွက် အိမ်ခြေ ၁၅ လုံး၊ လူဦးရေ ၆၃ ဦး၊ နတလကျောင်းအဆောက် အအုံဝင်းတစ်ခုလုံးနှင့် စုစုပေါင်းအိမ်ခြေ ၁၂၁ လုံး၊ လူဦးရေ ၆၆၀ ရေဘေးသင့်ဒဏ်ခံနေရကြောင်း ခူးမီးမီဒီယာက ဖော်ပြသည့်စာရင်းအရ သိရသည်။

ရေဘေးသင့်ပြည်သူများအား မြို့နယ် အား/ကာခန်းမ၊ ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းနှင့် နီးစပ်ရာ ဆွေမျိုးနေအိမ်တို့တွင် ပလက်ဝမြို့လူမှုကယ်ဆယ်ရေးပရဟိတ အဖွဲ့က ပြောင်းရွှေ့နေရာချထားမှုများ ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ကျော် (ပလက်ဝ)**

## ရှင်ဗွေယန်

ရှင်ဗွေယန်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်သူ ၁၂၅ ဦး၏ စိုက်ဧက ၂၅၀၊ ခလုံးကျေးရွာအုပ်စုတွင် တောင်သူ ၁၂၀ ၏ လယ်ဧက ၃၀၀၊ တရုံကျေးရွာအုပ်စုမှ တောင်သူ ၂၄၁ ဦး၏လယ်ဧက ၅၅၀ စုစုပေါင်းတောင်သူ ၄၈၆ ဦးတို့၏ စိုက်လယ်ဧက ၁၁၀၀ ရေနစ်မြုပ်မှုဖြစ်ပွားကြောင်း သိရသည်။

ထို့အပြင် စပါးစိုက်ရင်း ပိတ်မိနေသော ဒေသခံပြည်သူ များအား ရှင်ဗွေယန်မြို့ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ ပူးပေါင်း၍ ကယ်ဆယ်ခြင်း၊ လှူဒါန်းပစ္စည်းများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေသယော်ဘော်(စိတ်ပညာ)**

## ဧရာဝတီ၊ ချင်းတွင်း၊ ကုလားတန်နှင့် လေးမြို့မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဗန်းမော် မြို့နှင့်ရွှေကူမြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ဗန်းမော်မြို့ တွင် တစ်ပေခန့်နှင့် နောက်နှစ်ရက်အတွင်း ရွှေကူမြို့တွင် တစ်ပေခွဲခန့် ဆက်လက် တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိ နိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် တစ်ပေခန့်နှင့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိ ရေမှတ်မှ နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ကုလားတန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာ နိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**လေးမြို့မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ လေးမြို့မြစ်ရေသည် မြောက်ဦး မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိ ရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့ ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ခန္တီးမြို့နယ်၊ ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဗန်းမော်၌ ရေဘေးသင့်သူများအား အစားအစာများ လှူဒါန်း

**ဗန်းမော် ဇူလိုင် ၁၄**

ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများ၌ ခေတ္တ ခိုလှုံနေကြသော မိသားစုဝင်များထံ အစားအစာများကို လက်ဝယ်အရောက် ယနေ့နံနက် ၁၁ နာရီက ပေးအပ် လှူဒါန်းခဲ့သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် မြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်း ကိုးခုသို့ ပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ထောင်စုပေါင်း ၁၅၀၊ လူဦးရေ ၅၇၅ ဦးတို့အား အလှူရှင်များက ပေးပို့လှူဒါန်း သည့် ခေါက်ဆွဲခြောက်ထုပ်များ၊ သောက်ရေသန့်ဘူးများ၊ ထမင်းထုပ်များ နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ လူတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၃၀၀ နှုန်းဖြင့် ခုနစ်ရက်စာ ဆန်ဖိုး ငွေကျပ် ၁၂၀၇၅၀၀ တို့ကို ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ယနေ့နံနက် ၁၁ နာရီတွင် ဧရာဝတီ မြစ်ရေသည် ဗန်းမော်မြို့၏ စိုးရိမ်ရေ အမှတ် ၁၁၅၀ စင်တီမီတာကို ကျော်လွန် ၍ ၁၁၇၉ စင်တီမီတာသို့ ရောက်ရှိနေ ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





ရေဘေးသင့်သူများအား တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးစဉ်။

◆ *ကျောဖုံးမှ*

စုစုပေါင်း အိမ်ထောင်စု ၁၀၄၊ လူဦးရေ စုစုပေါင်း ၅၅၃ ဦးအား ပြောင်းရွှေ့နေရာ ချထားပေးခဲ့ကြောင်း ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ သိရ သည်။

ရေဘေးသင့် ပြည်သူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ပရဟိတ အသင်းအဖွဲ့များပူးပေါင်း၍ ကသာမြို့ အမှတ် (၃) ရပ်ကွက် မဟာလေးထပ် ဘုန်းတော်ကြီးကျောင်းရှိ ရေးဘေး ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာ ချထားပေးခဲ့ကြောင်း သိရသည်။

**ဟန်မျိုးကျော် (ပြန်/ဆက်)**

# အိုလံပစ်နေ့ အထိမ်းအမှတ် ခရီးရှည်မြင်းစီးလက်ရည်စစ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်၏ ၂၀၁၉ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ခရီးရှည် လက်ရည်စစ်ပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက နေပြည်တော် မြင်းစီးအားကစား ကွင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

**ယှဉ်ပြိုင်စီးနင်း**

ရှေးဦးစွာ ၂၆ ကီလိုမီတာ ခရီး ရှည်မြင်းစီးလက်ရည် စစ်ပြိုင်ပွဲကို ပြိုင်ပွဲ ဝင်မြင်းအကောင်ရေ ၁၅ ကောင်၊ မြင်းစီး အားကစားသမား ၁၅ ဦးဖြင့် နေပြည် တော် မြင်းစီးအားကစားကွင်းမှ စတင် တာလွှတ်၍ နေပြည်တော်မြို့ပတ်လမ်း အတိုင်း ယှဉ်ပြိုင်စီးနင်းကြပြီး နေပြည် တော် မြင်းစီးအားကစားကွင်းသို့ ပန်းဝင် ကြသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ၂၀၁၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ခရီးရှည် မြင်းစီးလက်ရည်စစ်ပြိုင်ပွဲကို အောင်မြင် စွာကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ အတွေ့အကြုံကောင်းများနှင့် မျိုးဆက် သစ်များ အများအပြားပါဝင်လာပါ ကြောင်း၊ ယခုပွဲအပြီး သုံးသပ်ချက်များ ပြုလုပ်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ ချုပ်မှတာဝန်ရှိသူများအားလုံးကို ကျေးဇူး တင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးကျော်ဦးက အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားပြီး ၂၆ ကီလိုမီတာ ခရီးရှည်မြင်းစီးလက်ရည်စစ် ပြိုင်ပွဲကို အောင်မြင်စွာစီးနင်းနိုင်သူများ အမည်စာရင်းအား မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှု ဆောင် ဦးဝင်းအောင်က ကြေညာသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ မြန်မာနိုင်ငံ မြင်းစီး အဖွဲ့ချုပ် ဦးပြုံးမောင်မောင်က ပထမ ဆုရရှိသော မျိုးမင်းခန့်(မားဗီးယက်) မိုးမြင်းစီးကလပ်အား လည်းကောင်း၊ ဒုတိယဆုရရှိသော သန်းနိုင်အောင် (တွန်တို) မိုးမြင်းစီးကလပ်အား လည်း ကောင်း၊ တတိယဆုရရှိသည့် ဟန်ထွန်း အောင် (စိန်အိမ်စည်) မိုးမြင်းစီးကလပ် အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့် ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး က ၂၆ ကီလိုမီတာ ခရီးရှည်မြင်းစီးလက် ရည်စစ်ပြိုင်ပွဲ အောင်မြင်စွာစီးနင်းနိုင်သူ များကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးကျင်ဦးနှင့် ဒုတိယဥက္ကဋ္ဌ (၂)ဦးအေးချို တို့က ၂၆ ကီလိုမီတာ ခရီးရှည်မြင်းစီး လက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော မြင်းများကို အမှတ်တရ ဆုအဖြစ် မြင်းပိုင်ရှင်များထံ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**



# ရှိုင်ရယ်ဒီ -ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကျင်းပပြီးစီး

**မန္တလေး ဇူလိုင် ၁၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်က ကြီးမှူးပြီး ရှိုင်ရယ်ဒီအားဖြည့်အချိုရည်နှင့် ထက်လင်းအကြောပြေ ဒဏ်ကြေ လိမ်းဆေးတို့၏ အဓိကကူညီပံ့ပိုးမှုဖြင့် စိုင်းဇော်ဇော် Group မှ စီစဉ်သည့် ရှိုင်ရယ်ဒီ - ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ (၂၀၁၉) ကို မန္တလေးတိုင်းဒေသကြီး ဒိုင်းမွန်းပလာဇာ ငါးလွှာတွင် ဇူလိုင် ၁၃ ရက် ညနေ ၆နာရီခွဲမှစ၍ ကျင်းပခဲ့သည်။

ရွှေခါးပတ်ပြိုင်ပွဲမကျင်းပမီ သုံးချီပွဲ သုံးပွဲနှင့် လေးချီပွဲတစ်ပွဲ၊ ငါးချီပွဲ တစ်ပွဲကျင်းပ ရာ လေးချီပွဲတွင် ဇွဲမာန်အောင်(ယူနိုက်တက်) က စည်တော်ဟိန်း(ဗမာ့သွေးမန္တလေး) ကို အနိုင်ရသည်။ ငါးချီပွဲတွင် သားဒိန်း (ဖိုးရာဇာရန်ကုန်)နှင့် ဘိုင်ကာ (ကျားဖြူ မန္တလေး) တို့ ပူးတွဲသရေပွဲရလဒ်ထွက်ပေါ် ခဲ့သည်။

၅၁ ကီလိုတန်း ဗိုလ်လုပွဲတွင် သိန်းစိုး ( ရာဇသိခ်)နှင့် သန့်ဇင်ထူး (ရွှေဘားလား) တို့ ငါးချီပြည့်ထိုးသတ်ပြီး အရှုံးအနိုင်မပေါ်သည့်အတွက် အမှတ်ဖြင့် ဆုံးဖြတ်ရာ သိန်းစိုး(ရာဇသိခ်)က အနိုင်ရရှိသည်။ ၅၄ ကီလိုတန်း ဗိုလ်လုပွဲတွင် စောရွှေလေး (ဒို့ရိုးရာ)က အောင်ပိုင် (ထူးမေတ္တာထူး) ငြိမ်းချမ်းရေးကို ပထမအချီတွင် အလဲထိုး အနိုင်ရသည်။

၅၇ ကီလိုတန်း ဗိုလ်လုပွဲတွင် ဗျူဠ(ကျားဖြူ)နှင့် ဟိန်းထွန်းအောင် (ရှိုင်ရယ် ဒီ ရွှေသထုံ)တို့ ငါးချီပြည့်ထိုးသတ်ရာ အရှုံးအနိုင်မပေါ်သည့်အတွက် အမှတ်ဖြင့် ဆုံးဖြတ်ရာ ဗျူဠ (ကျားဖြူ)က အနိုင်ရရှိသည်။ ၆၀ ကီလိုတန်း ဗိုလ်လုပွဲတွင် စောမင်းနိုင် (ရွှေဘားလား-သထုံ) က နက္ခအောင် (ဇွဲကပင်မြေ-ဘားအံ)ကို ပထမ အချီတွင် အလဲထိုးအနိုင်ရသည်။

၆၃ ဒသမ ၆ ကီလိုတန်းဗိုလ်လုပွဲတွင် ထွန်းနိုင်ဦး (S.T.L) နှင့် သွေးသစ်မောင် (အဖြူ ရောင်သွေးသစ်)တို့ ယှဉ်ပြိုင် ထိုးသတ်ရာ အရှုံးအနိုင်မပေါ်သည့်အတွက် အမှတ်ဖြင့် ဆုံးဖြတ်ရာ ထွန်းနိုင်ဦးက အနိုင်ရရှိသည်။

၆၇ ကီလိုတန်းတွင် ရဲတံခွန် (အဖြူရောင်သွေးသစ်)နှင့် စိန်မျိုးအောင် (ဇွဲကပင် မြေ) တို့ယှဉ်ပြိုင်ထိုးသတ်ရာ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ စိန်မျိုး အောင်က အနိုင်ရရှိသည်။ ၇၁ ကီလိုတန်းတွင် ရန်နိုင်ထွန်း (ဇွဲကပင်မြေဘားအံ့)က ရှမ်းကို (ATM2) ကို ပထမအချီတွင် အလဲထိုးအနိုင်ရသည်။ အမျိုးသမီး ၄၃-၅၉ ကီလိုတန်း ဗိုလ်လုပွဲတွင် ရွှေကိုလေး (ခြသေ့်မင်း)က မေသဇင်ထူး(ကယား) ကို အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ဂျပန်နိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာ ယူ- ၁၈ အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာ ယူ-၁၈အသင်းသည် ၂၀၁၉ အာဆီ ယံ ယူ-၁၈ ပြိုင်ပွဲအကြို ဂျပန်နိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်ရန် အပြီးသတ်ကစား သမား ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ- ၁၈ အသင်းသည် အာဆီယံပြိုင်ပွဲအတွက် ရွေးချယ် လေ့ကျင့်ပေးလျက်ရှိသည့် ပဏာမ ကစားသမား ၂၈ ဦးအနက် သုံးဦး လျှော့ချခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၅ ရက် **(ယနေ့)** ညပိုင်းတွင် ထွက်ခွာမည်ဖြစ် သည်။ မြန်မာ ယူ - ၁၈ အသင်းတွင် **အုပ်ချုပ်သူ**-ဦးရဲဝင်းအောင်၊ **နည်းပြချုပ်**-ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး**-ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း**-ကောင်းခန့်ကျော် (၁)၊ ရဲထက်အောင်၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ သက်ဟိန်း စိုး၊ မျိုးကိုကိုလင်း၊ စောထောနေမူး၊ ဉာဏ်လင်းထက်၊ ဝေယံစိုး၊ **အလယ်တန်း**-ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ဇော်ဝင်း သိန်း၊ ရဲမင်းကျော်၊ လမင်းထွေး၊ သြဘာခ၊ မိုးဆွေ၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော် ဇင်ဟိန်း၊ အောင်ကိုဦး၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ ကောင်းဇင်မိုးတို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၈ အသင်းသည်ချန်လုပ် ခဲ့သည့် ကစားသမားသုံးဦးကို ဂျပန် ခရီးစဉ်အတွက်သာ လျှော့ချ ခဲ့ခြင်းဖြစ်ပြီး ပြန်လည်ရောက်ရှိလာပါက ပြန်လည် ပူးပေါင်းမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်မှ ၂၄ ရက် အထိ ဂျပန်နိုင်ငံအိုဆာကာမြို့၌ လေ့ကျင့် မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ မြန်မာ ယူ- ၁၈ အသင်း သည် ခြေစမ်းပွဲအဖြစ် ဇူလိုင် ၁၈ ရက် တွင် ဆီရီဇိုအိုဆာကာ ယူ-၁၈ အသင်း၊ ဇူလိုင် ၂၁ ရက်တွင် အိုဆာကာဆန်ဂျို တက္ကသိုလ်အသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဟာနန်တက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင် ကစားမည် ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဩဂုတ်လတွင် ယှဉ်ပြိုင် ရမည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ခြင်း ဖြစ်ပြီး ဗြိုလနောက်ပိုင်း နိုင်ငံတကာပွဲ ပြန်လည်ကစားခြင်းဖြစ် သည်။

**ညီမြတ်သော်တာ**

# MNL ပွဲစဉ် (၁၆) ရှမ်းယူနိုက်တက်တို့ ဟံသာဝတီကို အနိုင်ယူ

**ရန်ကုန် ဇူလိုင် ၁၄**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ဒုတိယနေ့ကို ယနေ့ညနေ ပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူ နိုက်တက်၊ ရန်ကုန်နှင့် Chinland အသင်းတို့ နိုင်ပွဲရရှိသည်။

တောင်ကြီးကွင်း၌ ကျင်းပသည့် ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း ရှုံးကန်ခဲ့ရသည့်ပွဲဖြစ်ပြီး နှစ်ဂိုးအရှုံးမှ နောက်မှပြန်လိုက်ကစားခဲ့ပြီး နာကျင် အချိန်ပိုတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက် တက်အသင်းသည် ယခုပွဲအနိုင်ရလဒ် ကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းကို တစ်မှတ်အကွာဖြင့် ဆက်လက်ဖိအား ပေးနိုင်ခဲ့ပြီး ဟံသာဝတီအသင်းမှာမူ သုံးပွဲဆက်အရှုံးကြောင့် အဆင့် (၅) နေရာအထိ ဆင်းပေးခဲ့ရသည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန် အသင်းသည် နိုင်ပွဲဆက်ခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ် သည်။ အမှတ်လိုနေသည့် ဇွဲကပင် အသင်း၏ ရုန်းကန်မှုကြောင့် ရန်ကုန် အသင်း အမှတ်ပြည့်ရရန် အားကုန်ထုတ် ကစားခဲ့ရပြီး ၆၁ မိနစ်တွင် မောင်မောင် လွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် Chinland အသင်းက စစ်ကိုင်း အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ သည်။ Chinland အသင်းအတွက် ဂိုးများကို ၁၄၊ ၄၄ မိနစ်တွင် ထွန်းလင်း အောင် က သွင်းယူပြီး စစ်ကိုင်းအသင်း အတွက် ချေပဂိုးကို ၁၅ မိနစ်တွင် ဒိုနယ်က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၆) အပြီးတွင် ရန်ကုန် အသင်းက ၃၃ မှတ်ဖြင့် ဆက်လက် ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်း က ၃၂ မှတ်၊ ရှောဝတီအသင်းက ရမှတ် ၃၀ ဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။

ယင်းအသင်းများနောက်တွင် ရခိုင် အသင်းက ၂၆ မှတ်၊ ဟံသာဝတီအသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၂၂ မှတ်၊ မကွေး၊ ဇွဲကပင်နှင့် Southern အသင်းတို့က ၁၅ မှတ်စီ၊ ဒဂုံအသင်းက ၁၃ မှတ်၊ Chinland အသင်းက ၁၂ မှတ်ရရှိထား သည်။

**ညီမြတ်သော်တာ**

# အောင်သွယ်တော်စိန်အားသစ် ရုပ်ရှင်ဇာတ်ကား ဇူလိုင် ၂၅ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၁၄**

အောင်သွယ်တော်စိန်အားသစ် ရုပ်ရှင် ဇာတ်ကားကို ဇူလိုင် ၂၅ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများ၌ ရုံတင် ပြသမည်ဖြစ်ကြောင်း ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြသသည့် အထူးပွဲမှ သိရ သည်။

အဆိုပါ ဇာတ်ကားတွင် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ ရဲအောင်၊ အားသစ်၊ ယုသန္တာတင်၊ ထွန်းအိန္ဒြာဗိုလ်၊ တက္ကသိုလ်ဂွမ်းပုံ၊ ကျော်ထူး၊ ဟား တစ်သိုက်နှင့် သရုပ်ဆောင်များစွာပါဝင် သရုပ်ဆောင်ထားပြီး ဒါရိုက်တာ ပြည်ဟိန်းသီဟ၊ ဇာတ်ညွှန်းစွမ်းပိုင်တို့က တက္ကသိုလ်ကျောင်းသားဘဝကို သရုပ် ဖော်ရိုက်ကူးထားသည်။

အဆိုပါ ဇာတ်ကားနှင့် ပတ်သက်၍ အကယ်ဒမီ ရဲအောင်က "ကျွန်တော်တို့ ဖြတ်သန်းလာခဲ့တဲ့ တက္ကသိုလ်မှာ သူငယ် ချင်း အပေါင်းအသင်းတွေနဲ့ စတာ နောက်တာတွေရှိတယ်။ ဒါမျိုးကို ရိုက်ကူး ထားတာမို့ ဒီဇာတ်ကားကိုကြည့်ပြီး ပျော်ရမှာပါ။ တက္ကသိုလ်မှာ သွားရိုက် ထားတာမို့ ကျောင်းနောက်ခံ ဇာတ်လမ်း အဖြစ် ပီပြင်နေတာပါ"ဟု ပြောသည်။

သရုပ်ဆောင် ယုသန္တာတင်က "ဒီဇာတ်ကားကို ရိုက်တာသုံးနှစ်လောက် ရှိပြီ၊ ရိုက်တုန်းက ကျောင်းမှာ ကျောင်းသူ တွေ၊ ကျောင်းသားတွေ ဖြစ်တတ်တဲ့ပုံစံ ဟာသမျိုး ရိုက်ထားတာပါ။ ဒီကားမှာ မမ နေရာက သရုပ်ဆောင်ထားပါတယ်။ မောင်လေးက နည်းနည်းဆိုးတော့ လိုက်ထိန်းပေးရတဲ့ပုံစံမျိုးပါ" ဟု ပြော သည်။ သရုပ်ဆောင် အားသစ်က "ဇာတ်လမ်းထဲမှာ ကျွန်တော်က ဒဂုံ တက္ကသိုလ် ဒုတိယနှစ်ကျောင်းသားပါ၊ အခန်းတိုင်းလိုလိုက ပျော်နေရတယ်။ ရယ်နေရတော့ အမှတ်တရတွေအများ ကြီး ရှိခဲ့ပါတယ်။ ဟာသကားဆိုပေမယ့် လည်း သူ့အချိတ်အဆက်လေးတွေနဲ့ ဇာတ်လမ်းရဲ့အခန်းတိုင်း ရယ်နေရတော့ ပရိသတ်ကြိုက်မယ် ထင်ပါတယ်" ဟု ပြောသည်။

**သန့်ဇင်ဝင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**တီယာနေအတွက် ဆဲလ်တစ်အသင်းအား အာဆင်နယ်ကမ်းလှမ်း**

အာဆင်နယ်အသင်းသည် စကော့တလန်နောက်ခံကစားသမား တီယာနေကို ခေါ်ယူရန်အတွက် ပေါင် ၂၅ သန်းဖြင့် ဆဲလ်တစ်အသင်းအား ကမ်းလှမ်းမှုပြုလုပ် လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ စကော့တလန်ချန်ပီယံ ဆဲလ်တစ်အသင်းသည် ပြီးခဲ့သည့်လက ပေါင် ၁၅ သန်းဖြင့် အာဆင်နယ်အသင်း၏ ကနဦးကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း သိရသည်။ တီယာနေသည် ဆဲလ်တစ် အသင်းနှင့် လိဂ်ဖလား လေးကြိမ်ရရှိထားသူလည်း ဖြစ်သည်။

**နယူးကာဆယ်နည်းပြရာထူးအတွက် စတိဗ်ဘရုစ် ဆွေးနွေးမှုများပြုလုပ်လျက်ရှိ**

ရှက်ဖီးဝက်နက်စ်ဒေးအသင်းနည်းပြ စတိဗ်ဘရုစ်သည် လစ်လပ်လျက်ရှိသော နယူးကာဆယ်နည်းပြရာထူးအတွက် နယူးကာဆယ်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ရှိကြောင်း ပြောကြားလိုက်သည်။

**ပီအက်စ်ဂျီအသင်းသို့ ကော်တင်ဟို ပြောင်းရွှေ့ကစားဖွယ်ရှိ**

ဘာစီလိုနာကွင်းလယ်ကစားသမား ကော်တင်ဟို (၂၇နှစ်) သည် မန်ယူအသင်းသို့ ပြောင်းရွှေ့နိုင်မည့် အခွင့်အရေးတစ်ရပ်ကို ပယ်ချဖွယ်ရှိနေပြီး ပီအက်စ်ဂျီအသင်း သို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အိုဒွိုင်းကို ဘိုင်ယန်မြူးနစ်အသင်း ကမ်းလှမ်းမှုပြုလုပ်သွားမည်**

ဘိုင်ယန်မြူးနစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ အသက် ၁၈ နှစ်အရွယ် အင်္ဂလန် တိုက်စစ်ကစားသမား အိုဒွိုင်းကို ခေါ်ယူရန် လက်လွှတ်ခံမည်မဟုတ်ကြောင်း၊ ယခု သီတင်းပတ်အတွင်း ပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်သွားရန် မျှော်လင့်နေ ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**အသင်းမှ ထွက်ခွာချင်သည်ဟု မက်ဂွိုရီ ပြောကြား**

မန်ယူအသင်းသို့ ပေါင် ၇၅ သန်းဖြင့် ပြောင်းရွှေ့ရန် ချိတ်ဆက်ခြင်းခံနေရသော လက်စတာအသင်းမှ အင်္ဂလန်နောက်ခံကစားသမား မက်ဂွိုရီ (၂၆နှစ်) သည် အသင်းမှ ထွက်ခွာချင်သည်ဟု ပြောကြားလိုက်ကြောင်း ဒေးလီးမေးတွင် ဖော်ပြ ထားသည်။

**ဇနီအိုလိုအတွက် တော့တင်ဟမ်၊ ဂျူဗင်တပ်စ်အသင်းတို့နှင့် ယှဉ်ပြိုင်သွားမည်**


အာဆင်နယ်အသင်းသည် ရိုးမားအသင်းမှ အီတလီကွင်းလယ်ကစားသမား ဇနီအိုလို (၂၀ နှစ်) ကို ခေါ်ယူရန်အတွက် တော့တင်ဟမ်နှင့် ဂျူဗင်တပ်စ်အသင်းတို့ကို ယှဉ်ပြိုင်သွားရန် အဆင်သင့်ရှိနေကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။

**ဟိုင်ဇိုင်အတွက် နာပိုလီအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိ**

အက်သလက်တီကို မက်ဒရစ်အသင်းသည် အယ်လ်ဘေးနီးယားနောက်ခံကစား သမား ဟိုင်ဇိုင် (၂၅ နှစ်) ကို ခေါ်ယူရန် နာပိုလီအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ် လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ဖားကန့်၌ ကျောက်စိမ်းလုပ်ကွက်မြေကမ်းပါးယံပြိုကျ၍ ရေလှိုင်းပုတ်မှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ ငါးဦး ရေကန်အတွင်း ပြုတ်ကျ၊ တစ်ဦးကယ်တင်ရရှိ



**ဖားကန့် ဇူလိုင် ၁၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဗလခ ကျေးရွာအနီး ကျောက်မျက်တူးဖော်ရေး ရပ်နားထားသည့် လုပ်ကွက်တွင် **(ယာပုံ)** ယမန်နေ့က ရေကန်အတွင်း မြေကမ်းပါးယံပြိုကျ၍ လှိုင်းပုတ်မှုကြောင့် ရေမဆေးကျောက်ရှာဖွေသူငါးဦး ရေကန်အတွင်း ပြုတ်ကျခဲ့ပြီး တစ်ဦးကိုသာ ရှာဖွေကယ်ဆယ်နိုင်သေးကြောင်း ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက် ၁၁ နာရီခန့်က ဖားကန့်မြို့နယ် ဗလခ ကျေးရွာအနီးရှိ ကျောက်မျက်တူးဖော်ရေး လုပ်ငန်း ရပ်နားထားသည့် ဖြိုးသီဟ ကုမ္ပဏီလုပ်ကွက်၏ အမြင့်ပေ ၁၀၀ ကျော်ရှိ မြေကမ်းပါးယံမှာ ရေကန်အတွင်း ပြိုကျခဲ့သဖြင့် ရေမဆေးကျောက်ရှာဖွေသူများဖြစ်ကြသည့် နော်ဆန်း(၃၂ နှစ်)၊ တန်ဂွမ်း(၂၅ နှစ်)၊ တူးရိန်(၂၈ နှစ်)၊ တန်ဂွမ်း(၂၄ နှစ်)နှင့် ဆင်နတန်ဂွမ်း (၃၀နှစ်)တို့ ငါးဦးမှာ ရေလှိုင်းပုတ်ခတ်မိပြီး ရေကန်အတွင်း ပြုတ်ကျခဲ့ရာ နော်ဆန်းတစ်ဦးကိုသာ ရှာဖွေကယ်ဆယ်နိုင်ပြီး ကျန်လေးဦးမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

မြေကမ်းပါးယံ ပြိုကျရာနေရာသို့ ဖားကန့်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မင်းဇော် ဦးစီးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒဏ်ရာရရှိသူ နော်ဆန်းကို ဖားကန့်မြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားပြီး ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မင်္ဂလာဒုံမြို့နယ်၌ အလောင်း သုံးလောင်းတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

မင်္ဂလာဒုံမြို့နယ် လှော်ကားမောင်းတံဂိတ်၏ တောင်ဘက် နှစ်ဖာလုံခန့်အကွာ လှော်ကားလမ်းဘေး၌ အမည်/နေရပ်/ မိသားစု(စိစစ်ဆဲ) အသက် (၂၀နှစ်) ခန့်စီဝန်းကျင်ရှိ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ အလောင်းများကို ယမန်နေ့ နံနက်ပိုင်းက တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသမီးတစ်ဦးမှာ ပက်လက်အနေအထားဖြင့်လည်းကောင်း၊ အမျိုးသား နှစ်ဦးအား မှောက်ခုံအနေအထားဖြင့်လည်းကောင်း ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိဘဲ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိသဖြင့် အင်းစိန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စစ်ဆေးခဲ့ရာ ကနဦးဆေးစစ်ချက်များအရ အစာအိမ်တွင် အစာမရှိကြောင်း၊ အဆုတ် လေမွန်းကျပ်၍ သေဆုံးခြင်းဖြစ်ပြီး ဦးခေါင်းပိုင်းနှင့် ခန္ဓာကိုယ်တို့တွင် သေစေလောက်သည့် ပြင်ပဒဏ်ရာထိုးသွင်းဒဏ်ရာများ မရှိကြောင်း၊ ၎င်းတို့၏ အနီးတွင် မစားရသေးသော ကွပ်ကွပ်အိတ်ဖြင့် ထုပ်ထားသည့် ထမင်းထုပ်သုံးထုပ်နှင့် အလောင်းများတွင် သဲများကပ်နေသည်ကိုတွေ့ရှိရသဖြင့် တစ်နေရာရာတွင် သေဆုံးခဲ့ပြီး သဲတင်ကားဖြင့် တင်ဆောင်လာကာ စွန့်ပစ်ထားခြင်းဖြစ်နိုင်ကြောင်း၊ အလုံပိတ်ယာဉ်(သို့) ယာဉ်နောက်ဖုံးအတွင်း ထည့်သယ်လာသဖြင့် လေမွန်းကျပ်သေဆုံးသည့် လက္ခဏာရှိသော လူမှောင်ခိုကူးခံရသူများဖြစ်နိုင်ကြောင်း ယူဆရပြီး ထောက်ကြန့်နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်ကွင်းဆက်စစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်တံခါးမြို့နယ်၌ တစ်ရက်တည်း ကျောင်းသားနှစ်ဦး ရေနစ်သေဆုံး

**ကျောက်တံခါး ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်း နယ်မြေရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော်အမြန်လမ်း မိုင်တိုင်အမှတ် ၉၉/၁ နှင့် ၂ အကြားအနီး အနောက်ဘက် နှစ်ဖာလုံခန့်အကွာ ကြက်ချောင်းထဲ၌ ယမန်နေ့ နံနက်ပိုင်းက စတုတ္ထတန်းကျောင်းသား တစ်ဦး ရေနစ်သေဆုံးခဲ့သည်။

ကျောက်တံခါးမြို့နယ် ဆင်ဇလုပ်ကျေးရွာအုပ်စု အောင်မင်္ဂလာကျေးရွာ မေတ္တာရိပ်မွန်ပရဟိတကျောင်းထိုင်ဆရာတော် ဦးကုဝေရက ကျောင်းထားပေးသော ရဲနေသွေး (၁၄နှစ်) စတုတ္ထတန်း(မူလွန်) အောင်မင်္ဂလာကျေးရွာ (ခေတ္တမေတ္တာရိပ်မွန်ပရဟိတကျောင်း) မုံတဝရပ်ကွက် အေးသာယာမြို့သစ် တောင်ကြီးမြို့နေသူသည် အကျယ် ၁၅ ပေ၊ အနက် ခုနစ်ပေခန့်ရှိ ကြက်ချောင်း၏ ချောင်းကမ်းနံဘေးဝါးငုတ်တွင် ငြိလျက် ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ သေဆုံးနေကြောင်း တွေ့ရှိရသည်။

အလားတူ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် ဘိုးပိုက်ဆံ(၂)ရပ်ကွက်ရှိ အုတ်ကျင်းဟောင်းရေကန်ထဲ၌ ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က ဆဋ္ဌမတန်းကျောင်းသူ တစ်ဦး ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖဒိုမြို့ (၂) ရပ်ကွက်အတွင်းရှိ ရန်ကုန်မြို့နေသူ ပိုင်ဆိုင်သော ခြံလွတ်အတွင်း အနက် ရှစ်ပေ အကျယ်ပေ ၁၅၀ အုတ်ကျင်းရေကန်ဟောင်းအနီး ကလေးငယ်တစ်ဦး အော်ငိုသံကြားရသဖြင့် အနီးပတ်ဝန်းကျင်နေထိုင်သူများက သွားရောက်ကြည့်ရှုရာ အဆိုပါရေကန်အတွင်း၌ မကေးသီမွန်း (၁၂နှစ်) ဆဋ္ဌမတန်းကျောင်းသူမှာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ရေနစ်သေဆုံးနေပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## မြန်မာ့ရုပ်မြင်သံကြား

၁၅-၇-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၅ - "ပိဋကတ်သုံးပုံနှင့်တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့(၁၄)ပါး အချုပ်"
- ၇း၀၀ - Breakfast News
- **၈း၃၀ - လွှတ်လပ်ရေးဖလားကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၂)**
- ၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၀ - အာဆီယံထဲကမြို့ပြ
- ၉း၁၅ - BBC Click
- ၉း၄၀ - "နှစ်စဉ်နှစ်တိုင်းနွဲလို့ပျော် ပဲခွယ်ကုန်းမြို့ရဲ့ ဝါဆိုထမင်းပွဲတော်"
- ၁၀း၃၀ - မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- **၁၂း၃၀ - လွှတ်လပ်ရေးဖလားကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၃)**

**ညပိုင်း**

- **၁၆း၂၅ - လွှတ်လပ်ရေးဖလားကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၄)**
- ၁၆း၃၀ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- - ပထမနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်
- ၁၇း၅၅ - မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော သက်ငယ်မုဒိမ်းမှု အခြေအနေများ
- ၁၈း၅၅ - လျှပ်စစ်ပြတ်တောက်မှုကြောင့် သင်သိထားသင့်သည့် လိုက်နာရမည့် အချက်များ
- ၂၀း၀၀ - ပြည်တွင်းသတင်း
- **၂၀း၃၀ - လွှတ်လပ်ရေးဖလားကြီး၏ မမေ့နိုင်သောမိနစ်ခွန်း(၂)**
- **၂၀း၃၅ - "ဆယ့်ကိုးဇူလိုင်" (၁) (ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း မိသားစု)**
- - "Aflatoxin နှင့် အစားအသောက်အကြောင်း သိကောင်းစရာ"
- - "မြန်မာမျိုးဆက်သစ် အစီအစဉ်"

# နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် နိုင်ငံသားစိစစ်ရေးကတ်အတုကိုင်ဆောင်ထားသူ တစ်ဦးကို ဖမ်းဆီးရမိ

**မိုးညှင်း ဇူလိုင် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေး ရေးဂိတ်စခန်း၌ အဝေးပြေးမော်တော်ယာဉ်ပေါ်တွင် ရှာဖွေစစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသူတစ်ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားအတုနှင့် တွေ့ရှိသဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မသင်္ကာဖွယ်တွေ့ရှိ**

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီခွဲက မိုးညှင်းမြို့နယ်အဝင် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် မိုးညှင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးစိုးသူနှင့်အဖွဲ့သည် ပူးပေါင်းအဖွဲ့နှင့် တာဝန်ထမ်းဆောင်နေစဉ် ယာဉ်မောင်း ဦးသန်းနိုင်ဝင်း မောင်းနှင်လာသော 2Q/--- ယာဉ်ပေါ်တွင် လိုက်ပါလာသော ဇော်မင်းထွန်းနှင့် မောင်မောင်တင်(ခ) မိုဟာမက်ဂျော်လာတို့ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် မြို့နယ်(ဝလက) ရုံးသို့ ခေါ်ဆောင်စစ်ဆေးခဲ့သည်။

**အတုဖြစ်ကြောင်း တွေ့ရှိ**

စစ်ဆေး ပေါ်ပေါက်ချက်အရ ဇော်မင်းထွန်း ကိုင်ဆောင်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် LKA -032260နှင့် ပတ်သက်၍ သက်ဆိုင်ရာနှင့် ဆက်သွယ်မေးမြန်းခဲ့ရာ မှန်ကန်မှုရှိသော်လည်း ဦးမောင်မောင်တင်(ခ) မိုဟာမက်ဂျော်လာ ကိုင်ဆောင်ထားသော ၁၂/ဥကတ(နိုင်)၀၄၅၄၄၇ နှင့် ပတ်သက်၍ သက်ဆိုင်ရာသို့ ဆက်သွယ်မေးမြန်းခဲ့ရာ အတုဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဒုတိယမြို့နယ် (လဝက) ဦးစီးမှူး ဦးဝင်းဝင်းထူးက တရားလိုပြုလုပ်၍ မောင်မောင်တင်(ခ) မိုဟာမက်ဂျော်လာအား အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်ကြောင့် မောင်မောင်တင်(ခ) မိုဟာမက်ဂျော်လာ (၃၉နှစ်) ရွာကြီးရွာ ရေချမ်းပြင်အုပ်စု စစ်တွေမြို့နယ်နေထိုင်သူအား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**၀၇၈**

# လွိုင်ကော်မြို့တွင် H1N1 ရာသီတုပ်ကွေးရောဂါဖြစ်သူ နှစ်ဦးတွေ့ရှိ



**လွိုင်ကော် ဇူလိုင် ၁၄**

ယခုအချိန်ကာလသည် တစ်နိုင်ငံလုံးတွင် H1N1 ရာသီတုပ်ကွေးရောဂါကြောင့် ဖျားနာခြင်း၊ အသက်ဆုံးရှုံးခြင်းများ ဖြစ်ပွားလျက်ရှိပြီး ရောဂါပိုးသံသယရှိသူများအား အထူးဂရုပြုစောင့်ကြည့်လျက်ရှိရာ ကယားပြည်နယ် လွိုင်ကော်မြို့တွင် H1N1 ရာသီတုပ်ကွေးရောဂါဖြစ်သူ နှစ်ဦးတွေ့ရှိကြောင်း ပြည်နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနမှ ယနေ့မွန်းလွဲ ၃ နာရီခွဲက ပြည်နယ်ကျန်းမာရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် **(ယာပုံ)** ပြောကြားသည်။

ရှေးဦးစွာ ကယားပြည်နယ် ပြည်နယ်ကုသရေးနှင့် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးလွင်က လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ရာသီတုပ်ကွေးရောဂါ (H1N1) တွေ့ရှိမှုနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် အဆိုပါရောဂါသည် မိုးရာသီနှင့် ဆောင်းရာသီတွင် ကပ်ရောဂါအနေဖြင့် ဖြစ်ပွားတတ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၃ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းတာနှင့် H1N1 သံသယရှိသူ ၆၂၈ ဦး၊ ရောဂါတွေ့ရှိသူ ၂၄၄ ဦး၊ သေဆုံးသူ ၄၃ ဦး၊ အများဆုံးသေဆုံးသူမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် သုံးဦး၊ ပဲခူးတိုင်းဒေသကြီးတွင် နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နှစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တစ်ဦးရှိကြောင်း၊ ယနေ့ ထုတ်ပြန်ချက်အရ လွိုင်ကော်မြို့တွင် ရောဂါပိုးတွေ့ရှိသူ နှစ်ဦးရှိကြောင်း၊ အဆိုပါ နှစ်ဦးမှာ ပန်ကန်းကျေးရွာအုပ်စု စိုက်ကွင်း (၃)တွင် နေထိုင်သူ အသက် ရှစ်လသားအရွယ်နှင့် အုပ်စု (၁၅) နာနတ်တောရပ်ကွက်တွင် နေထိုင်သူ (၁၂ နှစ်)အရွယ် ကလေးငယ်များဖြစ်ကြောင်း၊ ကလေးငယ်နှစ်ဦး၏ ယခုအခြေနေမှာ စိုးရိမ်စရာမရှိတော့ကြောင်း၊ H1N1 ရာသီတုပ်ကွေးရောဂါသည် အသက်အန္တရာယ်ပါ ဆုံးပါးသွားနိုင်သည့်အတွက် အထူးဂရုပြုသင့်ပါကြောင်း၊ အဓိကအားဖြင့် ရောဂါမဖြစ်အောင် ကာကွယ်ရန် နည်းလမ်းသိရှိရန် လိုအပ်ပါကြောင်း၊ ရောဂါဖြစ်လာလျှင် စောစီးစွာ သေချာစနစ်တကျ ဆေးဝါးကုသမှုခံယူပါက အသက်အန္တရာယ် စိုးရိမ်စရာမရှိနိုင်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစိန်စိန်က H1N1 ရောဂါမဖြစ်ပွားအောင် နေထိုင်ရမည့် နည်းလမ်းများအား ရှင်းလင်းပြောကြားပြီးနောက် မီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

# ဓာတ်အားပြတ်တောက်မှုကြောင့် နယူးယောက်မြို့ မင်ဟက်တန်တွင် အမှောင်ထုဖုံးလွှမ်းသွား

**နယူးယောက် ဇူလိုင် ၁၄**

နယူးယောက်မြို့ မင်ဟက်တန်တွင် ဓာတ်အားပြတ်တောက်မှုကြောင့် တစ်မြို့လုံး အမှောင်ကျသွားမှုသည် ဇူလိုင် ၁၃ ရက်နေ့တွင် အဆုံးသတ်သွားပြီဖြစ်သည်။

မင်ဟက်တန်စီရင်စုတွင် လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ဘရော့ဝေးကဇာတ်ရုံကြီးတွင် အမှောင်ကျခဲ့ပြီး မြေအောက်ရထားဘူတာရုံများ ရပ်တန့်သွားခဲ့ရသည်။ ဇူလိုင် ၁၃ ရက် ညနေအစောပိုင်းတွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၄၂၀၀၀ခန့်မှာ လျှပ်စစ်ပြတ်တောက်သွားမှုနှင့် ကြုံတွေ့ခဲ့ရသည်။ ဇူလိုင် ၁၃ ရက် ညပိုင်း ၁၀နာရီခန့်တွင် လျှပ်စစ်ဓာတ်အားပြန်လည်ရရှိခဲ့သည်။ နယူးယောက်မြို့တော်ဝန် ဘေလ်ဒီ ဘလာစီယိုက လျှပ်စစ်ဓာတ်အားပြတ်တောက်ရခြင်းမှာ လမ်းအောက်ရှိ ရေဆိုးပြွန်သို့ ဆင်းသည့်နေရာတွင် မီးလောင်ကျွမ်းသည့်အတွက် ဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

သို့သော် နောက်ပိုင်းတွင်မူ လျှပ်စစ်ဓာတ်အားပြတ်တောက်သွားရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးဆဲပင်ဖြစ်ကြောင်း စီအင်န်အင်န်သို့ဖြေကြားခဲ့သည်။ မီးပြတ်သွားစဉ်အတွင်း လမ်းပေါ်၊ မြေအောက်ဘူတာရုံနှင့် တိုက်ခန်းများရှိ လူများသည် ဓာတ်ပုံရိုက်ကြပြီး လူမှုကွန်ရက်မီဒီယာပေါ်သို့ တင်ခဲ့ကြသည်။ မီးပြတ်သွားစဉ် ဓာတ်လှေကားထဲတွင် ပိတ်မိနေသော လူများထံမှ ဖုန်းဆက်၍ အကူအညီတောင်းမှုများမှာ အများဆုံးဖြစ်သည်ဟု မီးသတ်သမားများကပြောသည်။

နယူးယောက်မြို့ သယ်ယူပို့ဆောင်ရေး အာဏာပိုင်များကလည်း မြေအောက်ဘူတာရုံများကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ရန် တွစ်တာစာမျက်နှာပေါ်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားမှုကြောင့် ဘရော့ဝေး ကဇာတ်ရုံတွင်ပြသမည့် ပွဲအစီအစဉ်များကိုပါ ဖျက်သိမ်းခဲ့ရသည်။

**အေအက်ဖ်ပီ**



မင်ဟက်တန်စီရင်စုတွင် ဓာတ်အားပြတ်တောက်မှုမြင်ကွင်းကို တွေ့ရစဉ်။

# ဥရောပ၏စစ်အင်အားကို ပါရီမြို့ စစ်ရေးပြပွဲမှတစ်ဆင့် ပြင်သစ်သမ္မတ ပြသ

**ပါရီ ဇူလိုင် ၁၄**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် အမေရိကန်နှင့် ဥရောပတို့ သဘောထားမတိုက်ဆိုင်မှုများ မြင့်တက်နေချိန် ဥရောပ ပူးပေါင်းစစ်ရေးပြပွဲကို ပြင်သစ်နိုင်ငံ အမျိုးသားနေ့ဖြစ်သည့် ဇူလိုင် ၁၄ ရက်တွင် ပြုလုပ်ခဲ့သည်။

ဥရောပအဓိက ခေါင်းဆောင်များဖြစ်သည့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၊ ဒတ်ချ် ဝန်ကြီးချုပ် မာ့ခ်ရူတီတို့သည် ပြင်သစ်သမ္မတနှင့်အတူ စစ်ရေးပြပွဲကို ကြည့်ရှုခဲ့ကြသည်။ တပ်ဖွဲ့ဝင်အင်အား ၄၀၀၀ကျော်၊ မော်တော်ယာဉ်ပေါင်း ၁၉၆ စီး၊ မြင်း ၂၃၇ စီး၊ လေယာဉ်ပျံ ၆၉ စင်း၊ ဟယ်လီကော်ပတာ ၃၉ စင်း စစ်ရေးပြပွဲတွင် ပါဝင်ကြပြီး တိုက်လေယာဉ်များသည်လည်း ဝေဟင်တွင်ပျံဝဲနေကြသည်။



စစ်ရေးပြအခမ်းအနားတွင် ပါဝင်ဆင်နွှဲနေသည့် ပြင်သစ်သမ္မတကို တွေ့ရစဉ်။

ဥရောပ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် ပြင်သစ်သမ္မတ မက်ခရွန်၏ နိုင်ငံခြားရေးမူဝါဒ ရည်ရွယ်ချက်တစ်ခုဖြစ်သည်။ ၂၀၁၇ခုနှစ် စစ်ရေးအခမ်းအနားတွင်မူ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဧည့်သည်တော်တစ်ဦးအဖြစ် တက်ရောက်ခဲ့ပြီး မက်ခရွန်သည် အမေရိကန်သမ္မတနှင့် ရင်းနှီးမှုရရှိအောင် ကြိုးပမ်းခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ပါရီ ရာသီဥတုစာချုပ်နှင့် အီရန်နျူကလီးယား သဘောတူစာချုပ်တို့မှ အမေရိကန် နုတ်ထွက်သွားပြီးနောက်ပိုင်းတွင် ဒေါ်နယ်ထရမ့်နှင့် မက်ခရွန်တို့၏ဆက်ဆံရေးမှာ ဆိုးရွားလာခဲ့သည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံက ကနေဒါနိုင်ငံသားတစ်ဦးကို ထပ်မံဖမ်းဆီး

**ဗန်ကူဗာ ဇူလိုင် ၁၄**

တရုတ်နိုင်ငံနှင့် ကနေဒါနိုင်ငံအကြား သံတမန်ဆက်ဆံရေးတင်းမာမှုများရှိနေချိန်တွင် တရုတ်နိုင်ငံက နောက်ထပ်ကနေဒါနိုင်ငံသားတစ်ဦးကို ထပ်မံဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံသားကို အဘယ့်ကြောင့်ဖမ်းဆီးရသည်ကို လတ်တလောတွင် ရှင်းရှင်းလင်းလင်းမသိရသေးပေ။ တရုတ်နိုင်ငံ ယန်တိုင်၌ ကနေဒါနိုင်ငံသားတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းလိုက်မှုကို သတိထားစောင့်ကြည့်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေအက်ဖ်ပီသို့ပြောကြားခဲ့သည်။

ကနေဒါအာဏာပိုင်များအနေဖြင့် ကောင်စစ်ဝန်ရုံးနှင့်သက်ဆိုင်သည့် အကူအညီများပေးအပ်လျက်ရှိကြောင်း ၎င်းကဖြည့်စွက်ပြောခဲ့သည်။သို့သော် အတွင်းရေးဆိုင်ရာ လျှို့ဝှက်ထားရန်လိုအပ်သည့်အတွက် နောက်ထပ်အသေးစိတ်ဖော်ပြနိုင်ခြင်း မရှိကြောင်း ပြောကြားခဲ့သည်။

အမေရိကန်၏ တိုက်တွန်းတောင်းဆိုမှုဖြင့် တရုတ်နည်းပညာကုမ္ပဏီ ဘဏ္ဍာရေး အမှုဆောင်ချုပ် မန်ဝမ်ကျိုးကို ဗန်ကူဗာ၌ ဖမ်းဆီးခဲ့ပြီး အမှုဖွင့်ဆောင်ရွက်ခဲ့သည့်နောက် ယင်းကိစ္စကို တုံ့ပြန်သည့်အနေဖြင့် ယခုနှစ်အစောပိုင်းတွင် တရုတ်နိုင်ငံက ကနေဒါနိုင်ငံသားနှစ်ဦးကို ဖမ်းဆီးခဲ့ပြီးနောက် နောက်ထပ်ကနေဒါနိုင်ငံသားတစ်ဦးကို ထပ်မံဖမ်းဆီးခြင်းဖြစ်သည်။

သို့သော်လည်း နောက်ဆုံးပြုလုပ်ခဲ့သည့်ဖမ်းဆီးမှုတွင် ကနေဒါသံအမတ်ဟောင်း မိုက်ကယ်ကိုဗရစ်ချ်နှင့် ကောင်စစ်ဝန် မိုက်ကယ် စပါဗာတို့နှင့် ဆက်စပ်မှုမရှိကြောင်း ယင်းကိစ္စများနှင့် ရင်းနှီးကျွမ်းဝင်သည့် သတင်းရင်းမြစ်တစ်ခုကဖော်ပြခဲ့သည်။ တရုတ်နိုင်ငံသည် နောက်ထပ်ကနေဒါနိုင်ငံသားနှစ်ဦးကိုလည်း မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် သေဒဏ်ပေးခဲ့ရုံမက ကနေဒါစိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုကိုလည်း ပိတ်ဆို့မှုပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**

# အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ ငလျင်လှုပ်ခတ်

**ဂျကာတာ ဇူလိုင် ၁၄**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ ဝေးလံခေါင်ဖျားသည့် မလူကာကျွန်း၌ ပြင်းအား ၇ ဒသမ ၃ ရစ်ချ်တာစကေးရှိသည့် ငလျင်တစ်ခု ဇူလိုင် ၁၄ ရက်တွင် လှုပ်သွားခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်မှုကြောင့် ဒေသခံပြည်သူများမှာ နေအိမ်များမှ ထွက်ခွာကာ လမ်းများပေါ်သို့ ပြေးထွက်ခဲ့ကြရသည်။ သို့သော် ငလျင်လှုပ်ပြီးနောက် ဆူနာမီ သတိပေးချက်ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

ငလျင်သည် မြောက်ပိုင်း မလူကာပြည်နယ် တာနိတ်မြို့အနောက်တောင်ဘက်မှ ၁၆၅ ကီလိုမီတာအကွာ (မိုင် ၁၀၀) ၌ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၈ မိနစ်တွင် လှုပ်သွားခဲ့ပြီး ငလျင်အနက် ၁၀ ကီလိုမီတာရှိကြောင်း အမေရိကန် ဘူမိစစ်တမ်းအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ငလျင်လှုပ်ပြီးနောက် အခြေအနေများကို အာဏာပိုင်များက အကဲဖြတ် စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း သေဆုံးဒဏ်ရာရမှုများနှင့် ပတ်သက်၍ ထုတ်ပြန်ခြင်းမရှိသေးကြောင်း ဒေသသဘာဝဘေးအန္တရာယ် သက်သာလျော့ပါးစေရေး အာဏာပိုင် မန်ဆာက ပြောကြားခဲ့သည်။ မလူကာပြည်နယ်၌ ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ပြီး ပြင်းထန်စွာ ထိခိုက်ပျက်စီးမှုများမရှိခဲ့ပေ။

**အေအက်ဖ်ပီ**

# ယူကရိန်း ရုပ်မြင်သံကြားဌာနတစ်ခု တိုက်ခိုက်ခံရ

**ကီယက်ဗ် ဇူလိုင် ၁၄**

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တွင် ရုပ်မြင်သံကြားဌာန အဆောက်အအုံတစ်ခုကို ဇူလိုင် ၁၃ ရက်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

တိုက်ခိုက်မှုသည် ဇူလိုင် ၁၄ ရက် နံနက် ၄ နာရီခန့်တွင်ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့က သတင်းရရှိသည်နှင့် ချက်ချင်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ကနဦးစစ်ဆေးမှုအရ အဆောက်အအုံမျက်နှာစာ၌ ဒုံးကျည်ထိမှန်မှုကြောင့် နံရံများ ပျက်စီးသွားခဲ့သည်။

ဒုံးကျည်တိုက်ခိုက်မှုတွင် သေဆုံးထိခိုက်ဒဏ်ရာရသူ မရှိခဲ့ပေ။ ရုပ်မြင်သံကြားအဆောက်အအုံကို မည်သူတိုက်ခိုက်ခဲ့ကြောင်း စစ်ဆေးနေဆဲဖြစ်ပြီး အကြမ်းဖက်ဝါဒီများနှင့် ပတ်သက်ဆက်နွှယ်နိုင်ကြောင်း ရဲတပ်ဖွဲ့ကဖော်ပြသည်။

၁၁၂ ရုပ်မြင်သံကြားဌာန အဆောက်အအုံ တိုက်ခိုက်ခံရမှုသည် ယူကရိန်းအရှေ့ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှု မှတ်တမ်းဗီဒီယို ထုတ်လွှင့်ပြသမည်ဟု ကြေညာထားခြင်းနှင့် ဆက်စပ်မှုရှိနိုင်သည်ဟု ယူကရိန်းမီဒီယာများက ဖော်ပြသည်။ ယူကရိန်းအစိုးရက အဆိုပါ မှတ်တမ်းဗီဒီယို ထုတ်လွှင့်မှုကို ဆိုင်းငံ့ထားရန်နှင့် ပြန်လည်စိစစ်မှုများပြုလုပ်ရန် သက်ဆိုင်ရာဌာနများသို့ တိုက်တွန်းထားသည်။

**ဆင်ဟွာ**




ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရသည့် ရုပ်မြင်သံကြားဌာန အဆောက်အအုံ။

# အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ တရုတ်(တိုင်ပေ)၌ ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်

**တရုတ်(တိုင်ပေ) ဇူလိုင် ၁၄**

တရုတ်(တိုင်ပေ)သမ္မတ ဆိုင်အင်ဝမ်သည် လွတ်လပ်သော စီးပွားရေးဝန်းကျင်တစ်ခုဖြစ်သည့် တရုတ် (တိုင်ပေ) သို့ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြရန် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်တိုက်တွန်းလိုက်ကြောင်း သိရသည်။



တရုတ် (တိုင်ပေ) သမ္မတ ဆိုင်အင်ဝမ်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ကုန်သွယ်ရေးဆိုင်ရာ မပြေလည်မှုများ ဖြစ်ပွားနေချိန်တွင် နယူးယောက်မြို့၌ ပြုလုပ်သည့် အမေရိကန်-တရုတ် (တိုင်ပေ) ထိပ်သီးအစည်းအဝေးအတွင်း သမ္မတ ဆိုင်အင်ဝမ်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်နှင့် တရုတ် (တိုင်ပေ) ကုမ္ပဏီများသည် ယုံကြည်စိတ်ချရသည့် မိတ်ဖက်ကောင်းများအဖြစ် အတူတကွနီးကပ်စွာ လုပ်ငန်းလုပ်ဆောင်လျက်ရှိကြောင်းနှင့် အမေရိကန်နှင့် တရုတ် (တိုင်ပေ) တို့ရှိ အိုင်တီပစ္စည်းထုတ်လုပ်မှုဆိုင်ရာ ဝယ်လိုအားကွင်းဆက်မှာ ရောယှက်ဆက်နွှယ်မှုရှိကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ မကြာသေးမီက စွမ်းရည်မြင့် အလုပ်သမားများသည် တရုတ်နိုင်ငံ၌ လစာကောင်းကောင်းရသည့် အလုပ်များ ရှာဖွေနေကြသည်ကို တွေ့မြင်ရကြောင်း၊ သို့သော်လည်း ဂူဂဲလ်နှင့် အမေဇုန်ကဲ့သို့ အမေရိကန် နည်းပညာကုမ္ပဏီကြီးများသည် တရုတ် (တိုင်ပေ) ၌ ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်လာကြပြီး အခြေစိုက်ရုံးများ ထူထောင်လာလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နောင် ၁၀ နှစ်ကျော်အတွင်း ရင်ဆိုင်ကျော်လွှားသွားရဦးမယ့် ရေဘေးဒုက္ခအန္တရာယ်များ

***ထွန်းသစ်စ***

**နှစ်စဉ်ကမ္ဘာတစ်ဝန်းမှာ အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနဲ့ နီးကပ်တဲ့နိုင်ငံတွေမှာ ရေဘေးဒုက္ခကို နှစ်စဉ်ခံစားကြရကြောင်းသိရပြီး လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ရေဘေးဒုက္ခကြောင့် ယင်းနိုင်ငံတွေမှာ တစ်နှစ်လျှင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၅၂၁ ဘီလီယံ ဆုံးရှုံးနိုင်ခြေရှိတယ်လို့ ကြိုတင်ခန့်မှန်းထားကြောင်း သိရပါတယ်။**

သဘာဝဘေးအန္တရာယ် အများကြီးရှိတဲ့အနက် ရေဘေးဒုက္ခကို လူတွေပိုမိုခံစားကြရပါတယ်။ မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှုမှာ ထိပ်ဆုံးမှပါဝင်တဲ့ ၁၅ နိုင်ငံက လူဦးရေ ၈၀ ရာခိုင်နှုန်းကျော်ဟာ ရေဘေးဒုက္ခကို နှစ်စဉ်ခံစားကြရပါတယ်။ အဲဒီလိုရေဘေးဒုက္ခကို ခံစားရတဲ့နိုင်ငံတွေဟာ ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေပဲ ဖြစ်ကြပါတယ်။

ကမ္ဘာတစ်ဝန်း ရေလွှမ်းမိုးမှုအများဆုံး ခံစားရတဲ့ ၁၅ နိုင်ငံမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ အီဂျစ်၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ဘရာဇီး၊ ထိုင်း၊ ကွန်ဂို၊ အီရတ်နဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်ကြပါတယ်။

လာမယ့် ၁၀ နှစ်ကျော်အတွင်း အာဆီယံနိုင်ငံတွေဟာ မြစ်ချောင်းများတစ်လျှောက် ရေကြီးမှုများမြင့်တက်လာနိုင်တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ခြေရှိကြောင်း ကမ္ဘာ့သဘာဝရင်းမြစ်များဆိုင်ရာ အင်စတီကျု၏ လေ့လာမှုစစ်တမ်း အသစ်အရသိရသည်။

လူဦးရေထူထပ်တဲ့နိုင်ငံ ၂၀ ရှိသည့်အနက် အာရှမှာရှိတဲ့ ၁၂ နိုင်ငံမှာ ရေဘေးဒုက္ခနဲ့ ကြုံတွေ့နိုင်ဖွယ် အများဆုံးဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေဟာ ကမ္ဘာ့လူဦးရေထူထပ်များပြားတဲ့ နိုင်ငံတွေဖြစ်ကြပြီး အဲဒီနိုင်ငံတွေထဲမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့လည်း ပါဝင်ကြပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အရှေ့တောင်အာရှနဲ့ အာရှတောင်ပိုင်းဒေသများမှာရှိတဲ့ နိုင်ငံအချို့ဟာ ရေဘေးဒုက္ခနဲ့ ကြုံတွေ့နိုင်ပါတယ်။

အာဆီယံနိုင်ငံအများစုဟာ ကမ္ဘာ့ပထဝီဝင်သဘောအရ ရေကြီးပြီး ရေလွှမ်းမိုးတဲ့ နေရာအများစုမှာ တည်ရှိနေတာကြောင့် ရေဘေးဒုက္ခနဲ့ အများဆုံးကြုံတွေ့နိုင်တဲ့အထဲမှာ ပါပါတယ်။

ရေကြီးခြင်းဖြစ်ပွားရတဲ့ အကြောင်းရင်းများအနက် အရေးကြီးတဲ့ အကြောင်းရင်းတစ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပြီး အခြားတစ်ချက်မှာ ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတို့ကြောင့်ဖြစ်ပါတယ်။ အဲဒီအချက်တွေကြောင့် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေပါတယ်။

ကမ္ဘာအနှံ့အပြားရှိ မြစ်ချောင်းအင်းအိုင်တွေနဲ့ နီးတဲ့နေရာများရှိနိုင်ငံတွေမှာ မှီတင်းနေထိုင်ကြတဲ့ လူဦးရေ ၅၄ သန်းဟာ နှစ်စဉ်ရေဘေးဒုက္ခကို ခံစားနေရပါတယ်။ ဆိုင်ကလုံးမုန်တိုင်း ကိုမန်ကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းတွေ တိုက်ခတ်ခဲ့ပြီးနောက်ပိုင်းမှာလည်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အာဆီယံတောင်ပိုင်းပြည်နယ်တွေမှာလည်း လူပေါင်းရာနဲ့ချီပြီးသေဆုံးခဲ့သလို သန်းပေါင်းများစွာသော လူတွေကိုလည်း ပြောင်းရွှေ့ပေးခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာလည်း ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသအတော်များများမှာ ရေကြီးခြင်း၊ မြေပြိုခြင်းတွေဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းမှာ ရေကြီးမှုဖြစ်စဉ်များကြောင့် လူပေါင်း အတော်များများ နှစ်စဉ်အသက်ဆုံးရှုံးခဲ့ရပါတယ်။



**အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ရေကြီးနေသည့်မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။**

မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာလည်း ရေကြီးခြင်းဖြစ်စဉ်များ နှစ်စဉ်ဖြစ်ပွားလေ့ရှိပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနောက်ဘင်္ဂလားပြည်နယ်၊ ဩဒိသ၊ မဏိပူရ၊ ရာဂျက်စ်တန်နှင့် ဂူဂျာရတ်တို့အပါအဝင် အခြားပြည်နယ်အတော်များများ ရေဘေးဒုက္ခကို နှစ်စဉ်အကြီးအကျယ် ခံစားရလေ့ရှိကြောင်း သိရပါတယ်။

ပါကစ္စတန်နိုင်ငံမှာလည်း ရေလွှမ်းမိုးမှုတွေကြောင့် ပန်ဂျပ်၊ ခိုင်ဘာပက်တွန်ခါဝ၊ ဘလူချီစတန်၊ ဂယ်ဂစ်ဘယ်တစ္စတန်နဲ့ ဆင့်ဒ်တို့မှာ နှစ်စဉ်ရေကြီးမှု အဆိုးရွားဆုံးဖြစ်ပြီး ပန်ဂျပ်ပြည်နယ်မှာ ရေဘေးဒုက္ခကို နှစ်စဉ်ခံစားခဲ့ရပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း နှစ်စဉ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ စစ်တကောင်း၊ ဘရစ္စဆပ်နှင့် ခူနာဒေသများတွင်လည်း ရေဘေးဒုက္ခများကို ပုံမှန်ခံစားနေရပါတယ်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းမှာလည်း ရေကြီးမှုတွေ နှစ်စဉ်ဖြစ်ပွားလေ့ရှိပါတယ်။ ဒါ့အပြင် ဗီယက်နမ်နိုင်ငံရဲ့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဟာလောင်းပင်လယ်ကွေ့ဒေသကို ရေဘေးကြောင့် ပျက်စီးဆုံးရှုံးရမှာကို စိုးရိမ်ပူပန်လျက်ရှိပါတယ်။

ထိုင်းနိုင်ငံ၊ ချိုင်ဆန်နှင့် မယ်ဆိုင်ဒေသတွေမှာလည်း နှစ်စဉ်ရေကြီးမှုဒဏ်ကို ခံစားရကြောင်းသိရပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ရေကြီးခြင်းတွေဟာ ရာသီဥတုဖောက်ပြန်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ များပြားခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားခြင်းနဲ့ ကမ္ဘာကြီးပူနွေးလာခြင်းတို့ကြောင့်ပဲဆိုတာ ငြင်းမရပါဘူး။ လာမယ့် ၂၀၃၀မှာ ပင်လယ်ကမ်းရိုးတန်းနဲ့ နီးတဲ့ တိုင်းပြည်တွေမှာ လူပေါင်း နှစ်သန်းကျော် ရေလွှမ်းမိုးမှု ဒဏ်ကို ပိုမိုခံစားရမှာဖြစ်ပါတယ်။

လတ်တလောမှာ ပင်လယ်ကမ်းရိုးတန်းနဲ့နီးတဲ့ ပါကစ္စတန်နိုင်ငံမှာ လူဦးရေ ၇၁၅၀၀၀ ဟာ ယနေ့မှာ သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ပါတယ်။ အလားတူပဲ တခြားပင်လယ်နဲ့နီးတဲ့ နိုင်ငံတွေမှာလည်း ရေဘေးဒုက္ခကိုနှစ်စဉ်ခံစားနေကြရပြီ ဖြစ်ပါတယ်။

ယနေ့ခေတ်မှာ သဘာဝနဲ့ သက်ဆိုင်တဲ့ ဘေးအန္တရာယ်တွေဟာ တစ်နေ့တခြား ပိုမိုထူထပ်များပြားလာနေတယ်ဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ အစိုးရ၊ တပ်မတော်၊ ပြည်သူ၊ လူမှုကယ်ဆယ်ရေး အဖွဲ့အစည်းတွေနဲ့ စေတနာရှင်ပြည်သူတွေအပါအဝင် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးပေါင်းစည်းပြီး သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ကာကွယ်မှုတွေကို အကောင်းဆုံး ပြုလုပ်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ။

**ကိုးကား - အာဆီယံဝိကလီး၊ ဝရလ်ဒ်ဝက်**

**“ကမ္ဘာအနှံ့အပြားရှိ မြစ်ချောင်းအင်းအိုင်တွေနဲ့နီးတဲ့ နေရာများရှိနိုင်ငံတွေမှာ မှီတင်းနေထိုင်ကြတဲ့လူဦးရေ ၅၄ သန်းဟာ နှစ်စဉ်ရေဘေးဒုက္ခကို ခံစားနေရပါတယ်။ ဆိုင်ကလုံးမုန်တိုင်းကိုမန်ကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းတွေ တိုက်ခတ်ခဲ့ပြီးနောက်ပိုင်းမှာလည်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အာဆီယံတောင်ပိုင်းပြည်နယ်တွေမှာလည်း လူပေါင်းရာနဲ့ချီပြီး သေဆုံးခဲ့သလို သန်းပေါင်းများစွာသော လူတွေကိုလည်း ပြောင်းရွှေ့ပေးခဲ့ရ”**

## နိုင်ငံတကာသတင်းတိုများ

### ဘန့် ပိရမစ်ကို ပထမဦးဆုံးအကြိမ်ဖြစ် ခရီးသွားများလေ့လာခွင့်ပြု

**ကိုင်ရို ဇူလိုင် ၁၄** - အီဂျစ်ရှေးဟောင်းပစ္စည်းများဆိုင်ရာဝန်ကြီးဌာနက ကိုင်ရိုမြို့တောင်ဘက် ဂီဇာပြည်နယ်မှ နှစ်ပေါင်း ၄၆၀၀ သက်တမ်းရှိ ဘန့်ပိရမစ်ကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာနိုင်ရန် ဇူလိုင် ၁၃ ရက်က ပထမဦးဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ပိရမစ်သည် ဖာရိုးဘုရင် ဆနီဖီရူ ပိုင်ဆိုင်သည့်ပိရမစ်ဖြစ်ပြီး ဘန့်ပိရမစ်သို့မဟုတ် နတ်သမီးနှစ်ပါးနှင့် ပိရမစ်ဟုအမည်ရသည်။ ဘန့်ပိရမစ်သည် ၁၀၁ မီတာမြင့်ပြီး အောက်ခြေမှတိုင်းလျှင် ၁၈၈ မီတာနီးပါးရှိသည်။ မြောက်ဘက်ဝင်ပေါက်ကို ခရီးသွားများအတွက် ဖွင့်လှစ်ပေးထားပြီး အလောင်းမြှုပ်နှံထားသည့်အခန်းနှင့် ၈၀မီတာခန့်ကွာဝေးသည်။ ဘန့်ပိရမစ်သည် ဖာရိုးဘုရင် ဆနီဖီရူ ပထမဦးဆုံးဆောက်လုပ်သည့် ပိရမစ်ဖြစ်ပြီး ဒုတိယမြောက် ပိရမစ်မှာ ၂ ကီလိုမီတာအကွာတွင်ရှိပြီး အနီရောင်ပိရမစ်ဟု ခေါ်ဝေါ်သည်။ **ဆင်ဟွာ**

### လစ်ဗျား အနောက်ဘက်ကမ်းရိုးတန်း၌ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၅၃ ဦးကို ကယ်တင်

**ထရီပိုလီ ဇူလိုင် ၁၄**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ အနောက်ဘက် ၆၀ ကီလိုမီတာခန့်အကွာရှိ ဆာဘရာသာမြို့ ကမ်းရိုးတန်းမှ မိုင် ၄၀ ခန့် အကွာ ရော်ဘာလှေပေါ်မှ တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်သူ ၅၃ ဦးကို လစ်ဗျားကမ်းရိုးတန်းစောင့် တပ်ဖွဲ့က ကယ်တင်ခဲ့ကြောင်းသိရသည်။ လစ်ဗျားကမ်းရိုးတန်းစောင့်တပ်ဖွဲ့သည် ကင်းလှည့်နေစဉ် အဆိုပါ လှေပေါ်မှဒုက္ခသည်များကို ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း လစ်ဗျားဆိပ်ကမ်းနှင့် ကမ်းရိုးတန်းစောင့် တပ်ဌာနခွဲမှ သတင်းထုတ်ပြန်သည်။ ကယ်တင်လာသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို လက်ခံရေးဌာနသို့ ခေါ်ဆောင်လာပြီး ဆေးဝါးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက လစ်ဗျားတွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ထိန်းသိမ်းရေးစင်တာများတွင် ထိန်းသိမ်းထားခြင်းကိုရပ်တန့်ရန် တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တတိယမြောက် ဗောဓိတထောင်ဆင်စခန်း မုံရွာမြို့တွင် ဖွင့်လှစ်

**မုံရွာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခတက္ကန်တောင်ကျေးရွာ ဗောဓိတထောင်သာသနာ့နယ်မြေအတွင်း ဗောဓိတထောင် ဆင်ထိန်းသိမ်းရေးစခန်းဖွင့်ပွဲအား ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

"ဗောဓိတထောင်သာသနာ့ နယ်မြေအတွင်းက သစ်တောသစ်ပင်တွေကိုလေ့လာလို့ရမယ်၊ တောတွင်းဆင်စီးတဲ့အရသာကိုခံစားရမယ်၊ ဆင်တွေရဲ့အလေ့အထ၊ ဆင်ဦးစီးတွေရဲ့ တောတွင်း နေထိုင်မှု ဓလေ့စရိုက်တွေကို အနီးကပ်လေ့လာလို့ရအောင် စီစဉ်ပေးထားတယ်၊ ဆင်တွေရဲ့အသုံးအဆောင်ပစ္စည်းတွေကိုလည်း ပြသထားတယ်၊ နောက်ပြီးခေတ်အဆက်ဆက်ဆင်တွေရဲ့ စွမ်းဆောင်ရည်တွေနဲ့ပတ်သက်တဲ့ ဓာတ်ပုံ ပြခန်းလေးလည်းစီစဉ်ပေးထားတဲ့အတွက် ဒီဆင်စခန်းကိုလာရောက်လည်ပတ်ကြတဲ့ ခရီးသွားပြည်သူတွေ စိတ်ချမ်းသာမှု ရရှိစေဖို့ အတွက် စီစဉ်ပေးထားတယ်"ဟုစစ်ကိုင်းတိုင်းဒေသကြီး မုံရွာ သစ်ထုတ်ရေးဒေသမှ လက်ထောက်အထွေထွေ မန်နေဂျာ ဦးဇော်ဝင်းသိန်းက ပြောသည်။

ဗောဓိတထောင်ဆင်ထိန်းသိမ်းရေးစခန်းအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးလာထောင်ထန်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘတို့က ဖဲကြိုးဖြတ်


တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ ဗောဓိတထောင် ဆင်စခန်းဖွင့်ပွဲကို ဖွင့်လှစ်ပေးကြစဉ်။

ဖွင့်လှစ်ပေးပြီး ဆင်စခန်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ အမှတ်တရ သစ်ပင်များ စိုက်ပျိုးပေးပြီး ဆင်စခန်း အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာဆင်များအား အစားအစာများကျွေးမွေးခဲ့ကြောင်း သိရသည်။

"ဆင်စခန်းဖွင့်လှစ်တဲ့အတွက် ဒေသဖွံ့ဖြိုးမှု ပိုကောင်းလာတယ်၊ ဒီဒေသမှာဆင်တွေကိုအနီးကပ်ကြည့်ဖို့ဆိုတာ မလွယ်တဲ့အခြေအနေမှာအခုလိုဆင်စခန်း ဖွင့်လှစ်တဲ့အတွက် အလွယ်တကူ ကြည့်ရှုနိုင်တယ်၊ ဟိုအရင်ကဆင်စခန်းတွေကိုမသွားခဲ့ရဘူး။အခုတော့ ကိုယ့်ကျေးရွာအနီးမှာပဲအလွယ်တကူကြည့်နိုင်တယ်၊ အနယ်နယ်အရပ်ရပ်ကလာတဲ့ခရီးသွား ဧည့်သည်တွေလည်း သာသနာ့နယ်မြေကို လေ့လာနိုင်သလိုဆင်တွေကိုလည်း ကြည့်ခွင့်ရမယ်၊ ဆင်စီးလို့လည်းရမယ်၊ ဆင်တွေနဲ့ ဆင်ဦးစီးတွေရဲ့နေထိုင်မှုဓလေ့ စရိုက်ထုံးစံတွေကိုလေ့လာကြည့်ရှုခွင့်ရမှာဖြစ်တဲ့အတွက် စီစဉ်ပေးတဲ့သူတွေအားလုံးကိုကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု ဆင်စခန်းသို့ လာရောက်ကြည့်ရှုသူ မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာမှ ကိုမျိုးမင်းသိန်းကပြောသည်။

ယနေ့ ဖွင့်လှစ်သော ဗောဓိတထောင် ဆင်ထိန်းသိမ်းရေးစခန်းသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမော်လိုက်မြို့နယ်ပျားစွဲဆင်စခန်း၊ ကသာမြို့နယ် နတ်ပေါက်ဆင်စခန်းပြီးနောက် တတိယမြောက်ဆင်စခန်းတစ်ခုဖြစ်ကြောင်းနှင့် မြန်မာတစ်နိုင်ငံလုံးတွင် ၂၀ ခုမြောက် ဆင်စခန်းတစ်ခုဖြစ်ကြောင်း ယခုဆင်စခန်းကြောင့် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြု နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

# ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ လူထုတွေ့ဆုံပွဲပြုလုပ်

**ရွှေကျင် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများသည် ဇူလိုင် ၁၃ ရက်က ရွှေကျင်မြို့မြို့တော်စည်ပင်ခန်းမ၌ ဒေသခံပြည်သူများနှင့် လူထုတွေ့ဆုံပွဲ ပြုလုပ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားတွင် ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အိမ်ခြေ ၈၅ လုံးမှာ လမ်းမြေ ချဲ့ထွင်ပါက မလွတ်ကင်းပါသဖြင့် နေထိုင်ရေး အခက်အခဲများ ရှိကြောင်း၊ ခြေတော်ရာကျေးရွာနှင့် ကျွဲတဲရပ်ကွက်ကြားရှိ စွန်သိုက်ရေနုတ်မြောင်းအား ပြန်လည်တူးဖော်ပေးခြင်းဖြင့် ရွာအတွင်းရေလွှမ်းမိုးမှုများမရှိတော့မည်ဖြစ်ကြောင်း၊ အနောက်ဘက်ကျေးရွာအုပ်ချုပ်ရေးမှူးက ပွဲကုန်း- ဇီးတော်ကြား ချောင်းငယ်ရှိနေသဖြင့် သင့်လျော်သောတံတားတစ်စင်းထိုးပေးနိုင်ပါရန်၊ တောင်ဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဆယ်ပေကုန်းအဆင်းရှိ ကားလမ်းပေါ်တွင် ပြုလုပ်ထားသည့် Box Calvert ၁၀ ပေ အကျယ်ပြုလုပ်ထားသည့်နေရာ၌ တောင်ကျရေစီးဆင်းသောအခါ ပတ်ဝန်းကျင်နေအိမ်များရေလွှမ်းမိုးခြင်းခံနေရပါသဖြင့် အဆိုပါ နေရာတွင် ပေ ၂၀ အကျယ် အမြင့် ကိုးပေရှိ တံတား တစ်စင်း ထိုးပေးနိုင်ရေးလိုအပ်နေပါကြောင်း၊ အင်္ဂနီကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးရွာတွင်အမှန်တကယ် လိုအပ်နေသော ကျေးလက်ဆေးပေးခန်းနှင့် ဝန်ထမ်းများလိုအပ်နေပါကြောင်း၊ ရွာနီးချင်းဆက် ကျေးရွာ ငါးရွာမှ ကျောင်းသား ဦးရေများ တိုးတက်လာသောကြောင့် ဆရာ၊ ဆရာမ ဝန်ထမ်းများ မလောက်မငဖြစ်နေပါသည်။ ထို့အတွက်ကြောင့် ပညာရေးဝန်ထမ်းဆရာ ဆရာမများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ သရက်ချောင်းကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများက ကျေးရွာလျှပ်စစ်မီးလင်းရေး၊ စားကျက်မြေများထဲမှ ကျေးရွာမြေအဖြစ် ရရှိရေး တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနအသီးသီးဖြင့် ချိတ်ဆက်ပူးပေါင်းအဖြေရှာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ရွှေကျင်မြို့ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးကြစဉ်။

**ဟိန်းထက် (ပဲခူး)**

# ဖလမ်း(ဆူရ်ဘုန်)လေယာဉ်ကွင်းသစ်စီမံကိန်း၌ သစ်ပင်စိုက်ပျိုး

**ဖလမ်း ဇူလိုင် ၁၄**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၃ ရက် က ဖလမ်း(ဆူရ်ဘုန်)လေယာဉ်ကွင်းသစ်စီမံကိန်း ဧရိယာဝင်းအတွင်း၌ကျင်းပပြုလုပ်သည်။ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လေယာဉ်ကွင်းစီမံကိန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များက တောင်ဇလပ် ပင် ၁၀၀၊ ထင်းရှူး ပင် ၂၀၀၊ ချယ်ရီ ပင် ၃၀၀၊ ခါတော်မီ ပင် ၅၀၀၊ မဟော်ဂနီ ပင် ၁၀၀ စုစုပေါင်း အပင် ၁၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော ဝန်ထမ်းများတွေ့ဆုံပွဲကို အဆိုပါလေယာဉ်ကွင်း၌ ဆက်လက်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက လေယာဉ်ကွင်းစီမံကိန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**


ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် သစ်ပင်စိုက်ပျိုးပေးနေစဉ်။

# ရေစကြိုမြို့ လွှတ်လပ်ရေးပန်းခြံနှင့် ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနား ကျင်းပ

**ရေစကြို ဇူလိုင် ၁၄**

ရေစကြိုမြို့လွှတ်လပ်ရေးပန်းခြံနှင့် ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက်က ဗိုလ်ချုပ်ကြေးရုပ်တုဥပစာရင်ပြင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာတို့က အမှာစကားပြောကြားပြီးနောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းနှင့်ဦးမင်းဟန်တို့နှင့်အတူ လွှတ်လပ်ရေးပန်းခြံမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ ဗိုလ်ချုပ်ကြေးရုပ်တုအား ဖွင့်လှစ်ခြင်း၊ ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်ပက်ဖျန်းခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ရေစကြိုမြို့နယ်ပခန်းကြီး ရင်သွေးငယ်များမှ တိုင်းရင်းသားအကများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ လွှတ်လပ်ရေးပန်းခြံနှင့် ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲအထိမ်းအမှတ် ဗိုလ်ချုပ်ကြေးရုပ်တုငယ်များ အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်းသိရှိရသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ရေစကြိုမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဗိုလ်ချုပ်ကြေးရုပ်တု ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**နွယ်နွယ်အောင်**


တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ လွှတ်လပ်ရေးပန်းခြံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# ကညင်တပင် တံတားသစ် ချဉ်းကပ်လမ်း မြေနေရာ လှူဒါန်းသည့် တောင်သူများအား ဂုဏ်ပြု

**အင်္ဂပူ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူ-ညောင်ကျိုးလမ်းပေါ်ရှိ ကညင်တပင် တံတားသစ် ချဉ်းကပ်လမ်း မြေနေရာကို မြို့နယ်လမ်းဦးစီးဌာနသို့ လှူဒါန်းသည့် တောင်သူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ နံနက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှမိုးအောင်က အမှာစကားပြောကြားခဲ့ပြီး ချဉ်းကပ်လမ်း မြေနေရာ လှူဒါန်းသည့် တောင်သူ ၁၂ ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများက ဂုဏ်ပြုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**မန်းကျော် (ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ် ညောင်မြင့်ဓာတ်အားခွဲရုံ တည်ဆောက်နေမှု ၇၅ ရာခိုင်နှုန်းပြီးစီး

**မိတ္ထီလာ ဇူလိုင် ၁၄**

မိတ္ထီလာမြို့နယ် ညောင်မြင့်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၃၄ ရွာ လျှပ်စစ်မီးလင်းနိုင်ရေး ၃၃/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီလိုင်း ပေ ၂၀၀၊ ၁၁ ကေဗွီလိုင်း ၃ ဖီဒါ ၁၈ မိုင် တည်ဆောက်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ညောင်မြင့်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်စေရန်အတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ကြီးကြပ်ပြီး Asia General Electric Co.,Ltd. မှ တာဝန်ယူကာ မတ် ၁၉ ရက်မှစ၍ ညောင်မြင့်ကျေးရွာအနီးတွင် ၃၃/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၃၃ ကေဗွီလိုင်း ပေ ၂၀၀၊ ၁၁ ကေဗွီလိုင်း ၃ ဖီဒါ ၁၈ မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို တည်ဆောက်လျက်ရှိသည်။ ယင်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ရာ ၃၃/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံနှင့် ၃၃ ကေဗွီလိုင်း ပေ ၂၀၀၊ ၁၁ ကေဗွီလိုင်း ၃ ဖီဒါ ၁၈ မိုင် တည်ဆောက်ခြင်းဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးယုမော် (အင်ဂျင်နီယာ)က ပြောသည်။



ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

အဆိုပါလုပ်ငန်းပြီးစီးပါက မိတ္ထီလာမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကံကြီး၊ ညောင်မြင့်၊ ကွက်ငယ်၊ ကံကြီး၊ ရွှေပန်းတိုင်၊ ခင်တဲ၊ ကန်တောင်၊ မြာ၊ လှည်းပွဲ၊ ဝါးရုံ၊ ကုက္ကိုကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၃၄ ရွာမှ အိမ်ခြေ ၂၂၂၉ အိမ် လျှပ်စစ်မီးလင်းနိုင်တော့မည်ဖြစ်သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တာချီလိတ်မြို့၌ ငွေကျပ် ၁၉၂ သိန်းကျော်တန်ဖိုးရှိ ခြင်ဆေးဖျန်းစက် ခုနစ်လုံးလှူဒါန်း

**တာချီလိတ် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မီးလင်းရေးကော်မတီက ငွေကျပ် ၁၉၂၅၀၀၀၀ ခန့် တန်ဖိုးရှိ ခြင်ဆေးဖျန်းစက် ခုနစ်လုံးအား ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

မြို့မီးလင်းရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ဖြစ်ပွားပါက ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက ကျေးဇူးတင်စကားပြောကြားကာ မြို့နယ်ကျန်းမာရေးမှူး ဦးအောင်ဝင်းကြည်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအကြောင်း အသိပညာပေး ဟောပြောသည်။

ယင်းနောက် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ခြင်ဆေးဖျန်းစက်ငါးလုံး၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ခြင်ဆေးဖျန်းစက်နှစ်လုံးတို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကျောင်းဝင်းအတွင်း ခြင်ဆေးဖျန်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

**ဖြိုးလေး (ပြန်/ဆက်)**

# ပုလောမြို့နယ် လိပ်သောင်ရွာအဝင်လမ်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် လိပ်သောင်ကျေးရွာ အဝင်လမ်းသည် ကျေးလက်နေပြည်သူများက ကိုယ့်အားကိုယ်ကိုး စုပေါင်းဖောက်လုပ် ထားသော ကျေးလက်လမ်းတစ်လမ်းဖြစ်ပြီး ယခုအခါ ပုလောမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူပြုပြင်လျက်ရှိသည်။



ပုလောမြို့နယ် လိပ်သောင်ကျေးရွာအဝင်လမ်း ပြုပြင်နေမှုကို တွေ့ရစဉ်။

အဆိုပါ ကျေးလက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဒေသခံကျေးလက်ပြည်သူများထည့်ဝင်ငွေဖြင့် လမ်းပေ ၂၂၄၀ ကို ကွန်ကရစ်ခင်းပေးခဲ့ကြောင်း၊ တစ်ဖန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပုလောမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး ခွင့်ပြုငွေများဖြင့် လမ်းတစ်မိုင်ကို ကွန်ကရစ်ခင်းခဲ့ကြောင်း၊ မြေသားလမ်းနှစ်မိုင်ကိုလည်း အမာခံလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါကျေးလက်လမ်းသည် ရာသီမရွေးသွားလာနိုင်ပြီး ပုလောမြို့နယ် လိပ်သောင်ကျေးရွာနေ ကျေးလက်နေပြည်သူများနှင့် ပတ်ဝန်းကျင် ကျေးလက်နေပြည်သူတို့အား အကျိုးပြုလျက်ရှိသည်။

**ခရမ်းစိုးမြင့်**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

- ငါးမွေးမြူရေးကန်များ၏ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားရန်၊
- အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၀၅ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၄ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၉၅ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၁၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ လူ့အခွင့်အရေး



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော်ဟာ လူ့အခွင့်အရေးကို စိတ်ဝင်စားတယ်။ ကုလသမဂ္ဂမှာ တာဝန်ယူစဉ် ဝန်ထမ်းတက္ကသိုလ်မှာ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး သင်တန်းတွေကို နိုင်ငံပေါင်းများစွာမှာ ပို့ချခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းမျိုးစုံမှာလည်း ဟောပြောခဲ့ပါတယ်။ သင်တန်းတွေရဲ့ခေါင်းစဉ်က (Rights-Based-Management) - လူ့အခွင့်အရေးကို အခြေခံတဲ့ စီမံခန့်ခွဲမှုဖြစ်တယ်။ စီမံခန့်ခွဲရာမှာ လူ့အခွင့်အရေးကို အခြေခံပြီး ဆောင်ရွက်သင့်ကြောင်း သင်ကြားပို့ချခဲ့ပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တာဝန်ယူတဲ့ သင်တန်းတစ်ခုက (Results Based Management) ရလဒ်ကို အခြေခံတဲ့ စီမံခန့်ခွဲမှု။ စီမံရာမှာ ရလဒ်တွေကို အာရုံပြုဖို့ တိုက်တွန်းအားပေးခဲ့ခြင်း ဖြစ်ပါတယ်။ အမှန်တော့ ဒီချဉ်းကပ်မှုနှစ်ရပ်ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိတယ်။ လူ့အခွင့်အရေးနဲ့ ရလဒ်ဟာ ဆက်စပ်နေတယ်။ ရလဒ်ရပြီး လူ့အခွင့်အရေးကို ချိုးဖောက်ရင် အဆင်မပြေသလို လူ့အခွင့်အရေးကိုရယူပြီး ရလဒ်မရနိုင်ရင် အကျိုးမရှိပါဘူး။**

> **“ဒါပေမယ့် အခွင့်အရေးနဲ့အတူ တာဝန်ရှိတယ်ဆိုတာလည်း မမေ့သင့်ဘူး။ (Rights) ရပိုင်ခွင့်နဲ့ (Responsibility) တာဝန်ယူမှုဟာ ခွဲခြားလို့မရပါဘူး။ တာဝန်မသိဘဲ ရပိုင်ခွင့်ကိုသာ တောင်းခံနေလို့ မရပါဘူး။ တာဝန်ရှိတဲ့သူတွေ တာဝန်သိဖို့ အထူးလိုအပ်တယ်။ ဒါမှလည်း အားလုံး လိုချင်တမ်းတတဲ့ လူ့အခွင့်အရေးတွေကို ခံစားရမှာဖြစ်ပါတယ်။**

### စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနဲ့ လူ့အခွင့်အရေး

ညှိနှိုင်းခံပွဲတစ်ခုမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌကြီး ဦးဝင်းမြနဲ့ တွေ့ပါတယ်။ ကော်မရှင်က ကြီးမှူး ကျင်းပနေတဲ့ သင်တန်းမှာ လာရောက်ပို့ချဖို့ ဖိတ်ကြားခံခဲ့ရတယ်။ နောက်တော့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က ဖုန်းဆက် ပြီး သင်တန်းအကြောင်း အသေးစိတ်ရှင်းပြပါတယ်။ ပြည်သူ အများအတွက် လူ့အခွင့်အရေးဆိုင်ရာ အခြေခံ သင်တန်းတွေ ဆောင်ရွက်ခဲ့ပြီး အဆင့်မြင့် သင်တန်းတွေ ဖွင့်ထားကြောင်း ပြောပါတယ်။ သင်တန်းအချိန်ကလည်း မနက် ၇ နာရီကနေ ၉ နာရီဖြစ်တာမို့ ကျွန်တော့်အတွက် အလွန်အဆင်ပြေသွားပါတယ်။ ဟောပြောစေလိုတဲ့ ခေါင်းစဉ်က “စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနဲ့ လူ့အခွင့်အရေး” ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ပုံစံအမျိုးမျိုး တာဝန်ယူနေတာမို့ ခေါင်းစဉ်အကြောင်းအရာ နှစ်ခုစလုံးဟာ ကျွန်တော်နဲ့ ယဉ်ပါးနေပြီးဖြစ်တယ်။ အမှန်တော့ ဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူစဉ် “ထောင်စုနှစ် ရည်မှန်းချက်” အကြောင်းအရာများကို သင်တန်းတွေပေးခဲ့ပါတယ်။ ဒီထောင်စုနှစ်ရည်မှန်းချက်တွေ ဟာ ၁၅ နှစ်ကြာမြင့်ပြီး ခရစ်နှစ် ၂၀၀၀ မှ ၂၀၁၅ အထိ အကျိုးဝင်ပါတယ်။

၂၀၁၅ မှ ၂၀၂၀ ကာလအထိ ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်နိုင်ငံတွေက စဉ်ဆက်မပြတ် ရည်မှန်းချက်တွေကို ဖော်ထုတ်သတ်မှတ်ခဲ့ပါတယ်။

သင်တန်းက ပြည်လမ်းမှာရှိတဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရုံးမှာ ကျင်းပပါတယ်။ ဒီရုံးကြီးနဲ့ ကျွန်တော် ရင်းနှီးပါတယ်။ အရင်အစိုးရလက်ထက်မှာ မဟာဗျူဟာဗိမာန်မှာ ကျင်းပတဲ့ သင်တန်းတွေမှာ သွားရောက်ပို့ချခဲ့ဖူးတယ်။

ကျွန်တော့်ကို မနက်စောစောနေအိမ်မှာ အတွင်းရေးမှူး ဦးဖုန်းကြွယ်က လာကြိုပါတယ်။ သူနဲ့ သိကျွမ်းတာ နှစ်ပေါင်း ကြာမြင့်ခဲ့ပါပြီ။ ကော်မရှင်ရုံးရောက်တော့ ဥက္ကဋ္ဌကြီး ဦးဝင်းမြ၊ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နဲ့ ကော်မရှင်အဖွဲ့ဝင်တွေက နွေးနွေး ထွေးထွေး ကြိုဆိုပါတယ်။ နံနက်စာကို တည်ခင်းဧည့်ခံခဲ့ပါတယ်။ သင်တန်းအချိန်က နှစ်ချိန်ဖြစ်တယ်။

### ငြိမ်းချမ်း တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးမှုမရနိုင်

ပဏာမအနေနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒေါက်တာကိုဖီအာနန်ရဲ့ အဆိုအမိန့်တစ်ခုကို မျှဝေခဲ့ပါတယ်။ ကျွန်တော် ကုလသမဂ္ဂအဖွဲ့အစည်းမှာ အတွင်းရေးမှူး ချုပ်နှစ်ဦးနဲ့ ဆုံခဲ့ပါတယ်။ ပထမတစ်ဦးက ဒေါက်တာကို ဖီအာနန်ဖြစ်ပြီး ဒုတိယကတော့ မစ္စတာ ဘန်ကီမွန်းဖြစ်ပါတယ်။ ကိုဖီအာနန်လက်ထက် ကျွန်တော်က ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေမှာ သင်တန်းတွေ ပေးပြီး ပါဝင်ခဲ့ပါတယ်။ အတွင်းရေးမှူးချုပ်က ငြိမ်းချမ်း တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးမှုမရရှိနိုင်သလို ဖွံ့ဖြိုးမှုမရနိုင်ရင်လည်း ငြိမ်းချမ်းရေးမရနိုင်ကြောင်း ဖော်ထုတ်ခဲ့တယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှုရဲ့အခြေခံဟာ လူ့အခွင့်အရေး ဖြစ်ကြောင်း သတိပေးခဲ့ပါတယ်။

နော်ဝေနိုင်ငံရဲ့ ဝန်ကြီးချုပ်(ငြိမ်း) ဖြစ်သူ ဗရုတ်လန်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဟာ ပစ္စုပ္ပန်ကာလမှာ အသက်ရှင် နေထိုင်ကြသူတွေအတွက် အဆင်ပြေမှုရှိရုံမက အနာဂတ်-နောင်လာနောက်သားတွေအတွက် အခွင့်အလမ်းတွေရှိဖို့ လိုကြောင်း သတိပေးခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်နိုင်ငံတွေဟာ ၁၉၈၆ ခုနှစ်မှာ ဖွံ့ဖြိုးနှုန်းဟာ လူ့အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ လူသားတိုင်းဟာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးကဏ္ဍအသီးသီးမှာ ပါဝင်ပတ်သက်အလုပ်အကျွေးပြုရုံမက အကျိုးအမြတ်တွေ ခံစားခွင့်ရှိကြောင်း သဘောတူခဲ့ကြတယ်။ တစ်ဖက်ကလည်း လူသားတိုင်းဟာ လူ့အခွင့်အရေး အခြေခံ လွတ်လပ်ခွင့်တွေ ခံစားခွင့်နည်းကြောင်းလည်း ဖော်ထုတ်ခဲ့ပါတယ်။

### လူသားတိုင်းမှာ အခြေခံအခွင့်အရေးသုံးရပ်ရှိ

လူသားတိုင်းမှာ အခြေခံအခွင့်အရေးသုံးရပ်ရှိပါတယ်။ ဒါတွေကတော့ ကြောက်ရွံ့ခြင်းမှ လွတ်လပ်ခြင်း၊ တမ်းတခြင်းမှ လွတ်လပ်ခြင်းနဲ့ သိက္ခာရှိစွာနေထိုင်လှုပ်ရှားနိုင်မယ့်လွတ်လပ်ခြင်း။ ဒီလွတ်လပ်ခြင်းသုံးရပ်ကို ပိုပြီးပြည့်စုံတဲ့လွတ်လပ်ခွင့် အဖြစ် သတ်မှတ်ခဲ့ပါတယ်။ အမှန် ဒီလွတ်လပ်ခွင့်သုံးရပ်ဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခွင့်အရေးတွေသာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးနဲ့ပတ်သက်လာရင် နိုင်ငံရေး၊ စီးပွားရေး စနစ်နဲ့ ခွဲခြားလို့မရနိုင်ပါဘူး။ ဒါကြောင့် တစ်ချိန်က စင်ကာပူ နိုင်ငံခေါင်းဆောင် လီကွမ်ယုက အာရှလူမျိုးတွေနဲ့ဆိုင်တဲ့ လူ့အခွင့်အရေးသီးသန့်ရှိကြောင်း အတိအလင်း ဖော်ထုတ်ခဲ့တယ်။ အနောက်နိုင်ငံတွေက ကြွေးကြော်နေတဲ့ လူ့အခွင့်အရေးဟာ အာရှနဲ့မပတ်သက်ကြောင်းကြေညာခဲ့တယ်။ ၁၉၉၀ ပြည့်နှစ် မတိုင်မီ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး အယူအဆ နှစ်မျိုးရှိခဲ့တယ်။ အရင်းရှင်နိုင်ငံတွေမှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေးနဲ့ပါဝင်ပတ်သက်မှု လွတ်လပ်တဲ့လူ့အခွင့်အရေး နှစ်ရပ်ကို ဦးစားပေးခဲ့တယ်။ ဆိုရှယ်လစ်နိုင်ငံတွေကတော့ စီးပွားရေးဆိုင်ရာ လူ့အခွင့်အရေး၊ လူမှုရေးဆိုင်ရာ လူ့အခွင့်အရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ လူ့အခွင့်အရေးသုံးရပ်ကို အာရုံပြုခဲ့တယ်။ တစ်ဖက်နဲ့တစ်ဖက် အယူအဆတွေမတူညီကြတဲ့အတွက် အပြိုင်အဆိုင် ငြင်းခုန်ခဲ့ကြတယ်။ ၁၉၉၉ ခုနှစ် နောက်ပိုင်းမှာ ရုရှားနိုင်ငံနဲ့ ဂျာမနီ နိုင်ငံတွေမှာ ဖြစ်ပေါ်လာခဲ့တဲ့ အပြောင်းအလဲတွေကြောင့် လူ့အခွင့်အရေးဟာ စောစောက တင်ပြခဲ့တဲ့ အခွင့်အရေး ငါးရပ်လုံးပါဝင်ကြောင်း လက်ခံခဲ့ပါတယ်။ ဒါကြောင့် အခုချိန်မှာ လူ့အခွင့်အရေးနဲ့ပတ်သက်လာရင် ဒီအခွင့်အရေးငါးရပ်ကို တပေါင်းတစည်းတည်း စဉ်းစား လုပ်ဆောင်ဖို့လိုကြောင်း အသိအမှတ်ပြုခဲ့တယ်။

### တာဝန်ခံရမယ့်သူနဲ့ ရပိုင်ခွင့်ရှိသူ

လူတစ်ယောက်ရဲ့ ဖွံ့ဖြိုးမှုအခွင့်အရေးဟာ မွေးရာပါ အခွင့်အရေးဖြစ်တယ်။ ဒီအခွင့်အရေး ခံစားနိုင်ဖို့ နိုင်ငံရဲ့ စီမံအုပ်ချုပ်မှုကို စနစ်တကျဆောင်ရွက်ဖို့ လိုအပ်တာကိုလည်း အသိအမှတ်ပြုခဲ့တယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် တာဝန်ခံရမယ့်သူနဲ့ ရပိုင်ခွင့်ရှိသူဆိုပြီး နှစ်မျိုး နှစ်စားရှိတာကို ခွဲခြားခဲ့တယ်။ တာဝန်ခံရမယ့်သူက အစိုးရတွေသာဖြစ်တယ်။ အစိုးရကပဲ တာဝန်ယူရမှာ။ အစိုးရကို ပုဂ္ဂလိက ကဏ္ဍ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ကူညီပံ့ပိုးဖို့ လိုအပ်တယ်။ ရပိုင်ခွင့်ရှိသူက ပြည်သူတွေသာ ဖြစ်တယ်။

၂၀၁၆ ခုနှစ်မှာ ကုလသမဂ္ဂအဖွဲ့အစည်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်က ကတိပြုခဲ့တဲ့ ဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး ရည်မှန်းချက်တွေရဲ့ အခြေအနေကို ပြန်လည်သုံးသပ်ခဲ့တယ်။ အခြေအနေတွေဟာ မျှော်မှန်းခဲ့သလိုမဖြစ်ကြောင်း သိရှိခဲ့ရတယ်။ အခွင့်အရေးတွေ မရနေကြောင်း ဖော်ထုတ်နိုင်ခဲ့ကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ က အတူတကွပူးပေါင်းဆောင်ရွက်ဖို့ သဘောတူခဲ့ပေမယ့် လက်တွေ့မှာ အကောင်အထည်မဖော်နိုင်ဘူး။ ဒါကြောင့် ၂၀၁၆ ခုနှစ်မှာ စဉ်ဆက်မပြတ်ရည်မှန်းချက်တွေကို သဘောတူလက်ခံခဲ့ပါတယ်။ စုစုပေါင်းရည်မှန်းချက် ၁၇ ချက်ပါဝင်ပြီး လူသားတွေကို အခြေခံမယ့်ဖွံ့ဖြိုးမှုပုံစံ ဖြစ်တယ်။ လူသားတွေကို လွတ်လပ်စွာပါဝင်ပြီး ခွဲခြားဆက်ဆံမှုမရှိအောင် ဆောင်ရွက်ဖို့လိုကြောင်း သဘောတူခဲ့တယ်။ လူမျိုးရေး၊ ဘာသာရေး၊ အစွန်းတရားတွေ ရှောင်ဖို့လည်း လက်ခံခဲ့ကြတယ်။ ဒီရည်မှန်းချက်ရဲ့အခြေခံကတော့ လူ့အခွင့်အရေးပဲဖြစ်တယ်။ လူ့အခွင့်အရေးမရှိရင် ဖွံ့ဖြိုးမှုမဖြစ်နိုင်ပါဘူး။ တစ်ခုနဲ့တစ်ခု မှီနေသလို အပြန်အလှန်ဆက်စပ်နေတာဖြစ်တယ်။ သတိပြုဖို့ကိစ္စတစ်ခုက ရည်မှန်းချက် ၁၈ ခုကို ဖော်ထုတ်ခဲ့ပေမယ့် လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီ သီးခြား ရည်မှန်းချက်တစ်ခုကို ဖော်ပြမှုမရှိပါဘူး။

### တာဝန်မသိဘဲ ရပိုင်ခွင့်ကိုတောင်းခံလို့မရပါ

အခုလိုဖြစ်ရတာက ရည်မှန်းချက်အားလုံးရဲ့ အခြေခံဟာ လူ့အခွင့်အရေးဖြစ်တာကြောင့် ဖြစ်တယ်။ ဒါကြောင့်မို့ ဖွံ့ဖြိုးမှုရည်မှန်းချက်နဲ့ လူ့အခွင့်အရေး သီးခြားခွဲထားလို့ မဖြစ်ပါဘူး။ အကောင်အထည်ဖော်ရာမှာ နိုင်ငံရေးသတ္တိရှိဖို့ လိုအပ်တယ်။ တစိုက်မတ်မတ်အာရုံစိုက်ဖို့လည်း လိုအပ်မှာ ဖြစ်တယ်။ မြန်မာနိုင်ငံမှာ အစိုးရသစ်အနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစီမံကိန်းတစ်ရပ်ကို ဖော်ထုတ်ခဲ့ပါတယ်။ ကာလက ၂၀၁၈ မှ ၂၀၂၀ အထိဖြစ်တယ်။ မဏ္ဍိုင်သုံးရပ်ပါဝင်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းမှု၊ ကြွယ်ဝချမ်းသာမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ လူသားတွေနဲ့ ပတ်ဝန်းကျင်တို့ ဖြစ်တယ်။ ရည်းမှန်းချက်အနေနဲ့ ငါးရပ်သတ်မှတ်ခဲ့တယ်။ ဒီ စီမံကိန်းကို အကောင်အထည်ဖော်ရာမှာ ဝန်ကြီးဌာနအသီးသီးရဲ့ပါဝင်မှု၊ စိတ်ဝင်စားမှုဟာ အရေးကြီးတယ်။ အထူးသဖြင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရှိဖို့ အလွန် အရေးကြီးလှပါတယ်။ လူ့အခွင့်အရေးကော်မရှင်ရဲ့အခန်းကဏ္ဍက အရေးပါလှပါတယ်။ ပုဂ္ဂလိကကဏ္ဍရဲ့အရေးပါမှုကို လည်း အသိအမှတ်ပြုဖို့ လိုပါတယ်။ ကျွန်တော့်အနေနဲ့ရတဲ့ အချိန်နှစ်ချိန်မှာ ပြင်ဆင်ထားတာတွေကို တင်ပြခဲ့တယ်။ ဥက္ကဋ္ဌကြီးက ပါဝင်ဆွေးနွေးခဲ့သလို သင်တန်းသားတွေက လည်း မေးခွန်းမျိုးစုံ ထုတ်ခဲ့တယ်။

ကျွန်တော်က ကြိုးစားပြီး ဖြေကြားခဲ့တယ်။ သင်တန်းသားတွေက အလွှာမျိုးစုံက။ လူ့အခွင့်အရေးကို စိတ်ဝင်စားလို့ တက်ရောက်နေတာဖြစ်တယ်။ ကျွန်တော့်အနေနဲ့ ကိုယ်သိသမျှကို မျှဝေနိုင်ခွင့်ရခဲ့တာကိုလည်း ကျေးဇူးတင်မိတယ်။ ဝမ်းသာမိတယ်။ စီစဉ်ပေးတဲ့ ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌကိုလည်း ကျေးဇူးတင်မိပါတယ်။ အမှန်တော့ လူ့အခွင့်ရေးနဲ့ ပတ်သက်လာရင် မြန်မာနိုင်ငံအတွက် ဖိအားမျိုးစုံကို ခံစားနေရတယ်။ ဒီမိုကရေစီခေတ်မို့ ဆန္ဒတွေကို လွတ်လွတ်လပ်လပ်ဖော်ထုတ်ခွင့်ရှိတာမို့ စိတ်တိုင်းကျ ဖွင့်ဟနေကြတယ်။ အခုလို ပြောရဲ ဆိုရဲဖြစ်တာကို ကြိုဆိုပါတယ်။ နှစ်ပေါင်းများစွာက မရခဲ့တဲ့ အခွင့်အရေးမို့ နားလည်ရမှာဖြစ်တယ်။

ဒါပေမယ့် အခွင့်အရေးနဲ့အတူ တာဝန်ရှိတယ်ဆိုတာလည်း မမေ့သင့်ဘူး။ (Rights) ရပိုင်ခွင့်နဲ့ (Responsibility) တာဝန်ယူမှုဟာ ခွဲခြားလို့မရပါဘူး။ တာဝန်မသိဘဲ ရပိုင်ခွင့်ကိုသာ တောင်းခံနေလို့ မရပါဘူး။ တာဝန်ရှိတဲ့သူတွေ တာဝန်သိဖို့ အထူးလိုအပ်တယ်။ ဒါမှလည်း အားလုံး လိုချင် တမ်းတတဲ့ လူ့အခွင့်အရေးတွေကို ခံစားရမှာ ဖြစ်ပါတယ်။ ။

---

## ပထမအကြိမ် စာအုပ်ဈေးရောင်းပွဲတော် လှည်းကူးမြို့နယ်၌ ကျင်းပမည်

**လှည်းကူး ဇူလိုင် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေချစ်မြတ်နိုးသူများ ပူးပေါင်းကျင်းပသော စာပေပြန့်ပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၁၅ ရက်မှ ၁၉ ရက်(အာဇာနည်နေ့) အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ လှည်းကူးမြို့နယ် ဗိုလ်ချုပ်ရာပြည့်ပန်းခြံ၊ လှည်းကူးဈေးရှေ့၌ သုတ၊ ရသ၊ ပုံပြင်၊ ဘာသာရေးစာအုပ်အသစ်၊ အဟောင်းများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

**ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**



သံကူကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

## မြိတ်မြို့တွင် ပေ ၈၀ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားတည်ဆောက်

**ရန်ကုန် ဇူလိုင် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မင်္ဂလာလမ်းပေါ်၌ အရှည်ပေ ၈၀ ရှိ သံကူကွန်ကရစ်နှစ်လမ်းသွား တံတား တစ်စင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ တာဝန်ပေး ချက်အရ တံတားအထူးအဖွဲ့(၉) က တာဝန်ယူတည်ဆောက် လျက်ရှိသည်။

အဆိုပါတံတားသည် ပေ ၄၀ နှစ်ခန်းနှင့် အရှည် ပေ ၈၀ ၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်း ပေ ၂၀ နှစ်လမ်းသွား၊ တံတားအောက် ရေလမ်းကင်းလွတ် အကျယ် ပေ ၄၀၊ အမြင့် ၃ ဒသမ ၂၈ ပေ တံတားတည်ဆောက်ပုံမှာ 1.0 m Ø ဘိုးပိုင် အုတ်မြစ်၊ တံတားကိုယ်ထည် အာစီ ထိပ်အရပ်၊ တံတား အပေါ် ထည် ပေ ၄၀၊ အာစီ ရက်မ နှစ်ခန်း၊ အာစီကြမ်းခင်း၊ အာစီလက်ရန်း၊ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ ငွေကျပ် သန်း ၂၈၀ ဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

# မြန်မာနိုင်ငံ၏အကြီးဆုံး PUBG မိုဘိုင်းဂိမ်းပြိုင်ပွဲ ဖိုင်နယ်ပွဲကို ဇူလိုင် ၂၀ နှင့် ၂၁ ရက်တွင် ကျင်းပမည်




**ရန်ကုန် ဇူလိုင် ၁၄**
မြန်မာနိုင်ငံ၏ အကြီးမားဆုံး PUBG မိုဘိုင်းဂိမ်းပြိုင်ပွဲဖြစ်သော Galaxy Challenge ပြိုင်ပွဲကြီးကို Claw Esports က စီစဉ်၍ မေလအတွင်းက စတင်ကျင်းပခဲ့ပြီးနောက် ဖိုင်နယ်ပွဲကို ဇူလိုင် ၂၀ နှင့် ၂၁ ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ ဖိုင်နယ်ပွဲတွင် ပါဝင်မည့် ကစားသမား ဦးရေ ၁၀၀ အတွက် အင်တာနက်ကွန်ရက်ကို Mytel က မြန်နှုန်းမြင့် 4G ကွန်ရက်ဖြင့် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကြီး၏ အုပ်စုအဆင့် ပြိုင်ပွဲများကို မေလက စတင်ကျင်းပခဲ့ပြီး အသင်းပေါင်း ၅၀၀ က အွန်လိုင်းမှ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြကာ ထိုအသင်း ၅၀၀ ထဲမှ နောက်ဆုံး ကျန်ရှိသည့် အသင်း ၂၀ သာလျှင် Galaxy Challenge Finalists အဖြစ် နောက်ဆုံးဖိုင်နယ်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ကာ ဖိုင်နယ်ပွဲနှစ်ရက်တွင် ထိုအသင်း ၂၀ က ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယခုနှစ်အတွက် ပြိုင်ပွဲတွင် အနိုင် ရရှိသူများကို ပေးအပ်မည့် ဆုကြေးငွေ စုစုပေါင်းမှာ ကျပ်သိန်း ၁၀၀ ဖြစ်ပြီး ထိုပမာဏမှာ မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့ဖူးသည့် PUBG မိုဘိုင်းဂိမ်းပြိုင်ပွဲများတွင် ဆုကြေးအမြင့်မားဆုံးလည်း ဖြစ်ကြောင်း သိရသည်။

Mytel သည် ဖိုင်နယ်ပွဲနေ့နှစ်ရက်အတွက် တရားဝင် ဆက်သွယ်ရေးဆိုင်ရာ ပံ့ပိုးသူအဖြစ် ကူညီဆောင်ရွက်ပေးမည့်အပြင် Galaxy Challenge ပြိုင်ပွဲ စတင်ကျင်းပသည့် မေလအတွင်းမှစ၍ ပြိုင်ပွဲဝင် အသင်းတစ်သင်းလျှင် Mytel ဆင်းကတ် လေးကတ်နှုန်းကိုလည်း Claw Esports က ပေးခဲ့ကြောင်း သိရသည်။

Mytel ၏ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက "Mytel အနေနဲ့ အခုလို မြန်မာနိုင်ငံရဲ့အကြီးမားဆုံး e-sport ပြိုင်ပွဲတစ်ခုဖြစ်တဲ့ Galaxy Challenge ပွဲကြီးကို တရားဝင်ဆက်သွယ်ရေးဆိုင်ရာ ပံ့ပိုးသူအနေနဲ့ ကူညီခွင့်ရလို့ ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ရဲ့မြန်ဆန်တည်ငြိမ်တဲ့အင်တာနက်ကို သုံးပြီး ကစားသမားတွေအနေနဲ့ဘယ်နေရာကပဲဖြစ်ဖြစ် ဒီပြိုင်ပွဲကြီးကို စိတ်အနှောင့်အယှက်ကင်းကင်းနဲ့ ဆင်နွှဲနိုင်မှာ အသေအချာပါပဲ"ဟု ပြောသည်။

Galaxy Challenge ပြိုင်ပွဲကြီးကို Claw Esports မှ စီစဉ်၍ Mytel နှင့် Samsumg Myanmar မှ ကူညီပံ့ပိုးထားကာ နာမည်ကြီး ဂိမ်းကုမ္ပဏီဖြစ်သော Tencent ကလည်း နည်းပညာထောက်ပံ့မှုများ ကူညီပေးထားကြောင်း သိရသည်။

**သူရဖြိုး**

## တယ်လီနောက ဒေတာစုဘူးပက်ကေ့ချ် အသစ်ကို စတင်မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၁၄**
ဂီတဖျော်ဖြေရေးအက်ပလီကေးရှင်းဖြစ်သော Joox နှင့် ဗီဒီယို ဖျော်ဖြေရေး အက်ပလီကေးရှင်းဖြစ်သော VIU တို့၏ Premium အစီအစဉ်များကို ရရှိနိုင်မည့် ဒေတာစုဘူး ပက်ကေ့ချ်အသစ်တစ်ခုကို တယ်လီနောမြန်မာက ဇူလိုင် ပထမပတ်အတွင်းက စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါ ဒေတာစုဘူး ပက်ကေ့ချ်အသစ်သည် ၁၄၉၉ ကျပ် ကျသင့်ပြီး ရက် ၃၀ သက်တမ်းရှိ 1GB အင်တာနက်ဒေတာကို ရရှိမည့်အပြင် Joox VIP ကို ရက် ၃၀ သက်တမ်း အသုံးပြုခွင့်နှင့် VIU Premium ကို ရက် ၃၀ သက်တမ်း အသုံးပြုခွင့်များကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ မိုဘိုင်းနည်းပညာကို လူတွေ ပိုပြီးလက်လှမ်းမီလာကြတာနဲ့အမျှ ဖျော်ဖြေရေးကဏ္ဍအတွက် မိုဘိုင်းဖုန်းက အဓိကနေရာမှာ ပါဝင်လာပါတယ်။ တယ်လီနောသုံးစွဲသူတွေ Streaming လုပ်တဲ့ အက်ပလီကေးရှင်းတွေမှာ ဒေတာသုံးစွဲမှုမြင့်မားလျက်ရှိတာကိုလည်း တွေ့ရပါတယ်။ ဒီ ဒေတာစုဘူးအသစ်မှာလည်း တယ်လီနောရဲ့ မိတ်ဖက်တွေဖြစ်တဲ့ JOOX နဲ့ VIU တို့ရဲ့ အကောင်းမွန်ဆုံး ဂီတနဲ့ ဗီဒီယိုဝန်ဆောင်မှုတွေကို ထည့်သွင်းပေးထားပါတယ်"ဟု တယ်လီနောမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု ဒေတာစုဘူးအသစ်တွင် Premium အစီအစဉ်များကို ရရှိနိုင်ခြင်းကြောင့် Joox တွင် နောက်ဆုံးပေါ် တေးသီချင်းများကို နားဆင်နိုင်ခြင်း၊ သီချင်းများကို Offline နားထောင်နိုင်ခြင်း၊ Hi-Fi အရည်အသွေးရရှိခြင်း၊ သီချင်းများကို အစဉ်လိုက် မဟုတ်ဘဲ ကြိုက်ရာကို ရွေးချယ်နားဆင်နိုင်ခြင်းနှင့် ကြော်ငြာများ မပါဝင်ခြင်း စသည့် အထူးအခွင့်အရေးများကို ရရှိမည်ဖြစ်သလို VIU အသုံးပြုသူများသည်လည်း VIU မှ အခပေး ရုပ်သံအစီအစဉ်များကို ငွေကြေးထပ်မံပေးသွင်းရန်မလိုဘဲ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## ယူကေတွင် ပညာသင်ယူလိုသူများ ပြင်ဆင်ရန်အတွက် အခမဲ့အွန်လိုင်းသင်တန်းကို ဗြိတိသျှကောင်စီ ဖွင့်လှစ်ထား

**ရန်ကုန် ဇူလိုင် ၁၄**
ယူကေနိုင်ငံသို့ သွားရောက် ပညာသင်ယူလိုသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် "Study UK: Prepare to Study and Live in the UK" အမည်ဖြင့် အခမဲ့ အွန်လိုင်းသင်တန်းတစ်ခုကို ဗြိတိသျှကောင်စီက ဖွင့်လှစ်ထားပြီး သင်တန်းကာလမှာ ဇူလိုင် ၂၈ ရက်အထိဖြစ်ကာ တက်ရောက်လိုသူများအနေဖြင့် တက်ရောက်လေ့လာနိုင်သေးကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ယူကေနိုင်ငံ၌ ပညာသင်ကြားရန် လိုအပ်ချက်များ၊ သင်ကြား နည်းများ၊ သင်တန်းပုံစံများနှင့် အကဲဖြတ်စာမေးပွဲများ စသည်တို့ ပါဝင်သည့် ယူကေအဆင့်မြင့်ပညာရေးအကြောင်းကို သင်ကြားမည့်အပြင် အင်္ဂလိပ်ဘာသာစကား လေ့လာခြင်းအတွက် အကြံဉာဏ်များနှင့် ယူကေတွင်နေထိုင်လျှင် သိရှိထားသင့်သည့် လက်တွေ့ကျသော အချက်အလက်များကိုလည်း ဝေမျှပေးမည်ဖြစ်သည်။

သင်တန်းကို www.futurelearn.com^courses^prepare-to-study-uk ဝက်ဘ်ဆိုက်လိပ်စာသို့ ဝင်ရောက်၍ တက်ရောက်သင်ကြားနိုင်ကြောင်း၊ ထိုသင်တန်းကို ဇူလိုင် ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၂၈ ရက်အထိ အွန်လိုင်းမှတစ်ဆင့် တက်ရောက်သင်ကြားရမည်ဖြစ်ကာ သင်တန်းတက်သူသည် မိမိအားလပ်ချိန်တွင် အဆင်ပြေသလို အွန်လိုင်းမှတစ်ဆင့် အခမဲ့ လေ့လာနိုင်သည့်အတွက် ကြားဖြတ်တက်ရောက်မည်ဆိုလျှင်လည်း နောက်မကျသေးကြောင်း၊ သင်တန်းကို အောင်မြင်စွာပြီးမြောက်ပါက ဒစ်ဂျစ်တယ်အောင်လက်မှတ် ရရှိမည်ဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို ဖုန်း ၀၁ ၂၅၀၀၉၉၊ ၂၅၆၂၉၁ နှင့် ၃၇၀၉၃၃ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## မျက်လှည့် မိုဘိုင်းအက်ပလီကေးရှင်း ဝန်ဆောင်မှုကို MPT မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၁၄**
ဆက်သွယ်ရေးအော်ပရေတာ MPT နှင့် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Teleapex Group ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ မျက်လှည့်ပညာကို လေ့လာသင်ယူလိုသူများအတွက် ဝန်ဆောင်မှုများပါဝင်သော မျက်လှည့် အက်ပလီကေးရှင်းကို ဇူလိုင် ၁၀ ရက်က စတင်မိတ်ဆက်ထားကြောင်း သိရသည်။

မျက်လှည့်ပညာကို စိတ်ဝင်စားသည့် MPT သုံးစွဲသူများအနေဖြင့် အဆိုပါ မျက်လှည့်ဝန်ဆောင်မှုကို တစ်ရက်လျှင် ၉၉ ကျပ်ဖြင့် ရယူပြီး အက်ပလီကေးရှင်းမှတစ်ဆင့်ဖြစ်စေ၊ www.myanmagic.com ဝက်ဘ်ဆိုက်မှတစ်ဆင့်ဖြစ်စေ ဝင်




ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ မျက်လှည့် ဝန်ဆောင်မှုတွင် မျက်လှည့် ပြကွက်နှင့် သင်ခန်းစာများ၊ စင်တင်ပြကွက်များ၊ Mr.Top Live Chat နှင့် မျက်လှည့် ပစ္စည်းအရောင်းဆိုင်ဟူသည့် ဝန်ဆောင်မှု လေးမျိုးကို အသုံးပြု ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျက်လှည့်ပြကွက်နှင့် သင်ခန်းစာများတွင် အထွေထွေပြကွက်၊ ဦးထုပ်မျက်လှည့်၊ ဖဲချပ်မျက်လှည့်၊ စိတ်ညှို့မျက်လှည့်၊ အကြွေစေ့မျက်လှည့်၊ အံစာတုံးမျက်လှည့်၊ ကြိုးမျက်လှည့်၊ စက္ကူမျက်လှည့်၊ သားရေကွင်းမျက်လှည့် စသည့် မျက်လှည့်ပညာရပ်များကို သင်ယူလေ့လာနိုင်မည်ဖြစ်ကာ စင်တင်ပြကွက်များတွင် ကျော်ကြားသော မျက်လှည့်ပညာရှင်များ၏ စင်တင်မျက်လှည့် ဗီဒီယိုများကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ Mr. Top Live Chat တွင် မျက်လှည့်ပညာရှင် Mr. Top ၏ ပျော်ရွှင်ဖွယ် မျက်လှည့်ပြကွက်များကို တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး မျက်လှည့်ပစ္စည်းအရောင်းဆိုင်တွင်မူ မျက်လှည့်ပစ္စည်းများနှင့် မျက်လှည့်ပြကွက်များတွင် အသုံးပြုသည့် ပစ္စည်းများကို ဝယ်ယူနိုင်မည်ဖြစ်သည်။

MPT မှ တာဝန်ရှိသူတစ်ဦးက "မျက်လှည့်ဝန်ဆောင်မှုဟာ မျက်လှည့်ဝါသနာပါတဲ့သူတိုင်းကို သူတို့ရဲ့ဗီဇဝါသနာကို ဖော်ထုတ်ပြသခွင့်နဲ့ လေ့လာသင်ယူခွင့်ရအောင် အလွယ်ကူဆုံးနည်းလမ်းနဲ့ ဆောင်ရွက်ပေးထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေထဲက မျက်လှည့်ဝါသနာပါတဲ့ လူငယ်တွေအဖို့ ဒီဝန်ဆောင်မှုဟာ တကယ့်ကို အကျိုးရှိမယ့်၊ ပျော်စရာကောင်းမယ့်၊ ဖျော်ဖြေရေးဝန်ဆောင်မှုတစ်ခု ဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ပြောသည်။

မျက်လှည့်ဝန်ဆောင်မှုကို ရယူလိုသည့် MPT သုံးစွဲသူများအနေဖြင့် ၄၄၃၅ သို့ ON" ဟု စာတို (SMS) ပေးပို့၍ ရယူနိုင်မည်ဖြစ်ပြီး www.myanmagic.com သို့ ဝင်ရောက်၍ဖြစ်စေ၊ MPT ၏ လိုတရဝက်ဘ်ပေါ်တယ်လ်(https://lotaya.mpt.com.mm/event/233)လိပ်စာမှ အက်ပလီကေးရှင်းကို ဒေါင်းလုပ်ဆွဲပြီး အက်ပလီကေးရှင်းမှတစ်ဆင့်ဖြစ်စေ ဝန်ဆောင်မှုကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ဖန်တီးရာ၏ Startup Challenge 2019 ပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် ဇူလိုင် ၁၄**
နည်းပညာလုပ်ငန်းငယ်များထဲမှ အလားအလာရှိသောလုပ်ငန်းများကို ရွေးချယ်ကာ ပိုမိုအောင်မြင်သောလုပ်ငန်းများဖြစ်လာစေရန် ငွေကြေး၊ နည်းပညာနှင့် အကြံဉာဏ်များ ပံ့ပိုးပေးနေသည့် ဖန်တီးရာ၏ Startup Challenge 2019 ပြိုင်ပွဲကို ဇူလိုင် ၇ ရက်က ရန်ကုန်မြို့ရှိ ဖန်တီးရာရုံးခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ Startup Challenge 2019 တွင် နည်းပညာလုပ်ငန်းငယ်ပေါင်း ၆၀ ကျော်က ၎င်းတို့၏ နည်းပညာကိုအခြေခံသော စီးပွားရေးလုပ်ငန်း အကြံဉာဏ်များကို ကဏ္ဍအလိုက် တင်ဆက်ပြသခဲ့ကြသည်။ ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူများသည် ငွေကြေးဆိုင်ရာနည်းပညာ(Tech for Fintech Track)၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာနည်းပညာ(Tech for Farms Track)၊ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာနည်းပညာ(Tech for Cities Track)နှင့် အမျိုးသမီးလုံခြုံမှုဆိုင်ရာနည်းပညာ(Tech for Women Safety Track)ဟု ကဏ္ဍလေးခုအတွက် နည်းပညာဆိုင်ရာ အကြံဉာဏ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

လယ်ယာစိုက်ပျိုးရေးဆိုင်ရာနည်းပညာ ပြိုင်ပွဲတွင် အစားအသောက် ထုတ်လုပ်သူများနှင့် စားသုံးသူများအတွက် ဘေးကင်းလုံခြုံစိတ်ချရစေရန်အတွက် QR code အသုံးပြုကာ စစ်ဆေးသိရှိနိုင်စေမည့် နည်းပညာသစ်ဖြစ်သော YaeYaeSar(ရဲရဲစား) က အနိုင်ရရှိခဲ့သည်။

မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာနည်းပညာ ပြိုင်ပွဲတွင် ကျောင်းသားများနှင့် ကျောင်းဝန်ထမ်းများအတွက် စာရွက်စာတမ်းများကို ဒစ်ဂျစ်တယ်ဒေတာစနစ်သို့ပြောင်းလဲအသုံးပြုနိုင်စေမည့် အလုပ်မြန်ဆန်ပြီး အချိန်ကုန်သက်သာစေသော database platform ဖြစ်သည့် Tech KaTiLa က အနိုင်ရရှိခဲ့သည်။

အမျိုးသမီးလုံခြုံမှုဆိုင်ရာနည်းပညာ ပြိုင်ပွဲတွင် အမျိုးသမီးများအတွက် လူအများကြားထဲတွင် ကာအိန္ဒြေထိခိုက်စော်ကားခံရခြင်းကို ချက်ချင်းတိုင်ကြားနိုင်ပြီး ၎င်းတို့ကြုံတွေ့ရသောပြဿနာများကို တင်ပြဆွေးနွေးကာ လူမှုအဖွဲ့အစည်းများ၏အကူအညီရယူနိုင်စေမည့် all-in-one အက်ပလီကေးရှင်းဖြစ်သော Boolean က အနိုင်ရရှိခဲ့သည်။ ငွေကြေးဆိုင်ရာနည်းပညာ ပြိုင်ပွဲတွင် Winner ဆုကို SaveIT၊ Runner-up ဆုကို Hlumal နှင့် အလားအလာအကောင်းဆုံး စီးပွားရေးလုပ်ငန်းဆုကို Ultra တို့က ရရှိခဲ့သည်။

အဆိုပါ နယ်ပယ်တစ်ခုစီတွင် အနိုင်ရရှိသည့် Winner အသင်းများသည် အမေရိကန်ဒေါ်လာ ၂၅၀၀ စီ၊ Runner Up ဆုရရှိသည့် အသင်းများသည် အမေရိကန်ဒေါ်လာ ၁၅၀၀ စီနှင့် အလားအလာအကောင်းဆုံး စီးပွားရေးလုပ်ငန်းဆု ရရှိသူများသည် အမေရိကန်ဒေါ်လာ ၁၀၀၀ စီ ရရှိခဲ့ကြပြီး အနိုင်ရရှိသည့် အသင်းများသည် အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့် ညီမျှသည့် AWS Credit နှင့် ဖန်တီးရာရုံးခန်း၌ သုံးလတာ ရုံးခန်းနေရာ အခမဲ့အသုံးပြုခွင့်ကိုလည်း ရရှိမည်ဖြစ်ကာ ဖန်တီးရာ၏ Pre-Accelerator Program ဝင်ခွင့်ကိုလည်း ရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ် ကိုးရပ်ကို ရန်ကုန်တိုင်းဒေသကြီး စာသင်ကျောင်းပေါင်း ၆၀ တွင် စတင် အကောင်အထည်ဖော်မည်

**ရန်ကုန် ဇူလိုင် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ် ကိုးရပ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၃၀၀၀ ကျော်ရှိသည့်အနက် ကနဦးစမ်းသပ်မှုအနေဖြင့် ခရိုင်လေးခုမှ ကျောင်းပေါင်း ၆၀ ၌ စတင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ကျောင်းကျန်းမာရေးကဏ္ဍအတွက် စာသင်ကျောင်းများ၌ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာစားသုံးမှုများ ကင်းစင်ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံ သောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျော့ချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများကို လိုက်နာကျင့်သုံးရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေး၊ ဂိမ်း အလွန်အကျွံ စွဲလမ်းမှု ပပျောက်ရေး သို့မဟုတ် Screen time လျှော့ချရေး တို့ကို လမ်းညွှန်မှာကြားထားသည်။

ထိုလမ်းညွှန်မှုအရ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းကျန်းမာရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် စီမံချက်ကို ၂၀၁၈ ဒီဇင်ဘာလမှစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဌာနခွဲက ရေးဆွဲခဲ့ပြီး အဆိုပါ ငါးနှစ်တာ စီမံချက်မှ ရန်ကုန်တိုင်းဒေသကြီးအတွက် အနုစိတ်စီမံချက်ကို ယခုနှစ် ဖေဖော်ဝါရီလက ရေးဆွဲပြီးစီးခဲ့၍ ကျောင်းကျန်းမာရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ထိုစီမံချက်တွင် ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ် ကိုးရပ်ဖြစ်သော ကျန်းမာရေး အသိပညာ မြှင့်တင်ရေး၊ ရောဂါကာကွယ်ရေး၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းရေး၊ အားကစားနှင့် ကာယလုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်း၊ ကျောင်းမှ ပြည်သူလူထုအတွင်းသို့ မူမှန်ဘဝဟန်များရောက်ရှိရေးလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး စသည်တို့ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့လမ်းညွှန်ချက် ခုနစ်ရပ်ကို ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ် ကိုးရပ်နဲ့ ဆောင်ရွက်သွားမှာပါ။ ကျောင်းတွေမှာ ကျန်းမာရေးအဆင့်မြှင့်ကျောင်း အသင်းကို ဖွဲ့မှာပါ။ ဆရာ ဆရာမ နှစ်ဦးနဲ့ ကျောင်းသား ကျောင်းသူ ၁၈ ဦး ပါဝင်မှာပါ။ ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ် ကိုးရပ်ကို ကျန်းမာရေးဌာနနဲ့ ပညာရေးဌာန ပူးပေါင်းဆောင်ရွက်မှာပါ။ ကလေးတွေ ကျန်းမာရေးနဲ့ညီညွတ်တဲ့ လူနေမှုဘဝပုံစံ နေထိုင်နိုင်အောင် လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စန္ဒာက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကျောင်းနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများ စုစုပေါင်း ၃၂၆၂ ကျောင်း၌ ကျောင်းသားကျောင်းသူ ၁၂ သိန်းကျော်ရှိရာ ကနဦးစမ်းသပ်မှုတွင် ခရိုင်လေးခုရှိ မြို့နယ် ၃၃ ခုမှ ကျောင်းပေါင်း ၆၀ ၌ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ဇူလိုင်လကုန်တွင် စတင်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ လုပ်ငန်းကို မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သန်းထိုက်**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ပထမအဆင့်ဖြင့် ခင်ဦးမြို့နယ်မှ ရွာခုနစ်ရွာ၌ ဓာတ်အားစတင်ရရှိ

**ခင်ဦး ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းပထမအဆင့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ကြီးကြပ်၍ Heta Light Engineering ကုမ္ပဏီက ဖေဖော်ဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခု ဇူလိုင် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျေးရွာပေါင်း ခုနစ်ရွာ၌ လျှပ်စစ်ဓာတ်အား စတင်ရရှိခဲ့ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်ထံမှ သိရသည်။

ဇူလိုင် ၁၁ ရက်က မြစ်တော်ကျေးရွာနှင့် နှောကုန်းကျေးရွာတို့၌ လျှပ်စစ်ဓာတ်အား စတင်ရရှိခဲ့ပြီး လမ်းမီးများကို စတင်အသုံးပြုနိုင်ခဲ့သကဲ့သို့ ဇူလိုင် ၁၂ ရက်တွင် ပျဉ်ထောင်ကျေးရွာ၊ ကင်းပြစ်ကျေးရွာ၊ အောင်ချမ်းသာကျေးရွာနှင့် ငှက်ပျောရွာကျေးရွာများသို့လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် ကြိုင်းကျေးရွာသို့လည်းကောင်း လျှပ်စစ်ဓာတ်အား စတင်ရရှိကာ လမ်းမီးများ အသုံးပြုနိုင်ခဲ့သည်။ အဆိုပါ ကျေးရွာများရှိ နေအိမ်များ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန်အတွက် အိမ်သုံးမီတာများကို မြို့နယ်လျှပ်စစ်ဌာနက အမြန်ဆုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ကျေးရွာတစ်ရွာ၌ တည်ဆောက်ထားသည့် ထရန်စဖော်မာတစ်လုံး။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းပထမအဆင့်ဖြင့် တစ်နိုင်ငံလုံးတွင် ဆောင်ရွက်နေသော ကျေးရွာဓာတ်အားရရှိရေးလုပ်ငန်းများအနက် ခင်ဦးမြို့နယ်အတွင်းရှိ အဆိုပါ ကျေးရွာများသည် ပထမဦးဆုံး လျှပ်စစ်မီး စတင်ရရှိသော ကျေးရွာများဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်က ပြောသည်။

ခင်ဦးမြို့နယ်တွင် ကျေးရွာပေါင်း ၃၇ ရွာရှိပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ပထမအဆင့်တွင် အဆိုပါရွာအားလုံး ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိရာ ယခု ဓာတ်အားစတင်ရရှိသော ခုနစ်ရွာအပြင် ကျန်ရှိသော ကျေးရွာ ၃၀ သို့လည်း မကြာမီကာလအတွင်း လျှပ်စစ်ဓာတ်အား စတင် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ဟန်းဆက်များအတွက် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ရှင်းလင်းပွဲ မန္တလေး၌ ကျင်းပ

**မန္တလေး ဇူလိုင် ၁၄**

မိုဘိုင်းဖုန်း ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့အတွက် ဟန်းဆက်နှင့် ငွေရပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာ စတုတ္ထထပ်မှ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက အမှာစကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးမှူး ဦးတင်ထွန်းက ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့အတွက် ဟန်းဆက်နှင့် ငွေရပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့အပြင် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းအရ ဆောင်ရွက်ခွင့်များ၊ ငွေရပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသည့် လုပ်ငန်းစဉ်များ၊ အခွန်အမှတ်တံဆိပ် အမျိုးအစားများ၊ အခွန်အမှတ်တံဆိပ်ထုတ်ယူရန် နည်းလမ်းများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရမည့် ဆောင်ရွက်ချက်များ၊ ကပ်နှိပ်ရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များ၊ အခွန်ပေးသွင်းခြင်းနှင့် အခွန်ခုနှိမ်ပေးသွင်းခြင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည်တို့ကို ရှင်းလင်းပြောကြားသည်။



ဟန်းဆက်ရောင်းချမှုအတွက် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ရှင်းလင်းပွဲ ကျင်းပစဉ်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် မန္တလေးတိုင်းဒေသကြီး မိုဘိုင်းဖုန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်တို့က ကဏ္ဍအလိုက် ဆွေးနွေးပြီး ရှင်းလင်းပွဲ တက်ရောက်သူများက ဟန်းဆက်နှင့် ငွေရပြေစာများ အပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်သည့်လုပ်ငန်းများအနေဖြင့် ဝယ်ယူသူသို့ ထုတ်ပေးသော ပြေစာပေါ်တွင် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားဖြစ်သည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသည့် အစီအစဉ်ကို နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဧပြီ ၁ ရက်က စတင်ကြေညာခဲ့ပြီး ဇွန် ၁ ရက်တွင် စတင်ရန် သတ်မှတ်ခဲ့သော်လည်း လုပ်ငန်းရှင်များ၏ တင်ပြချက်အရ ဇူလိုင် ၁ ရက်မှ စတင်ခဲ့ကြောင်း၊ ဟန်းဆက်ရောင်းချသူများအနေဖြင့် ကျသင့်တန်ဖိုး၏ ၅ ရာခိုင်နှုန်းနှင့် ညီမျှသည့် အခွန်အမှတ်တံဆိပ်ကို ပြေစာများပေါ်တွင် ကပ်နှိပ်၍ ကျသင့်တန်ဖိုးနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်း ကောက်ခံထားရမည်ဖြစ်ကြောင်း သိရသည်။

**အောင်စံမောင်**

## အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြိုင်ပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

**ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား ဟောပြောပွဲများ၊ နံရံကပ်စာစောင်ပြပွဲများနှင့် ကျောင်းသား ကျောင်းသူများအတွက် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

**ဟိုပုံး**

ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ အထက(ခွဲ)ဆိုက်ခေါင်ကျောင်းနှင့် အထက(စမ်းစုတ်)ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့အကြောင်းနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ဦးက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်း၊ တောင်ကြီးမြို့ အမှတ်(၁၈)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ တပ်ကြပ်ကြီး အောင်ကြည်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ၊ ဟိုပုံးမြို့မရဲစခန်းမှ ရဲအုပ်ရဲမြင့်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတို့ကို ဟောပြောပြီး မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်နန်းခမ်းခြူးက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောကာ အာဇာနည်နေ့အကြောင်း စာအုပ်များ၊ နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသခဲ့သည်။

**ထက်ထက်(ဟိုပုံး)**

**ခမောက်ကြီး**

အာဇာနည်နေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကို ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ခမောက်ကြီး အထကကျောင်း၌ ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမာယဉ်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန့်လေးလေးခင်သိန်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ခေါင်းဆောင်များအကြောင်းကို အသိပညာပေး ဟောပြောကာ ကျောင်းသား ကျောင်းသူများကိုလည်း အာဇာနည်နေ့နှင့် ပတ်သက်သည့် အကြောင်းအရာများ ဆွေးနွေးဖတ်ကြားစေခဲ့သည်။ ဟောပြောပွဲအပြီးတွင် အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများ အသိပညာတိုးပွားစေရန် ရည်ရွယ်၍ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာအုပ်သစ်များ မိတ်ဆက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**တီးတိန်**

ချင်းပြည်နယ် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့် အာဇာနည်စိတ်ဓာတ် ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအတွက် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်က မြို့နယ်ပြန်/ဆက်ရုံးရှိ ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲတွင် တီးတိန်မြို့ရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပွင့်ဖြူ**

အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပွင့်ဖြူမြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း စာစီစာကုံးပြိုင်ပွဲများကို ဇူလိုင် ၁၂ ရက်က ပွင့်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့အကြောင်း ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားမည်ဟု သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

**ပိုင်ကျုံ**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ အလက(ခွဲ) ဝင်းကမော့ကျောင်း၌ အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက အမှာစကား ပြောကြားပြီး ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နော်ခူးခူးနှင့် ဆရာမ ဒေါ်မြင့်သန်းအေးတို့က အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရဲရင့်ပြတ်သားသောစိတ်ဓာတ်နှင့် လွတ်လပ်ရေးကြိုးပမ်းခဲ့ပုံများ စသည်တို့ကို ဟောပြောသည်။ ထို့နောက် ပြန်/ဆက် ဦးစီးဌာနက အာဇာနည်ခေါင်းဆောင်ကြီးများ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်က ဓာတ်ပုံများနှင့် ကိုယ်ရေးအကျဉ်း၊ ဗိုလ်ချုပ်၏ မိန့်ခွန်းကောက်နုတ်ချက်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာ မှတ်သားခဲ့ကြသည်။

**Pဖိုး(ပိုင်ကျုံ)**

**မြစ်သား**

မြစ်သားမြို့နယ် သရက်ပင်ကံဆွယ်ကျေးရွာ အမကကျောင်း၌ အာဇာနည်နေ့ အထိမ်းအမှတ်အကြို စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ခိုင်သန္တာလွင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ကြီး ကိုးဦး၏ အတ္ထုပ္ပတ္တိအကြောင်းကို ဟောပြောဆွေးနွေးခဲ့ပြီး အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ ကျော်က စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ

ရခိုင်ပြည်နယ် အစိုးရသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNDP၏ မြို့နယ် ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကို လက်ခံရရှိပြီး ထိုရန်ပုံငွေ တစ်စိတ်တစ်ဒေသကိုအောက်ဖော်ပြပါ မြို့နယ်ရှိ အောက်ပါစီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

**သံတွဲမြို့နယ်**

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် အောက်တွင်ဖော်ပြထားသည့်အချိန်နှင့် နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများ အားလုံးသည် တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ်ဖော်ပြပါရှိသည့် လိုအပ်သော အရည်အချင်းသတ်မှတ်ချက်များ မိမိတို့ ပြည့်မီကိုက်ညီသည်ကို မှန်ကန်ကြောင်း အတည်ပြုရန် တာဝန်ရှိပါသည်။

| | |
|---|---|
| ဝယ်ယူသည့်ဌာန | သံတွဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန |
| တာဝန်ခံအရာရှိ | ဒေါ်ဆွေဆွေဝင်း<br>ဦးစီးအရာရှိ(မြို့ပြ)<br>043-2065055<br>သံတွဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန |
| တည်ဆောက်မှုလုပ်ငန်းဖော်ပြချက် | Lot(1)ငပန်-အထဲကွင်း ကျေးရွာချင်းဆက်လမ်း အရှည် ၀/၇မိုင် အား လိုအပ်သော နေရာများတွင် ၂၀ပေ အကျယ်ရရှိရန် ဖို့မြေ၊ ဖြတ်မြေ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ၁၄ပေ အကျယ် ဖလက်မထု ချောင်းကျောက်စရစ်ခင်းခြင်း ၄င်းလမ်းပေါ်ရှိ (၂၀'x ၁၈'x ၁၀' )အရှည် တံတား တစ်စင်း တည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းပြုလုပ်ခြင်း(၆'x ၂၄'x ၅') Box Culvert ၆ခု တည်ဆောက်ခြင်း။<br>Lot(2)ငမန်းခဲ-ချောင်းဝ ကျေးရွာချင်းဆက်လမ်းအရှည် ၂/၂မိုင် လမ်းပေါ်တွင် အရှည် ၀/၃.၂ မိုင်အား ၃ပေ အမြင့် မြေသားပေါင်တင်ခြင်းနှင့် ၂/၂ မိုင်အား ၁၄ပေ အကျယ်၊ ဖလက်မထု ချောင်းကျောက်စရစ်ခင်းခြင်း၊ ၄င်းလမ်းပေါ်ရှိ(၅'x ၂၄'x ၅' )အတိုင်းအတာရှိသော All RC Box Culvert ၃ခု နှင့် ကျောက်ရိုးစီ Box Culvert ၂ခု ပေါင်း (၅)ခုတည်ဆောက်ခြင်း။<br>Lot(3)ရေစင်-ပွင့်ဖြေ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ(၂၀'x ၁၈'x ၁၀' ) သံကူကွန်က ရစ်တံတား ၁စင်းနှင့် ချဉ်းကပ်လမ်းဆောင်ရွက်ခြင်း၊(၃၀'x ၁၆'x ၁၆'x၆" )သံကူကွန်ကရစ်တံတား ၁စင်းနှင့်ချဉ်းကပ်လမ်းဆောင်ရွက်ခြင်း၊ (၁၀'x ၂၄'x ၁၀' )ကျောက် ရိုးစီ ကွန်ကရစ်တံတား ၂စင်း တည်ဆောက်ခြင်း၊ (၅'x ၂၄'x ၅' )အတိုင်းအတာရှိ Box Culvert ၇ခု တည်ဆောက်ခြင်း<br>Lot(4)ပိန်းတောကြီး-ဂျီအို-စမ်းကြီး ကျေးရွာ ချင်းဆက်လမ်း ၃/၂မိုင်အား ၂၀ ပေအကျယ်ရရှိရန် ဖို့မြေ၊ဖြတ်မြေ လုပ်ငန်းဆောင်ရွက်ခြင်း၊ ၄င်းလမ်းပေါ်ရှိ(၁၀'x ၂၄'x ၁၀' )အရှည်ကျောက်ရိုးစီ တံတား ၂ စင်းနှင့် (၅'x ၂၄'x ၅') Box Culvert ၃ခု တည်ဆောက်ခြင်း |
| တည်ဆောက်မည့်နေရာ | Lot(1)သံတွဲမြို့နယ်၊ ငပန်နှင့် အထဲကွင်း ၊ ကျေးရွာ အကြား<br>Lot(2)သံတွဲမြို့နယ်၊ ငမန်းခဲနှင့် ချောင်းဝကျေးရွာအကြား<br>Lot(3)သံတွဲမြို့နယ်၊ ရေစင်နှင့် ပွင့်ဖြေကျေးရွာအကြား<br>Lot(4)သံတွဲမြို့နယ်၊ ပိန်းတောကြီး၊ ဂျီအို နှင့် စမ်းကြီးကျေးရွာအကြား |
| အရည်အသွေးစံချိန်စံညွှန်းများ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ သတ်မှတ်ထားသည့် ပြည့်မီစံညွှန်းအတိုင်း |
| ဝယ်ယူမှုနည်းလမ်း | အကြီးစား |
| အရည်အချင်းသတ်မှတ်ချက်များ | - ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင်မှတ်ပုံတင်ထားသော ကုမ္ပဏီ ဖြစ်ရမည်။<br>- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိရမည်။<br>- အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများရှိရမည်။<br>- အလားတူကန်ထရိုက် အနည်းဆုံး(၃)ခုကို ဆောင်ရွက်ဖူးရမည်။<br>- ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>- [၂၀၁၈-၂၀၁၉]၏ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>- တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ | ဦးစီးအရာရှိ (မြို့ပြ)ရုံးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သံတွဲမြို့၊ 043-2065055 |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ဝယ်ယူနိုင်မည့်အချိန် | ၁၅-၇-၂၀၁၉မှ ၁၅-၈-၂၀၁၉ အထိ ရုံးချိန်အတွင်း |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | ၅၀၀၀/- |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊သံတွဲမြို့နယ် |
| တင်ဒါတင်သွင်းရမည့်သတ်မှတ်ထားသော နောက်ဆုံးအချိန် | ၁၅-၈-၂၀၁၉ရက် နံနက် ၁၀နာရီ အထိသာ |

**ဒေါ်ဆွေဆွေဝင်း**
**ဦးစီးအရာရှိ(မြို့ပြ)**
**သံတွဲမြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၅-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ(၂၀)တွင် ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် အိအိထူး အစား (အိအိထွန်း)ဒုတိယခရိုင်တရားသူကြီးတောင်ကြီးခရိုင်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကင်းမြို့နယ်၊ အောင်အကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဟိဏ်းထက်စံ၏ ဖခင်အမည်မှန်မှာ ဦးသက်လင်းထွန်း ၁၂/မဘန(နိုင်)၀၁၅၂၃၈ ဖြစ်ပါကြောင်း။

**ဦးသက်လင်းထွန်း**

## အမည်မှန်

ဦးစိုင်းမင်းလတ် ၁၂/တကန (နိုင်) ၁၁၈၃၇၇၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့(အနိုင်းမဲ့) ကိုယ်ပိုင်အထက်တန်းကျောင်း၊တက္ကသိုလ်ဝင်တန်းမှ မောင်ဝဲလင်းထယ်စိုင်း၏အမည်မှန်မှာ စောဝဲလင်းထယ်စိုင်းဖြစ်ပါသည်။

**စောဝဲလင်းထယ်စိုင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဂန့်ဂေါမြို့နယ်၊ တဇန်းရွာနေ မောင်ဝင်းလင်းစိုး ၈/ဂဂန(နိုင်)၁၃၃၄၅၇၏ ဖခင်အမည်မှာ ဦးညွန့်ရွှေ ၅/ကလဝ(နိုင်)၀၂၅၇၂၀နှင့် ဦးမြင့်ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

စာအုပ်စာပေ လူ့မိတ်ဆွေ

## ဖခင် အမည်မှန်

ပင်လည်ဘူးမြို့နယ်၊ အထက(မံစီလေး)၊ ပဉ္စမတန်းမှ မောင်သန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၅/ပလဘ(နိုင်)၀၁၂၀၁၃ ဖြစ်ပါကြောင်း။

## ယာဉ်အမှတ်(9L-7727)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ယာဉ်အမှတ်(9L-7727)အား အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ဇေယျာလင်း ၈/ဆမန(နိုင်) ၀၉၃၃၁စနန်းရှေ့၊ မန္တလေးမြို့နေ ဝယ်ယူစဉ်ကာလကချုပ်ဆိုခဲ့သည့်စာချုပ်အား ချိုးဖောက်ခဲ့သည့်အပြင်၊ ယခုတိုင်လာရောက်ဆက်သွယ်ခြင်းမရှိခဲ့သည့်အလျောက် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းကြေညာပါသည်။ ယခုသတင်းစာတွင်ပါရှိသည့် ရက်မှစ၍ ငါးရက်အတွင်း ချြုးကမ္ဘာအင်တာနေရှင်နယ်ကမ္ပဏီသို့ လာရောက်ဖြေရှင်းခြင်းမရှိပါ ကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်ဇေယျာလင်းသို့ အကြောင်းကြားအပ်ပါသည်။

**ချြုးကမ္ဘာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**

## ယာဉ်အမှတ်(6H-6734)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ယာဉ်အမှတ်(6H-6734)အားအရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမြင့်အောင် ၉/ပကသ(နိုင်) ၀၂၆၅၆၀(၈)ရပ်ကွက်၊ ထုံးဘိုရွာ၊ ပုသိမ်ကြီးမြို့နယ်တွင်နေထိုင်သူသည် ဝယ်ယူစဉ်ကာလကချုပ်ဆိုခဲ့သည့်စာချုပ်အား ချိုးဖောက်ခဲ့သည့်အပြင်၊ ယခုတိုင်လာရောက်ဆက်သွယ်ခြင်းမရှိခဲ့သည့်အလျောက် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းကြေညာပါသည်။ ယခုသတင်းစာတွင်ပါရှိသည့် ရက်မှစ၍ ငါးရက်အတွင်း ချြုးကမ္ဘာအင်တာ နေရှင်နယ်ကမ္ပဏီသို့ လာရောက်ဖြေရှင်းခြင်းမရှိပါ ကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ချြုးကမ္ဘာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**

# ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံး

၁။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဂေါပကအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးများအား မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်း လာရောက်လျှောက်ထားနိုင်သည်-

| | | |
|---|---|---|
| (က) | ပြုပြင်ထိန်းသိမ်းရေးတာဝန်ခံ | (ကျား) တစ်ဦး |
| (ခ) | ကွန်ပျူတာအလှူခံဌာန၊ ကွန်ပျူတာစာရေး | (ကျား/မ) တစ်ဦး |
| (ဂ) | လုံခြုံရေးတပ်သား | (ကျား) ရှစ်ဦး၊ (မ)နှစ်ဦး |
| (ဃ) | သန့်ရှင်းရေး | (ကျား) လေးဦး၊(မ)နှစ်ဦး |
| (င) | ဒုတိယလျှပ်စစ်မှူး | (ကျား) တစ်ဦး |
| (စ) | လျှပ်စစ်လုပ်သား | (ကျား) တစ်ဦး |

၂။ အထက်ဖော်ပြပါရာထူးများလျှောက်ထားသူသည် အောက်ပါအရည်အချင်းများပြည့်စုံရမည်-

**ပြုပြင်ထိန်းသိမ်းရေးတာဝန်ခံရာထူးအတွက်**

| | |
|---|---|
| ပညာအရည်အချင်း | - A.G.T.I(Civil) ဒီပလိုမာ ရရှိသူဖြစ်ရမည်။ |
| လုပ်ငန်းအတွေ့အကြုံ | - တည်ဆောက်ရေးလုပ်ငန်းအတွေ့အကြုံ (၂)နှစ် အထက်ရှိသူဖြစ်ရမည်။ |
| အသက် | - အသက်(၁၈) နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။ |

**ကွန်ပျူတာအလှူခံဌာန၊ ကွန်ပျူတာစာရေးရာထူးအတွက်**

| | |
|---|---|
| ပညာအရည်အချင်း | - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ |
| လုပ်ငန်းအတွေ့အကြုံ | - ကွန်ပျူတာစာစီစာရိုက်အတွေ့အကြုံ (၁)နှစ်အထက်ရှိသူဖြစ်ရမည်။<br>- ကွန်ပျူတာစာစီစာရိုက် သင်တန်းဆင်းလက်မှတ်ရှိရမည်။ |
| အသက် | - အသက်(၁၈)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။ |

**ဒုတိယလျှပ်စစ်မှူးရာထူးအတွက်**

| | |
|---|---|
| ပညာအရည်အချင်း | - လျှပ်စစ်ကျွမ်းကျင် သင်တန်းဆင်းလက်မှတ်ရှိရမည်။ |
| လုပ်ငန်းအတွေ့အကြုံ | - လျှပ်စစ်လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်ရှိသူဖြစ်ရမည်။<br>- လုပ်ငန်းအတွေ့အကြုံရှိသောသူအား ဦးစားပေးမည်။ |
| အသက် | - အသက်(၁၈)နှစ်မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။ |

**လျှပ်စစ်လုပ်သားရာထူးအတွက်**

| | |
|---|---|
| ပညာအရည်အချင်း | - လျှပ်စစ်သင်တန်းဆင်းလက်မှတ်ရှိရမည်။ |
| လုပ်ငန်းအတွေ့အကြုံ | - လျှပ်စစ်လုပ်ငန်းအတွေ့အကြုံ(၁)နှစ်အထက်ရှိသူဖြစ်ရမည်။ |
| အသက် | - အသက်(၁၈)နှစ်မှ (၄၀) နှစ်အတွင်း ဖြစ်ရမည်။ |

**လုံခြုံရေးတပ်သားရာထူးများအတွက်**

| | |
|---|---|
| ပညာအရည်အချင်း | - အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။ |
| အသက် | - အသက် (၁၈)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ |

**သန့်ရှင်းရေးလျှောက်ထားသူများအတွက်**

| | |
|---|---|
| ပညာအရည်အချင်း | - အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရမည်။ |
| အသက် | - အသက်(၁၈)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ |

၃။ အထက်ပါသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း တစ်လအတွင်းရရှိထားသော ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အိမ်ထောင်စုဇယား မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပညာရေးဆိုင်ရာ ဘွဲ့လက်မှတ်မိတ္တူနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၂၂-၇-၂၀၁၉ရက် နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၉-၂၅၀၀၀၃၂၈၀**

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပိုင်ဆိုင်ကြောင်း သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မင်းရဲကျော်စွာ(၄)လမ်း/ခ၊ အမှတ်(၅၂၅/ခ)နေ ဒေါ်ရီရီသန့် ၁၂/ဥကတ(နိုင်)၁၆၂၀၄၅မှ အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်-၂၀၂၇၁/၂၀၁၉ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

"အဝေကာ" Law Firm
စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် - ၂၀၂၇၁/၂၀၁၉

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်- ၂၀၂၇၁/၂၀၁၉**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ **"ဥပဒေဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း"**ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများတွင် ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူအိတ်၊စက္ကူပုံး၊စက္ကူဘူး၊ စက္ကူရွက် စသည်တို့တွင် ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ကာလာအမျိုးမျိုးတို့ကို ပြုလုပ်ပြီး မိမိ၏လုပ်ငန်းအတွက် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အမည်ပါ "အဝေကာ" Law Firm လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပုံတူကူးယူခြင်း၊ ဆင်တူယိုးမှားသံတူကြောင်းကွဲပြုလုပ်သုံးစွဲခြင်း၊ သွယ်ဝိုက်၍ အတုအပဆင်တူယိုးမှား ပြုလုပ်သုံးစွဲထားခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို တွေ့ရှိရပါကမိမိ၏လုပ်ငန်းထိခိုက်မှုတို့အတွက် လျော်ကြေးငွေများ တောင်းဆိုနိုင်ရန်နှင့် ယင်းအတုအပဆင်တူယိုးမှားပြုလုပ်ထားသည့်တံဆိပ်များကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားဥပဒေဘောင်အတွင်းမှ အရေးဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ရီရီသန့် "အဝေကာ" Law Firm**
**LL.B,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၃၄၃/ခ)၊၂၆လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၀-B၊ စခွဲ၄၊ မြေကွက်အမှတ် ၁၀၈/A၏ အစိတ်အပိုင်း၊ ဧရိယာ၁၀ဒသမ၆၃၇ဧက၏ အစိတ်အပိုင်း ၀ဒသမ၀၉၅ဧက၊ မြေကွက်တည်နေရာအမှတ် ၁၀၈/၁၊ ဇမ္ဗူမင်္ဂလာလမ်း၊ စခွဲ၄ ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှစီမံခန့်ခွဲခွင့်ရှိသောမြေ၊ သီရိမင်္ဂလာဂရန်ပေးရေးစီမံချက်အတွင်းမှမြေ)အား နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်၊ ရာပြတ်ဌာနပစ္စည်းခွန်ပြေစာ၊ ရေဖိုးရေခပြေစာ၊ သန်းခေါင်စာရင်း၊ ရပ်ကွက်အတွင်းနေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တင်ပြပြီး ဒေါ်စုခိုင်ထွေး ၁၄/ဝခမ(နိုင်) ၁၄၉၀၀၁မှ နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး အတွက် အောက်ဖော်ပြပါရုံးသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | လေအေးပေးစက်(2HP Split Type) | (၆၀)လုံး |
| (ခ) | ရေခဲသေတ္တာ (2)Door | (၁၅)လုံး |
| (ဂ) | Television (32") | (၁၀)လုံး |
| (ဃ) | Computer i7 & UPS | (၅၀)လုံး |
| (င) | Laser Printer A4 | (၅၀)လုံး |
| (စ) | မိတ္တူကူးစက် A3 | (၂၅)လုံး |
| (ဆ) | Fax (Plain Paper Fascimile) | (၅၀)လုံး |

၂။ (က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၇-၂၀၁၉ရက်မှ ၃၁-၇-၂၀၁၉ ရက်(ရုံးချိန်အတွင်း)

(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် - ၁-၈-၂၀၁၉ရက် မွန်းတည့်၁၂နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် - ၂-၈-၂၀၁၉ရက် နံနက် ၁၀နာရီ

(ဃ) အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူ/ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - Cluster(3),Building(7)၊ အားကစားလေ့ကျင့် ရေးစန်း၊ ဘတ်ဂျက်နှင့်ထောက်ပံ့ ရေးဌာနခွဲ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး (နေပြည်တော်)

၃။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအ ဖွဲ့ရုံး၊ (နေပြည်တော်)၊ ဒုတိယညွှန်ကြားရေးမှူး၊ ထောက်ပံ့ဌာနခွဲ-ဖုန်း၀၆၇-၈၁၀၃၄၁၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံ၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမြတ်စုစန္ဒီ၏ ဖခင်အမည်မှန်မှာ TWAN KYEN NYUN နိုင်ငံသားစိစစ်ရေးကတ် အမှတ် ၁/ဗမန(ပြု)၀၀၀၂၄၇ဖြစ်ပါကြောင်း။

**TWAN KYEN NYUN**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၄-၂၀၁၉ရက်ပါ ဤသတင်းစာ၏ စာမျက်နှာ (၂၇)ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် ၂၀၁၇ခုနှစ် မေလ ၁၄ရက်အစား ၂၀၁၉ခုနှစ် မေလ ၁၄ရက်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ကန်ထရိုက်တာ ဦးဝင်းဇော်မိုး ၁၂/ဥကမ(နိုင်)၀၂၀၃၆၃နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ ၁၀လမ်း၊ အမှတ် ၄၁၁နေ မြေပိုင်ရှင် ဒေါ်ခင်စန်းမြင့် AC-၀၂၆၆၁၉၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းမြင့် အမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ ၁၀လမ်း၊ အမှတ် ၄၁၁၊ မြေပေအကျယ် (၄၀ x ၆၀)ပေ မြေပေါ်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် နှစ်ခန်းတွဲ (၆)ထပ်တိုက်ဆောက်လုပ် ရန် ၂၇-၁-၂၀၁၅ရက်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့စာချုပ်ချုပ်ဆိုခဲ့ပြီး ၃၀-၇-၂၀၁၆ရက် တွင် စာချုပ်ပါစာပိုဒ်ပြင်ဆင်ခြင်းနှင့် အလိုက်ငွေပေးချေခြင်းနှစ်ဦးသဘောတူ ကတိစာချုပ်ကို ထပ်မံချုပ်ဆိုခဲ့ကြပါသည်။ ၁၅-၉-၂၀၁၇ရက်တွင် ဆောက်လုပ်ခွင့် ပါမစ်ရရှိခဲ့သော်လည်း ယနေ့ ကာလ(၁)နှစ်နှင့်(၉)လကျော်ကြာမြင့်သည့်အချိန်အထိ ကန်ထရိုက်တာသည် ငါးလွှာ ဆလပ် ကိုသာလောင်း၍ ကျန်တိုက်ဆောက်လုပ်ခြင်း လုပ်ငန်းများပြီးစီးအောင် လုပ်ဆောင်ခြင်းမရှိသည့် အတွက် ကန်ထရိုက်တာထံ အကြောင်းကြားစာများ(၂)ကြိမ် တိုင်တိုင်ပေးပို့ခဲ့သော်လည်း ကန်ထရိုက်တာသည် မြေပိုင်ရှင်နှင့်လာရောက်တွေ့ဆုံညှိနှိုင်းခြင်းလည်းမရှိသလို အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခဲ့ခြင်းလည်းမရှိပါ။ ထို့ကြောင့် ၂၇-၇-၂၀၁၉ရက် နောက်ဆုံးထား၍ မြေပိုင်ရှင်ထံ လာရောက်ဆက်သွယ်ရန် အကြောင်းကြားအပ်ပါသည်။

အထက်ပါနောက်ဆုံးရက်တွင် ဦးဝင်းဇော်မိုးသည် မြေပိုင်ရှင်ထံ လာရောက်မဆက်သွယ်ပါက မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုထားသော ၂၇-၁-၂၀၁၅ ရက်စွဲပါ နှစ်ဦးသဘောတူ ပဋိညာဉ်၏ စာမျက်နှာ(၃)အပိုဒ်(၁၈)တွင် ဆောက်လုပ်ခွင့် ပါမစ်တင်ဆဲကာလ၌ သော်လည်းကောင်း၊ ဆောက်လုပ်ဆဲကာလ၌သော်လည်းကောင်း၊ စာပိုဒ်ခွဲ(၁၇)နှင့် မသက်ဆိုင်ဘဲ ကန်ထရိုက်တာဘက်မှနေ၍ဆောက်လုပ် မှုလုပ်ငန်းအပြီးရပ်ဆိုင်းခဲ့ပါက ကန်ထရိုက်တာဘက်မှ ပေးချေထားသည့်ငွေကြေးများ၊ အထွေထွေကုန်ကျစရိတ်များ အားလုံးကို အဆုံးခံ၍ အဆောက်အအုံနှင့်သော်လည်းကောင်း၊ မြေပိုင်ဆိုင် မှုနှင့်သော်လည်းကောင်း ပတ်သက်မှု မပြုလုပ်ရန်နှင့် လက်ရှိလုပ်ငန်းပြီးစီးမှုမြေကွက်နေရာ အလုံးစုံတို့အား မြေပိုင်ရှင်မှ ပြန်လည် သိမ်းယူခွင့်ရှိကြောင်း နှစ်ဦးနှစ်ဖက်သဘောတူညီကြပါသည်ဟုဖော်ပြပါရှိပါသည်။ အထက်ပါ သတ်မှတ်ရက်တွင် လူကြီးမင်းသည် မြေပိုင်ရှင်ထံလာရောက်မ တွေ့ဆုံပါက လုပ်ငန်းဆက်လက် လုပ်ကိုင်ရန် ကာလကြာရှည်စွာ ပျက်ကွက်လျက်ရှိနေပြီး ပဋိညာဉ်တွင် ဖော်ပြထားသော အချက်များကို လူကြီးမင်းဘက်မှ စတင်ဖောက်ဖျက်သဖြင့် မြေပြင်တွင်ရှိနေသော ဆောက်လက်စအဆောက်အအုံအား မြေပိုင်ရှင်မှ ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မူလ LC ကန်ထရိုက်တာနှင့်အတူ မြေရှင်အသိအမှတ်ပြု လက်မှတ်ရေးထိုးပေးထားသော တိုက်ခန်းဝယ်ယူထားသူများက နှစ်ခန်းတွဲ(၆)ထပ် တိုက်အား ပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်သောကြောင့် လူကြီးမင်းနှင့်ချုပ်ဆိုထား သောမူလစာချုပ်(၂၇-၁-၂၀၁၅)ရက်စွဲပါ စာချုပ်နှင့် ထပ်မံချုပ်ဆိုသော (၃၀-၇-၂၀၁၆)ရက်စွဲပါ စာချုပ်များသည် ပျက်ပြယ်သွားပြီဟု မြေပိုင်ရှင်မှ သတ်မှတ်မည်ဖြစ်ပြီး နှစ်ခန်းတွဲ(၆)ထပ်တိုက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များသည် ကန်ထရိုက်တာ ဦးဝင်းဇော်မိုးနှင့် လုံးဝပတ်သက်မှုမရှိတော့ပါသဖြင့် မြေပိုင်ရှင်ဒေါ်ခင်စန်းမြင့် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မူရင်းအား မြေပိုင်ရှင်ထံ ၂၈-၇-၂၀၁၉ ရက်နေ့လာရောက်ပေးအပ်ရန်နှင့် လာရောက်ပေးအပ်ခြင်းမရှိဘဲ အဆိုပါဂရန်မူရင်းကို ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲထားခြင်းများရှိပါက မြေပိုင်ရှင်မှ ထိုသူများအားလုံးကို သက်ဆိုင်ရာ တည်ဆဲ တရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်းနှင့် မြေပိုင်ရှင်မှ မူလကန်ထရိုက်တာတို့နှင့် ပူးပေါင်း၍ တိုက်ဆက်လက်ဆောက်လုပ်ခြင်းအား တစ်ဦးတစ်ယောက်မှ နှောင့်ယှက်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်ရီရီသန့်(စဉ်-၉၉၃၉)** |
| **ဒေါ်ခင်စန်းမြင့်(မြေပိုင်ရှင်)** | **LL.B,D.B.L,D.I.L,D.M.L** |
| **AC-၀၂၆၆၁၉** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ၄လမ်း၊(၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၄၃၀၆၆၁၆၄၊**
**၀၉-၇၉၆၆၀၀၂၁၇**

# GRAND HANTHA INTERNATIONAL HOSPITAL

## မျက်စိအထူးကုစင်တာ (EYE Center)

- မျက်စိရောဂါအမျိုးမျိုးနှင့် ပတ်သက်၍ တိုင်ပင်ကုသခြင်း (Comprehensive Eye Clinic)
- မျက်စိကျန်းမာရေး စစ်ဆေးခြင်း အမျိုးမျိုး (Eye Screening Packages)
- မျက်စိအနောက်ပိုင်းရောဂါ အမျိုးမျိုး စစ်ဆေးကုသခြင်း (Posterior Segment Clinic)
- ရေတိမ်ရောဂါအမျိုးမျိုး စစ်ဆေးကုသခြင်း (Glaucoma Clinic)
- မျက်စိစွေစောင်းခြင်း နှင့် ကလေး မျက်ကြောသေ ရှိ၊ မရှိ စစ်ဆေးခြင်း (Squint & Lazy Eye Clinic)
- မျက်စိအတွင်းပိုင်းရောင် ရောဂါအမျိုးမျိုး ကုသခြင်း (Uveitis Clinic)
- ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ မျက်စိရောဂါအမျိုးမျိုး ကုသခြင်း (Neuro-ophthalmology Clinic)
- အတွင်းတိမ် ခွဲစိတ်ခြင်း (Cataract Surgery)
- မျက်စိပါဝါ စမ်းသပ်စစ်ဆေးခြင်းနှင့် မျက်မှန်အရောင်းပြခန်း (Refraction Clinic & Optical Shop)

(၂၀) ရက်၊ ဇူလိုင်လ၊ ၂၀၁၉ မှစ၍ ***Booking*** လက်ခံသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သွားနှင့် ခံတွင်း အထူးကုစင်တာ (Dental Center)

- သွားအသေ စိုက်ခြင်း (Fixed Prosthesis)
- သွားအပေါ်ယံ ကြွေလွှာ ကပ်ခြင်း (Indirect and Direct Veneering)
- သွားအရှင် စိုက်ခြင်း (Removable Prosthesis)
- သွားညှိကုသမှု (Orthodontics Treatment)
- သွားမြစ်တု စိုက်ခြင်း (Implant Treatment)
- သွားအကြောထုတ် ကုသခြင်း (Root Canal Treatment)
- သွားဖာခြင်း (Direct Filling and Indirect Filling)
- သွားနှင့် ခံတွင်း သန့်ရှင်းရေး (Oral Hygiene Care)
- သွား၊ မေးရိုးနှင့် မျက်နှာခွဲစိတ်ကုခြင်း (Maxillofacial Surgery)
- သွားဖုံးရောဂါ ကုသခြင်း (Periodontal Treatment)
- သွားများ ဖြူဖွေး လှပစေခြင်း (Whitening Treatment)

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**Tel : 01 231 7617, 01 523 000, 01 523 111 Email : info@grandhantha.com**

**Facebook : www.facebook.com/grandhantha Website : www.grandhantha.com**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ကချင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ပူတာအိုမြို့နယ်တွင် ဗီးအွန်ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၇၄-၂၅၂၂၃၄၂၊ ၂၅၂၆၆၇၆၊ ၀၉-၆၉၅၉၃၀၅၂၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၉ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၇-၂၀၁၉ ရက်၊ ညနေ ၄း၀၀နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်လျက်ရှိသည့် မြေအောက်ထပ်+RC (၈)ထပ် အဆောက်အအုံအတွက် ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၁။ မှန်လုပ်ငန်း (Exterior Wall)

၂။ Finishing (Flooring, Exterior & Interior Finishing) လုပ်ငန်း

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၉ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၅-၇-၂၀၁၉ ရက်
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(ဃ) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)

၂။ တင်ဒါလျှောက်လွှာတင်သွင်းလိုသူများသည် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း-၀၂-၆၀၂၅၂၊ လိုင်းခွဲ-၀၂-၃၆၁၇၁ (လိုင်းခွဲ-၁၆၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | စက်လှေကား | ၆ စင်း |
| (ခ) | ဘိလပ်မြေ(ပြည်တွင်း) | ၅၀၀၀၀၀ အိတ် |
| (ဂ) | မြစ်သဲကြမ်း | ၆၉၂၀ ကျင်း |
| (ဃ) | လမ်းခင်းကျောက် | ၁၀၉၀၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၇-၂၀၁၉ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၉ ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## စီးတီးတက္ကစီမှတ်ပုံတင်ပြုလုပ်ရန်ကျန်ရှိသော တက္ကစီယာဉ်များနှင့် စီးတီးတက္ကစီမှတ်ပုံတင်သက်တမ်းတိုးရမည့်ယာဉ်များ မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် အသိပေးအကြောင်းကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်အဖြစ်မှတ်ပုံတင်ထားသော တက္ကစီယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရန်၊ တက္ကစီယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ကြီးကြပ်ဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ တက္ကစီယာဉ်များကို ငှားရမ်းအသုံးပြုရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်များနှင့် ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)တွင် စီးတီးတက္ကစီယာဉ်များအဖြစ် မှတ်ပုံတင်ခြင်း၊ စီးတီးတက္ကစီမှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ YRTA မှ စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံချက်ဖြင့်ဆောင်ရွက်ခဲ့သော ၁၄-၁၁-၂၀၁၇ ရက်မှ ၃၁-၁-၂၀၁၈ ရက်အထိ ကာလအတွင်း သတင်းပို့ထားသည့် ယာဉ်များအား ၆-၄-၂၀၁၈ ရက်အထိ စီးတီးတက္ကစီမှတ်ပုံတင်ပြုလုပ်ပေးခဲ့စဉ်တွင် တက္ကစီယာဉ်ပိုင်ရှင်များမှ စနစ်တကျလာရောက်သတင်းပို့လျက်ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ သို့ရာတွင် စီးတီးတက္ကစီမှတ်ပုံတင်ပြုလုပ်ရန်နှင့် မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ရန် အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ခဲ့သော တက္ကစီယာဉ်အသစ်များနှင့် စီးတီးတက္ကစီယာဉ်အချို့ကျန်ရှိနေကြောင်းစိစစ်တွေ့ရှိရပါသည်။ အဆိုပါယာဉ်ပိုင်ရှင်အချို့မှလည်း မှတ်ပုံတင်ခွင့်နှင့် သက်တမ်းတိုးခွင့် ဆောင်ရွက်ပေးပါရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဤရုံးသို့လျှောက်ထားမှုများ ပြုလုပ်ခဲ့ကြပါသည်။

၃။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ အထက်ဖော်ပြပါစီးတီးတက္ကစီ မှတ်ပုံတင်အသစ်ပြုလုပ်ရန် ကျန်ရှိသော တက္ကစီယာဉ်များကိုလည်းကောင်း၊ စီးတီးတက္ကစီမှတ်ပုံတင်သက်တမ်းတိုးပြုလုပ်ရမည့် ယာဉ်များကိုလည်းကောင်း၊ စီးတီးတက္ကစီယာဉ်အဖြစ် မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း လုပ်ငန်းများကို ပြုလုပ်ပေးသွားမည်ဖြစ်သဖြင့် ၃၀-၉-၂၀၁၉ ရက် နောက်ဆုံးထား၍ YRTA ရုံးချုပ်၊ အမှတ် ၆၅၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ် (ကျိုက္ကဆံစူပါဝမ်းအနီး)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက စစ်ဆေးအရေးယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့**

## မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေ အစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ

ရခိုင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNDP ၏ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကို လက်ခံရရှိပြီး ထိုရန်ပုံငွေတစ်စိတ်တစ်ဒေသကို အောက်ဖော်ပြပါမြို့နယ်ရှိ အောက်ပါစီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

### ရမ်းဗြဲမြို့နယ်

စိတ်ပါဝင်စားသည့်ကုမ္ပဏီများသည် အောက်တွင်ဖော်ပြထားသည့်အချိန်နှင့်နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများအားလုံးသည် တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ်ဖော်ပြပါရှိသည့် လိုအပ်သော အရည်အချင်းသတ်မှတ်ချက်များ မိမိတို့ပြည့်မီကိုက်ညီသည်ကို မှန်ကန်ကြောင်း အတည်ပြုရန် တာဝန်ရှိပါသည်။

| | |
|---|---|
| ဝယ်ယူသည့်ဌာန | ၁။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရမ်းဗြဲမြို့နယ်။<br>၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရမ်းဗြဲမြို့နယ်။ |
| တာဝန်ခံအရာရှိ | ၁။ ဦးကောင်းမြတ်၊ ဦးစီးအရာရှိ(မြို့ပြ) ဖုန်း-၀၉-၇၉၄၅၂၈၄၇၉<br>၂။ ဦးအောင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဖုန်း-၀၉-၂၅၀၃၂၉၅၇၇ |
| တည်ဆောက်မှု လုပ်ငန်းဖော်ပြချက် | Lot(1) ကိုင်းသီးပြင်-ကန်တော့ပြင်ကျေးရွာချင်းဆက်လမ်း မြေသားလမ်း (၀/၇×၁၈'×၂')၊ ကျောက်ချောလမ်း (၀/၇×၁၂'×၆") ကွန်ကရစ်တံတား(၁)စင်း ၁(၃၀'×၁၈') (အကြီးစားလုပ်ငန်း)<br>Lot (2) ဇရပ်ပြင်-ကျောက်ဦးမော်ကျေးရွာချင်းဆက်လမ်း မြေသားလမ်း (၃/၁.၅×၁၈'×၂')၊ ကွန်ကရစ်တံတား (၂)စင်း ၂(၈'×၁၈') Box Culvert (၆)စင်း ၆(၅'×၁၈') (အကြီးစားလုပ်ငန်း)<br>Lot(3) လမူးခြေ-သင်္ဂနက်ကျေးရွာချင်းဆက်လမ်းမှ ဟုံးဝဆိပ်ခံတံတားဆင်းလမ်း မြေသားလမ်း (၀/၂.၂၇×၁၀'×၇')၊ ကျောက်ချောလမ်း (၀/၅×၁၂'×၆") (အလတ်စားလုပ်ငန်း)<br>Lot(4) ပိန္နဲချောင်းကျေးရွာ မြေသားရေကန်တူးဖော်ခြင်း (၂၀၀'×၂၀၀'×၁၀') Chain Link ကာရံခြင်း (၁၀၀၀'×၅')နှင့် င/သမုတ်ကျေးရွာမြေသားရေကန်တူးဖော်ခြင်း (၁၅၀'×၁၅၀'×၁၀') Chain Link ကာရံခြင်း (၈၀၀'×၅') (အလတ်စားလုပ်ငန်း) |
| တည်ဆောက်မည့်နေရာ | Lot(1) ကိုင်းသီးပြင်-ကန်တော့ပြင်ကျေးရွာချင်းဆက်လမ်း၊ လက်ပန်ပြင်အုပ်စု<br>Lot(2) ဇရပ်ပြင်-ကျောက်ဦးမော်ကျေးရွာချင်းဆက်လမ်း၊ ဇရပ်ပြင်အုပ်စု<br>Lot(3) လမူးခြေ-သင်္ဂနက်ကျေးရွာချင်းဆက်လမ်းမှ ဟုံးဝဆိပ်ခံတံတားဆင်းလမ်း၊ လမူးခြေအုပ်စု<br>Lot(4) ပိန္နဲချောင်းကျေးရွာ၊ င/သမုတ်ကျေးရွာ၊ ငသမုတ်အုပ်စု၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်။ |
| အရည်အသွေး စံချိန်စံညွှန်းများ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ |
| ဝယ်ယူမှုနည်းလမ်း | အကြီးစားလုပ်ငန်း၊ အလတ်စားလုပ်ငန်း |
| အရည်အချင်း သတ်မှတ်ချက်များ | * ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။<br>* အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများရှိရမည်။<br>* အလားတူ ကန်ထရိုက်အနည်းဆုံး(၃)ခုကိုဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>* ၂၀၁၈-၂၀၁၉၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များ။ |
| တင်ဒါစာရွက်စာတမ်းကိုကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရမ်းဗြဲမြို့။ |
| တင်ဒါစာရွက်စာတမ်းကိုကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန် | ၁၅-၇-၂၀၁၉ ရက် မှ ၁၃-၈-၂၀၁၉ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | အကြီးစား ၁၀၀၀၀ကျပ်၊ အလတ်စား ၅၀၀၀ ကျပ် |
